# ခြိမ်းခြောက်မှုအောက်မှလူနည်းစုများ၊ အန္တရာယ်ကျရောက်နေသော မတူကွဲပြားမှုများ

မြန်မာပြည်အရှေ့တောင်ပိုင်းရှိ အမြစ်တွယ်နေသော ခွဲခြားဆက်ဆံမှုပုံသဏ္ဍာန်များ

ကရင်လူ့အခွင့်အရေးအဖွဲ့
၂၀၂၀ ခုနှစ်၊ နိုဝင်ဘာလ

**မြိမ်းခြောက်မှုအောက်မှ လူနည်းစုများ၊ အန္တရာယ်ကျရောက်နေသော မတူကွဲပြားမှုများ**

မြန်မာပြည်အရှေ့တောင်ပိုင်းရှိ အမြစ်တွယ်နေသော ခွဲခြားဆက်ဆံမှုပုံသဏ္ဍာန်များ

ကရင်လူ့အခွင့်အရေးအဖွဲ့မှ ရေးသားထုတ်ဝေသည်။

၂၀၂၀ ခုနှစ်၊ နိုဝင်ဘာလ။ KHRG #2020-02

အရှေ့နှင့် အနောက်မျက်နှာဖုံးပုံ၏ဓာတ်ပုံများအကြောင်းအား ဤအစီရင်ခံစာ၏နောက်ဆုံးစာမျက်နှာတွင် ကျေးဇူးပြု၍ကြည့်ပါ။

ကရင်လူ့အခွင့်အရေးအဖွဲ့အား ၁၉၉၂ ခုနှစ်တွင်စတင်တည်ထောင်ပြီး မြန်မာပြည်အရှေ့တောင်ပိုင်းကျေးလက်ဒေသများရှိ ရွာသားများနှင့် ဒေသခံလူထုများ၏အခြေအနေများအား ၎င်းတို့နှင့်တိုက်ရိုက်တွေ့ဆုံမေးမြန်းခြင်းများ၊ ဓာတ်ပုံနှင့် အခြားအထောက်အထားများအားဖြင့် မှတ်တမ်းတင်မှုများပြုလုပ်ပါသည်။ ကရင်လူ့အခွင့်အရေးအဖွဲ့သည် သီးခြားလွတ်လပ်စွာလှုပ်ရှားဆောင်ရွက်သော အဖွဲ့အစည်းဖြစ်ပြီး မည်သည့်နိုင်ငံရေး သို့မဟုတ် အခြားအဖွဲ့အစည်းများနှင့် ပတ်သက်ခြင်းမရှိပါ။ ကျွန်ုပ်တို့၏လုပ်ငန်းများကိုသိရှိလိုပါက အင်တာနက် စာမျက်နှာဖြစ်သည့် www.khrg.org တွင် တွေ့ရှိနိုင်ပါသည်။ သို့မဟုတ် ကျွန်ုပ်တို့၏ထုတ်ဝေပြီးသော အစီရင်ခံစာများကိုရယူလိုပါက အီးမေးလ်လိပ်စာ khrg@khrg.org သို့ ဆက်သွယ် တောင်းယူနိုင်ပါသည်။

ဤအစီရင်ခံစာအား ကရင်လူ့အခွင့်အရေးအဖွဲ့မှ ၂၀၂၀ ခုနှစ်တွင် ထုတ်ဝေပြီးအဖွဲ့၏မူပိုင်ဖြစ်သည်။ ဤအစီရင်ခံစာတွင်ပါရှိသော အကြောင်းအရာများကို မိမိကိုယ်ပိုင်အကျိုးအမြတ်အတွက်မဟုတ်ပဲ အများအကျိုးအတွက် သို့မဟုတ် သတင်းမီဒီယာများတွင် ဖော်ပြလိုခြင်းနှင့် ဆက်စပ်သည့်ရည်ရွယ်ချက်များအတွက် ထပ်မံကူးယူအသုံးပြုခြင်း သို့မဟုတ် ဖြန့်ဝေခြင်းများလုပ်ဆောင်နိုင်ပါသည်။ သို့သော် စီးပွားရေးအကျိုးအမြတ်အတွက်ပြန်လည်အသုံးပြုထုတ်ဝေလိုပါက ကရင်လူ့အခွင့်အရေးအဖွဲ့ထံမှ ဦးစွာခွင့်ပြုချက်ရယူရန်လိုအပ်ပါသည်။ ကရင်လူ့အခွင့်အရေးအဖွဲ့မှ ဤအစီရင်ခံစာအား မူလအင်္ဂလိပ်ဘာသာမှ မြန်မာဘာသာသို့ပြန်ဆိုထားခြင်း ဖြစ်သည်။

**ဤအစီရင်ခံစာသည် ရောင်းရန်မဟုတ်ပါ။**

**ဤအစီရင်ခံစာ စာအုပ်ထုတ်ဝေမှုအား အောက်ပါအဖွဲ့အစည်းမှ ရန်ပုံငွေပံ့ပိုးပေးထားပါသည်။**

UKaid from the British people

HARP-F Humanitarian Assistance and Resilience Programme Facility

**ရှင်းလင်းချက်**

ဤအစီရင်ခံစာတွင်ပါဝင်သော အကြောင်းအရာများသည် ကရင်လူ့အခွင့်အရေးအဖွဲ့နှင့်သက်ဆိုင်ပြီး HARP Facility အဖွဲ့၏ ယူဆချက်အမြင်သက်ရောက်မှုများ လုံးဝမပါရှိကြောင်း ရှင်းလင်းအသိပေးအပ်ပါသည်။

## မာတိကာ

**နိဒါန်း**... ........................................................ ၄
**အစီရင်ခံစာပြုစုပုံနည်းစနစ်** ........................................ ၁၀
**အတိုကောက်အသုံးအနှုန်းများ** ........................................ ၁၁
**မြေပုံ - ကရင်လူ့အခွင့်အရေးအဖွဲ့၏ လှုပ်ရှားရာနယ်မြေ** .................. ၁၂
**အပိုင်း (၁)။ ။နိုင်ငံသားဖြစ်မှု - ဝိသေသလက္ခဏာများ၏ ရှုပ်ထွေးသောအခြေအနေ** .... ၁၃
(က) နိုင်ငံသားဖြစ်ခွင့်ရရှိခြင်း........................................ ၁၄
(ခ) မဟာဗမာလူမျိုးကြီးဝါဒနှင့် တိုင်းရင်းသားလူနည်းစုများဖြစ်လာအောင်
လုပ်ဆောင်ခြင်း ........................................ ၁၇
(ဂ) မွတ်စလင်များ ........................................ ၂၆
**အပိုင်း(၂)။ ။အပစ်အခတ်ရပ်ဆဲရေးကာလတွင် တိုင်းရင်းသားတို့၏ ဝိသေသလက္ခဏာများအား မြှင့်တင်ပေးခြင်း - လုပ်ဆောင်သည့်ပုံစံများနှင့် စိန်ခေါ်မှုများ** ..................... ၃၈
(က) အများပြည်သူရှေ့တွင် တိုင်းရင်းသားဝိသေသလက္ခဏာများအား
ဖော်ပြခြင်း ........................................ ၃၉
(ခ) ဘာသာစကားနှင့် ပညာရေး ........................................ ၄၉
**နိဂုံး**........................................ ၅၉
**အကြံပြုချက်များ** ........................................ ၆၁

# နိဒါန်း

အာရှတွင် မြန်မာနိုင်ငံသည် မတူကွဲပြားသော လူမျိုး၊ ဘာသာ နှင့်ဓလေ့ထုံးတမ်းများ အများဆုံးရှိသော နိုင်ငံတစ်နိုင်ငံအဖြစ် အများမှမှတ်ယူလေ့ရှိသည်။ မြန်မာနိုင်ငံတွင် တိုင်းရင်းသားလူမျိုးစုအဖြစ် ၁၃၅ မျိုးရှိကြောင်း မြန်မာအစိုးရမှ တရားဝင်အသိအမှတ်ပြုထားသည်။ သို့သော်လည်း လက်တွေ့တွင်မူ မြန်မာအစိုးရ၏ မူဝါဒများနှင့် လုပ်ဆောင်ချက်များသည် မြန်မာနိုင်ငံ၏ မတူကွဲပြားမှုများအပေါ် ထင်ဟပ်မနေပေ။ အကြောင်းမှာ မတူကွဲပြားသော တိုင်းရင်းသားလူမျိုးအသီးသီး၏စံတန်ဖိုးများသည် မြန်မာအစိုးရမှ အပြည့်အဝအသိအမှတ်ပြုခြင်းမရှိပေ။ အစိုးရမှ ဗမာတိုင်းရင်းသားမဟုတ်သူများကို စနစ်တကျဖယ်ကျဉ်ထားပြီး ဗမာလူမျိုးကြီးစိုးရေးမူဝါဒကို ကျယ်ကျယ်ပြန့်ပြန့် ကြာရှည်စွာအသုံးပြုခြင်းဖြင့် ၎င်းတို့၏ ယဉ်ကျေးမှု၊ ဘာသာစကား၊ သမိုင်းနှင့် တိုင်းရင်းသားလက္ခဏာရပ်များအား ဖိနှိပ်ချုပ်ချယ်နေပါသည်။ ဤအစီရင်ခံစာသည် မြန်မာပြည်အရှေ့တောင်ပိုင်းတွင်ရှိသော တိုင်းရင်းသားလူနည်းစုများ၏ အတွေ့အကြုံများနှင့် ၎င်းတို့၏နိုင်ငံရေးနှင့်ယဉ်ကျေးမှုအခွင့်အရေးအပေါ် မြန်မာအစိုးရမှ ဆက်လက်ချိုးဖောက်နေမှုများကို ထည့်သွင်းဖော်ပြထားသည်။

မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ် ဗြိတိသျှကိုလိုနီအုပ်ချုပ်မှုလက်အောက်မှ လွတ်လပ်ရေးရပြီးချိန်မှစ၍ လူမျိုးရေးနှင့် ပဋိပက္ခများသည် အပြန်အလှန်ဆက်စပ်မှုရှိသည်။ တိုင်းရင်းသားလူမျိုးစုခေါင်းဆောင်အချို့မှ တစ်ပြည်ထောင်စုစနစ်ကို ကျင့်သုံးရန် လက်မခံကြပေ။ တစ်ချို့ခေါင်းဆောင်များမှာ မိမိနယ်မြေကို ကိုယ်ပိုင်အုပ်ချုပ်ပြီး ဖက်ဒရယ်စနစ်ဖြင့်နေထိုင်ရန် လိုလားကြသည်။ အသစ်ဖွဲ့စည်းထားသော ဗဟိုထိန်းချုပ်မှုစနစ်ကို ကျင့်သုံးသောအစိုးရမှ ထိုတိုင်းရင်းသားလူမျိုးစုများ၏ တောင်းဆိုချက်များကို ဖြည့်ဆည်းပေးနိုင်ခြင်းမရှိသောကြောင့် လွတ်လပ်ရေး သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်များရရှိရန်အတွက် အစိုးရအားစတင်တော်လှန်ရန် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ(EAOs) ပေါ်ပေါက်လာခဲ့သည်။ ဗိုလ်ချုပ်နေဝင်းမှ ၁၉၆၂ ခုနှစ်တွင် စစ်တပ်အာဏာသိမ်းယူပြီးနောက်ပိုင်း ဗမာယဉ်ကျေးမှုနှင့် ဝိသေသလက္ခဏာများကိုအခြေခံ၍ အင်အားကြီးပြီး တစ်စည်းတစ်လုံးဖြစ်သော နိုင်ငံတစ်ခုကို တည်ဆောက်ရန်အတွက် မဟာဗမာလူမျိုးကြီးစိုးရေးစစ်ဆင်ရေးများကို စတင်ခဲ့သည်။ ထိုစစ်အစိုးရသည် တိုင်းရင်းသားတော်လှန်ရေးကို ဆန့်ကျင်ရန်အတွက် အရပ်သားများကိုပစ်မှတ်ထားသည့် စစ်ဆင်ရေးကို ပြင်းထန်စွာလုပ်ဆောင်ခဲ့သည်။ ၎င်းစစ်ဆင်ရေးတွင် ရိက္ခာဖြတ်တောက်ခြင်း၊ ဘဏ္ဍာငွေဖြတ်တောက်ခြင်း၊ သတင်းအဆက်အသွယ်ဖြတ်တောက်ခြင်းနှင့် တပ်သားစုဆောင်းနိုင်မှုအား ဖြတ်တောက်ခြင်းကဲ့သို့သော ဖြတ်လေးဖြတ်ဗျူဟာများ ပါဝင်ပါသည်။ ထိုဖြတ်လေးဖြတ်ဗျူဟာအပါအဝင် ယဉ်ကျေးမှုကိုအခြေခံသော တိုင်းရင်းသားဘာသာစကားများကိုသင်ကြားခြင်းနှင့် မတူညီသောရှုထောင့်မှ သမိုင်းဖြစ်စဉ်များအားဖော်ပြရာတွင် ပိတ်ပင်ခြင်းကို နည်းဗျူဟာသဖွယ်အသုံးပြုခဲ့သည်။ ထိုနည်းဗျူဟာများသည် သတ်ဖြတ်မှုများ၊ ညှင်းပန်းနှိပ်စက်မှုများနှင့် နေရပ်စွန့်ခွာရမှုများကို ကျယ်ကျယ်ပြန့်ပြန့်ဖြစ်စေသည့်အပြင် တိုင်းရင်းသားယဉ်ကျေးမှုနှင့် ဘာသာစကားများအား တိုက်ခိုက်ဖျက်ဆီးခြင်းများနှင့် ဗမာမဟုတ်သူများအပေါ် ယုံကြည်မှုမထားခြင်းနှင့် နိမ့်ချဆက်ဆံခြင်းများကို ဖြစ်ပေါ်စေသည်။ အကြမ်းဖက်မှုနှင့် ဖိနှိပ်ချုပ်ခြယ်မှုအပြင် ယဉ်ကျေးမှုဝါးမြိုခံရခြင်းတို့၏ဆက်စပ်နေမှုများသည် ရွာသားများ၏ရင်ထဲတွင် ခိုင်မာစွာကျန်ရှိနေသေးကြောင်းနှင့် အမှတ်ရနေသေးကြောင်း ကရင်လူ့အခွင့်အရေးအဖွဲ့မှ တွေ့ဆုံမေးမြန်းခဲ့သော မေးမြန်းခန်းများထဲတွင် တွေ့မြင်ကြားသိနိုင်ပါသည်။

တစ်ချိန်တည်းတွင် “တိုင်းရင်းသား” ဟူသောစကားလုံးသည်လည်း နိုင်ငံခြားသားမုန်းတီးရေးနှင့် ဆက်နွယ်၍ ဗမာကိုဗဟိုပြုသော နိုင်ငံရေးအဓိပ္ပါယ်ဆောင်လာခဲ့သည်။ နိုင်ငံအတွင်းရှိ မတူကွဲပြားမှုများကို တန်ဖိုးထားအသိအမှတ်ပြုရမည်ဆိုသော်လည်း အစိုးရအနေဖြင့် မြန်မာနိုင်ငံနှင့် သက်ဆိုင်မှုရှိမရှိ ခွဲခြားရာတွင် “တိုင်းရင်းသား” ဟူသော စကားလုံးကို ပိုမိုအသုံးပြုလာခဲ့သည်။[1] ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေကိုရေးဆွဲရာတွင် တိုင်းရင်းသားဖြစ်ရေးသည် နိုင်ငံသားဖြစ်ခွင့်အတွက် အဓိကအစိတ်အပိုင်းတစ်ခုဖြစ်လာခဲ့သည်။ ထို့နောက်တွင် စစ်အစိုးရနောက်တစ်ဖွဲ့ဖြစ်သော နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ (နဝတ-SLORC)[2] မှ နိုင်ငံသားဖြစ်ခွင့်ရရှိရရန်အတွက် တိုင်းရင်းသားလူမျိုးစုတစ်ခုခုနှင့်ဆက်စပ်၍ သက်သေပြရန်လိုအပ်လာကြောင်း တိုင်းရင်းသားလူမျိုး ၁၃၅ မျိုးပါဝင်သည့် အငြင်းပွားဖွယ်ရာဖြစ်သည့်စာရင်းဖြင့် တင်ပြလာခဲ့သည်။[3] တိုင်းရင်းသားဟူသောစကားလုံးသည် တိုင်းရင်းသားလူမျိုးများနှင့် “ပြည်တွင်းပြည်ပ ဘုံရန်သူကို ညီညီညွတ်ညွတ်တိုက်ဖျက်ရန်” အတွက် နိုင်ငံရေးအသိုင်းအဝိုင်းတစ်ခုတည်းရှိမှုအဖြစ် အဓိပ္ပါယ်သက်ရောက်နေသည်။[4]

ဤဥပဒေသည် မြန်မာပြည်တွင်နေထိုင်ကြသော အခြားလူဦးရေအများအပြားအား သိသာထင်ရှားစွာချန်ထားခဲ့သောကြောင့် မကြာခဏထောက်ပြခြင်းခံရသည်။ ပြင်ဆင်ထားသော လူမျိုးစုစာရင်းသည်လည်း တိကျမှန်ကန်မှုမရှိခြင်း၊ အများပါဝင်မှုမရှိခြင်း၊ အထူးသဖြင့် သိပ္ပံနည်းကျ လေ့လာသုံးသပ်ထားခြင်းမရှိဘဲ ရိုဟင်ဂျာလူမျိုးများအား ချန်ထားခြင်းများကြောင့် ကျယ်ကျယ်ပြန့်ပြန့်ဝေဖန်ခံရသည်။[5] တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို လိုလားသည်ဟုဆိုသော်လည်း လက်တွေ့တွင်မူ မြန်မာအစိုးရမှ တိုင်းရင်းသားလူမျိုးစုများထဲတွင် ဗမာလူမျိုးသည် နိုင်ငံ၏အစစ်မှန်ဆုံးသော တိုင်းရင်းသားလူမျိုးစုအဖြစ် ဗမာကိုဗဟိုပြုသော လူမျိုးရေးကို အခြေခံထားပါသည်။ ဆစ်ဒနီတက္ကသိုလ်မှ မနုဿဗေဒပညာရှင်တစ်ဦးဖြစ်သူ ဂျိန်းဖာဂူဆန်၏လေ့လာသုံးသပ်ချက်အရ အခြားသောတိုင်းရင်းသားလူမျိုးများသည် ဌာနေတိုင်းရင်းသားများအဖြစ် အသိအမှတ်ပြုခံရနိုင်သော်လည်း ဗမာလူမျိုးစုတစ်စုတည်းသာလျှင် ဌာနေတိုင်းရင်းသားလူမျိုး

1 Nick CHEESMAN မှ ၂၀၁၇ ခုနှစ် Journal of Contemporary တွင် “How in Myanmar ‘National Races’ Came to Surpass Citizenship and Exclude Rohingya”, ကို ထုတ်ဝေခဲ့ပြီး၊ Nick CHEESMAN မှ ၂၀၁၇ ခုနှစ်၊ မေလ East Asia Forum တွင်ထုတ်ဝေခဲ့သော “Myanmar’s ‘national races’ trump citizenship” တွင်လည်း ကြည့်ပါ။

2 ဗိုလ်ချုပ်(နောက်ပိုင်းတွင် ဗိုလ်ချုပ်မှူးကြီးဖြစ်ခဲ့သည့်) စောမောင်လက်ထက်တွင် ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်နေ့ စစ်အစိုးရအာဏာသိမ်းပြီးနောက်ပိုင်းတွင် နိုင်ငံတော်ငြိမ်ဝတ်ပိပြားရေးနှင့်တည်ဆောက်ရေးကောင်စီ (နဝတ) ကို မြန်မာဆိုရှယ်လစ်လမ်းစဉ်ပါတီ (မဆလ) နေရာသို့ အစားထိုးပြောင်းလဲခဲ့သည်။ နဝတ ကို ဗိုလ်ချုပ်မှူးကြီးသန်းရွှေမှ ၁၉၉၇ ခုနှစ်တွင် တရားဝင်ဖျက်သိမ်းခဲ့ပြီး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(နအဖ) အဖြစ်သို့ အစားထိုးပြောင်းလဲခဲ့သည်။

3 ဤစာရင်းကို ၁၉၉၀ ခုနှစ်အစောပိုင်းကာလတွင် မြန်မာနိုင်ငံကို ၁၉၈၈ ခုနှစ်မှစ၍ ၁၉၉၇ ခုနှစ်အထိ အုပ်ချုပ်ခဲ့သော နိုင်ငံတော်ငြိမ်ဝတ်ပိပြားရေးနှင့်တည်ဆောက်ရေးကောင်စီ (နဝတ) စစ်အစိုးရမှ စတင်တည်ထောင်ခဲ့သည်။ ၂၀၂၀ ခုနှစ်၊ ဩဂုတ်လတွင် International Crisis Group မှ Asia Report No. 312 တွင် ထုတ်ဝေခဲ့သော “Identity Crisis: Ethnicity and Conflict in Myanmar” တွင် ကြည့်ပါ။

4 Nick CHEESMAN မှ ၂၀၁၇ ခုနှစ်၊ မေလ East Asia Forum တွင် ထုတ်ဝေခဲ့သော “Myanmar’s ‘national races’ trump citizenship” တွင် ကြည့်ပါ။

5 Betil LINTNER မှ ၂၀၁၇ ခုနှစ်၊ ဇွန်လ Asia Times တွင် ထုတ်ဝေခဲ့သော “A question of race in Myanmar” တွင် ကြည့်ပါ။ Sa Wansai မှ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ Burma Link တွင် ထုတ်ဝေခဲ့သော “2014 Population Census: The Problematic of 135 Ethnic Groups Categorization” တွင်လည်း ကြည့်ပါ။

အဖြစ် အစိုးရမှ အသိအမှတ်ပြုထားပုံရသည်။[6] ၁၉၈၉ ခုနှစ်တွင် ဗမာမှမြန်မာသို့အမည်ပြောင်းလဲခြင်းသည်လည်း အခြားသောတိုင်းရင်းသားလူမျိုးစုများ ပါဝင်မှုရှိလာနိုင်ရန်နှင့် ဗမာလူမျိုးနှင့်ဆက်နွယ်နေမှုကိုထုတ်ပစ်ရန်ဟု အကြောင်းပြထားသော်လည်း တိုင်းရင်းသားလူမျိုးစုများ၏တော်လှန်ရေးကိုရပ်တန့်ရန် လည့်ကွက်တစ်ခုသာဖြစ်သည်ဟု ထောက်ပြကြသည်များလည်းရှိသည်။ “ဗမာ” ဟူသောဝေါဟာရစကားရပ်အား “မြန်မာ” ဟု ပြောင်းလဲခေါ်ဝေါ်သုံးစွဲသော်လည်း လက်တွေ့တွင် “ဗမာ” နှင့် “မြန်မာ” အသုံးအနှုန်းအပေါ် အစိုးရ၏အတွေးအခေါ်ပြောင်းလဲခြင်းကို ပြသခြင်းမရှိပါ။[7] ထို့အပြင် နေရာဒေသနှင့်လူမျိုး၏အမည်နာမများကို ပြောင်းလဲခြင်းဖြင့် ဗမာမဟုတ်သည့် တိုင်းရင်းသားများ၏ကြွင်းအင်လက္ခဏာရပ်များကို ဖယ်ထုတ်ရှင်းလင်းရာရောက်ပြီး ဗမာကြီးစိုးရေးအစီအစဉ်များလည်း ပိုမိုကျယ်ပြန့်လာစေသည်။

၂၀၁၀ ခုနှစ်တွင် အရပ်သားအစိုးရတစ်စိတ်တစ်ပိုင်းအဖြစ်သို့ကူးပြောင်းသွားချိန်တွင် အပြောင်းအလဲများဖြစ်ပေါ်ရန် မျှော်လင့်ချက်များယူဆောင်လာခဲ့သည်။ ၂၀၁၅ ခုနှစ်တွင် ရေးဆွဲပြဋ္ဌာန်းထားသော တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့်ဥပဒေသည် “တိုင်းရင်းသား လူမျိုးများ၏အခွင့်အရေးများကို ဥပဒေနှင့်အညီ အပြည့်အဝရရှိခံစားနိုင်ရေး” အပါအဝင် ၎င်းတို့၏ “ဘာသာစကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းနှင့် ကိုးကွယ်သည့်ဘာသာ သာသနာတို့ကို” ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ပြည်ထောင်စုအဆင့်နှင့် ပြည်နယ်နှင့်တိုင်း အဆင့်များတွင် တိုင်းရင်းသားရေးရာဝန်ကြီးဌာနများကို ဖွဲ့စည်းစေခဲ့သည်။[8] အမျိုးသားပညာရေး ဥပဒေတွင်လည်း အစိုးရကျောင်းများတွင် တိုင်းရင်းသားဘာသာစကား၊ ယဉ်ကျေးမှုနှင့်သမိုင်းတို့ကို သင်ကြားခွင့်ပေးထားသည်။ သို့သော် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့်ဥပဒေမှ တရားဝင်တိုင်းရင်းသားစာရင်းထဲတွင် မပါသောလူမျိုးစုများဖြစ်သည့် ရိုဟင်ဂျာနှင့်အခြားသောတရုတ်သို့မဟုတ် အိန္ဒိယနွယ်ဖွားများအတွက် အကျုံးမဝင်ပါ။ ထို့အပြင် ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေသည်လည်း တိုင်းရင်းသားလူမျိုးများကိုအခြေခံထားသောကြောင့် စာရင်းထဲတွင်မပါသောလူမျိုးစုများသည် နိုင်ငံသားဖြစ်ခွင့်မရရှိသည့်အပြင် အခွင့်အရေးများကိုလည်း ဆုံးရှုံးကြရသည်။

အသိအမှတ်ပြုခံရသော တိုင်းရင်းသားလူမျိုးများသည်လည်း နိုင်ငံသားဖြစ်ခွင့်နှင့်ယဉ်ကျေးမှုဆိုင်ရာအခွင့်အရေးများ အပြည့်အစုံရရှိရန်အခက်အခဲများနှင့်ရင်ဆိုင်ကြရသည်။ ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေတွင်ပါရှိသော အပိုဒ် (၃၄၈)မှ “နိုင်ငံတော်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ မည်သည့်နိုင်ငံသားကိုမျှ လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာဘာသာ၊ ရာထူးဌာနန္တရ၊ အဆင့်အတန်း၊ ယဉ်ကျေးမှု၊ အမျိုးသား၊ အမျိုးသမီး၊ ဆင်းရဲချမ်းသာတို့ကိုအကြောင်းပြု၍ ခွဲခြားမှုမရှိစေရ” ဟူ၍လည်းကောင်း အပိုဒ် ၂၂ (က) မှ “နိုင်ငံတော်သည် တိုင်းရင်းသားများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုတို့ကို ဖွံ့ဖြိုးတိုးတက်စေရန် ကူညီဆောင်ရွက်ရမည်” ဟူ၍ ဖော်ပြထားသည်။[9] ၂၀၁၅ ခုနှစ်တိုင်းရင်းသားလူမျိုး

---

6 Jane M. Ferguson မှ Bijdragen tot de Taal-, Land- en Volkenkunde/ Journal of the Humanities and Social Sciences of Southeast Asia 171(1), 2015, p. 10 တွင် ထုတ်ဝေခဲ့သော “Who’s Counting? Ethnicity, Belonging, and the National Census in Burma/Myanmar” တွင် ကြည့်ပါ။

7 အထက်ဖော်ပြပါအောက်ခြေမှတ်စု ၆ စာမျက်နှာ ၁၆ တွင် ကြည့်ပါ။

8 ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်မှ ၂၀၁၅ ခုနှစ်တွင်ထုတ်ဝေခဲ့သော Pyidaungsu Hluttaw Law No. 8/2015 - The Ethnic Rights Protection Law တွင် ကြည့်ပါ။

9 ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်မှ ၂၀၀၈ ခုနှစ်တွင်ထုတ်ဝေခဲ့သော Constitution of the Republic of the Union of Myanmar တွင် ကြည့်ပါ။

များ၏အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့်ဥပဒေသည်လည်း တိုင်းရင်းသားအခွင့်အရေးများကို ကာကွယ်ပေးမှုများ အနည်းငယ်သာရှိသော်လည်း ထိုကဲ့သို့သော ရှိပြီးသားအခွင့်အရေးများကို သေချာစေရန်အတွက် ဥပဒေရေးဆွဲခြင်းသာဖြစ်သည်။ ဤကဲ့သို့သောတိုးတက်မှုများရှိသော်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေသည် နာမည်ပြောင်းထားသောစစ်အစိုးရ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ (နအဖ- ယခင် နဝတ)[10] မှ ၎င်းတို့၏အကျိုးအမြတ်အတွက် ရေးဆွဲထားသော ဥပဒေဖြစ်သည်။ ၎င်းဥပဒေသည် မတရားအကျိုးအခွင့်ရအောင် လိမ်လည်မှုများဖြင့် ရေးဆွဲထားခြင်းဖြစ်ပြီး စစ်အာဏာတည်တံ့ခိုင်မြဲရန်အတွက် အတည်ပြုပြဌာန်းထားခြင်းပင်ဖြစ်သည်။[11] နောက်ပိုင်းတွင် ဒီမိုကရေစီနည်းကျပြုပြင်ပြောင်းလဲမှုပြုရန် တံခါးပွင့်လာသော်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေသည် "လူထုမှစစ်တပ်ကို ဥပဒေအရမည်သည့်နည်းလမ်းနှင့်မျှ ထုတ်ပယ်နိုင်ခြင်းမရှိ" သည့် အခြေအနေရောက်အောင် စစ်တပ်၏အာဏာကို ဖွဲ့စည်းပုံအခြေခံဥပဒေထဲတွင် ထည့်သွင်းထားကြောင်း ဝေဖန်ခြင်းခံရသည်။[12] ဒီမိုကရေစီနှင့်ပြည်သူလူထု၏သဘောဆန္ဒကိုဆန့်ကျင်ပြီး ဗမာလူမျိုးအများစု အာဏာကြီးထွားရေးကို အခြေခံထားသည်ဟုလည်း ဝေဖန်ခြင်းခံရသည်။ မြန်မာ့အရေး လေ့လာသုံးသပ်သူတစ်ဦးဖြစ်သည့် ညီညီကျော်ထောက်ပြသကဲ့သို့ "တိုင်းရင်းသားလူနည်းစုအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေသည် လူအများမှ လူများစုအတွက် ရေးဆွဲထားသောဥပဒေဖြစ်သည်။" [13]

ထို့ကြောင့် အစိုးရမှ ဗမာမဟုတ်သူများကို မြန်မာနိုင်ငံသားအဖြစ် တန်းတူညီမျှမှုမထားရှိခြင်းသည် ဗဟိုချုပ်ကိုင်မှုဖြင့် အစိုးရ၏မူဝါဒများနှင့် လုပ်ဆောင်ချက်များတွင် ဆက်လက်တည်ရှိစေပါသည်။ ထိုမညီမျှမှုနှင့်မမျှတမှုများသည် လူဦးရေပမာဏ၊ နိုင်ငံရေးအရ တရားဝင်ဖြစ်ခြင်းနှင့် ခံစားပိုင်ခွင့်တို့၏ဆက်နွယ်မှုအကြား ပိုမိုကြီးမားလာလျက်ရှိသည်။[14] အခြားသောအုပ်စုများအပေါ် အာဏာလွှမ်းမိုးမှုရှိစေရန် သန်းခေါင်စာရင်းတွင်လည်း အစိုး၏နိုင်ငံရေးလုပ်ငန်းစဉ်တွင် အရေးကြီးသော အခန်းကဏ္ဍအဖြစ်ပါဝင်ပါသည်။ လူဦးရေပမာဏနှင့် ဥပဒေအရ ကိုယ်စားပြုမှုရှိခြင်းအကြား အပြန်အလှန်ဆက်စပ်မှုသည် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပေါ်လွင်ပြီးသားဖြစ်ပါသည်။ အစိုးရမှ သတ်မှတ်ထားသည့် တိုင်းရင်းသားလူမျိုးများမှာ ၁၃၅ မျိုးရှိပြီး ထိုအထဲတွင် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်းတို့ကို အဓိကတိုင်းသားရင်းလူမျိုးစု ရှစ်မျိုးအဖြစ် ထပ်မံပိုင်းခြားသတ်မှတ်ထားပါသည်။[15] ထိုမှတစ်

---

10 နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(နအဖ)ကို ၁၉၉၇ ခုနှစ်တွင် မြန်မာပြည်ကို အုပ်ချုပ်သည့်စစ်အစိုးရမှ ဖွဲ့စည်းခဲ့သည်။ ၁၉၈၈ ခုနှစ်မှစ၍ ၁၉၉၇ ခုနှစ်ထိအုပ်ချုပ်ခဲ့သည့် နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေးနှင့်တည်ဆောက်ရေးကောင်စီ(နဝတ)ကို ၁၉၉၇ ခုနှစ်တွင် ဖျက်သိမ်းခဲ့ပြီးနောက်ပိုင်းတွင် ၎င်း(နအဖ)မှ အာဏာဆက်လက်သိမ်းယူပြီး အုပ်ချုပ်ခဲ့သည်။ ၂၀၁၀ ခုနှစ်၊ နိုဝင်ဘာလတွင်မြန်မာပြည်တွင်အရပ်သားအမည်ခံအစိုးရအဖြစ် ရွေးကောက်တင်မြှောက်ခံရပြီးနောက် နအဖကို ဗိုလ်ချုပ်မှူးကြီးသန်းရွှေမှ ၂၀၁၁ ခုနှစ်၊ မတ်လ ၃၀ ရက်တွင် တရားဝင်ဖျက်သိမ်းခဲ့သည်။

11 လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့ မှ ၂၀၀၈ ခုနှစ်၊ ဧပြီလတွင် ထုတ်ဝေခဲ့သော "Vote to Nowhere: The May 2008 Constitutional Referendum in Burma" တွင် ကြည့်ပါ။ David C. WILLIAMS မှ ၂၀၁၀ ခုနှစ်၊ ဧပြီလ Burma Partnership တွင် ထုတ်ဝေခဲ့သော "Analysis of the 2008 SPDC Constitution for Burma" တွင်လည်း ကြည့်ပါ။

12 ညီညီကျော်မှ The Chinese Journal of Comparative Law, Volume 7, Issue 2, September 2019, pp. 309-332 တွင် ထုတ်ဝေခဲ့သော "Putting Their Guns on the Scale: Constitution-Making in Burma/Myanmar under Military Command" တွင် ကြည့်ပါ။

13 အထက်ဖော်ပြပါ အောက်ခြေမှတ်စု ၁၂ နှင့်တူသည့် စာမျက်နှာတွင် ကြည့်ပါ။

14 Sarah L. CLARKE, Seng Aung Sein Myint, Zabra Yu Siwa မှ Centre for Peace and Conflict Studies, 2019, p. 31 တွင်ထုတ်ဝေခဲ့သော Re-Examining Ethnic Identity in Myanmar တွင်ကြည့်ပါ။

15 ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်မှ ၂၀၀၈ ခုနှစ်တွင်ထုတ်ဝေခဲ့သော Constitution of the Republic of the Union of Myanmar တွင် ကြည့်ပါ။

ဆင့် သင့်လျော်သောလူဦးရေပမာဏရှိသည့် တိုင်းရင်းသားလူမျိုးစုများကိုသာ ဥပဒေအရ ကိုယ်စားပြုမှုရှိသူများအဖြစ် ခွင့်ပြုခဲ့သည်။ အချို့သောတိုင်းရင်းသားလူမျိုးစုများသည် နိုင်ငံရေးအခန်းကဏ္ဍတွင် တရားဥပဒေအရ ကိုယ်စားပြုမှုမှ လုံးဝဖယ်ထုတ်ခြင်းခံထားရချိန်တွင် ကျန်ရှိသည့် တိုင်းရင်းသားလူမျိုးစုများသည် နိုင်ငံရေးအခန်းကဏ္ဍတွင် ဥပဒေအရကိုယ်စားပြုမှု ရရှိနိုင်ရန်အတွက် လူဦးရေပမာဏ ပိုမိုများပြားမှုရှိစေရန် အချင်းချင်းယှဉ်ပြိုင်ကြရသည်။ ထို့အပြင် သန်းခေါင်စာရင်းမှ နိုင်ငံရေးအခန်းကဏ္ဍတွင် ဥပဒေအရ ကိုယ်စားပြုမှုရှိသည့် မတူကွဲပြားသည့်တိုင်းရင်းသားလူမျိုးစုအား သတ်မှတ်ဖော်ပြရာတွင် မေးခွန်းထုတ်စရာ ရှိလာပါသည်။ အကြောင်းမှာ အစိုးရအနေဖြင့် တိုင်းရင်းသားလူမျိုးစုများအတွက် တိုင်းပြည်၏ နိုင်ငံရေးအခန်းကဏ္ဍတွင်ပါဝင်မှုသာမက နိုင်ငံသားဆိုင်ရာအခွင့်အရေးရရှိမှု၊ အကာအကွယ်ရရှိမှုနှင့် သယံဇာတခွဲဝေခံစားမှုတို့အပေါ် ဆုံးဖြတ်ရာတွင် မှန်ကန်မှုမရှိကြောင်း လူအများစုက ယုံကြည်ပါသည်။

ဤအစီရင်ခံစာသည် နိုင်ငံသားဖြစ်မှုနှင့် နိုင်ငံသားအခွင့်အရေးရရှိမှုများကို အတည်ပြုရာတွင် မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ရွာသူရွာသားများကြုံတွေ့ရသော စိန်ခေါ်မှုများကို တင်ပြခြင်းဖြင့် အစိုးရ၏ ဗမာလူမျိုးကြီးမှုဝါဒသည် မည်သို့သက်ရောက်မှုရှိကြောင်း လေ့လာသုံးသပ်ထားပါသည်။ အစီရင်ခံစာ၏ ပထမပိုင်းတွင် နိုင်ငံသားနှင့် နိုင်ငံရေးဆိုင်ရာအခွင့်အရေးများအကြောင်းကို အဓိကဆန်းစစ်မှုပြုလုပ်ထားပါသည်။ အစိုးရမှအသိအမှတ်ပြုထားသည့် တိုင်းရင်းသားလူမျိုးစု တစ်စုနှင့်တစ်စု မည်သို့ပတ်သက်ဆက်နွယ်မှုရှိကြောင်းနှင့် ကျန်တိုင်းရင်းသား လူနည်းစုများစွာသည် မြန်မာနိုင်ငံသား ဖြစ်ခွင့်ရှိသော်လည်း အထောက်အထားမပြနိုင်သည့်အကြောင်းကို မီးမောင်းထိုးဖော်ပြထားပါသည်။ အဘယ်ကြောင့်ဆိုသော် ဤပြဿနာသည် ဗမာမဟုတ်သူများဟု ယူဆရသူအားလုံးအတွက် ကြုံတွေ့ရသည့် အရာတစ်ခုဖြစ်ပါသည်။ ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) လုပ်ရှားရာနယ်မြေအတွင်း မတူကွဲပြားသော တိုင်းရင်းသားလူမျိုးများသည် အဆိုပါအချက်နှင့်စပ်လျဉ်း၍ ၎င်းတို့၏အမြင်များကိုလည်း ဤအခန်းတွင် ဖော်ပြထားပါသည်။ မြန်မာပြည်အရှေ့တောင်ပိုင်းတွင်နေထိုင်သည့် တိုင်းရင်းသားလူမျိုးများမှ လူများစုသည် အခြေခံအားဖြင့် ကရင်တိုင်းရင်းသားလူမျိုးဖြစ်ပါသည်။ သို့သော် ဒေသအတွင်းရှိသည့် မတူကွဲပြားသော တိုင်းရင်းသားလူမျိုးများကိုလည်း လျစ်လျူရှု၍မရပေ။ အကြောင်းမှာ မဟာဗမာလူမျိုးကြီးဝါဒသည် ဒေသအတွင်း တွေ့ရှိရသည့် ရှုပ်ထွေးသောမတူကွဲပြားမှုများအပေါ် သက်ရောက်မှုရှိသောကြောင့်ဖြစ်ပါသည်။ ဤအခန်းတွင် မွတ်စလင်လူနည်းစုတို့၏ အကြောင်းကိုလည်း ဆွေးနွေးသုံးသပ်ထားပါသည်။ ကရင်လူမှုအသိုက်အဝန်းတွင်လည်း မွတ်စလင်လူမျိုးများ နေထိုင်ကြပြီး ၎င်းတို့သည် ကရင်အသိုက်အဝန်းများ၏ တစ်စိတ်တစ်ပိုင်းပင်ဖြစ်သည်။ အချို့သောမွတ်စလင်များ၏ မိဘမျိုးနွယ်သည်လည်း ကရင်လူမျိုး များဖြစ်ကြသည်။ နိုင်ငံအတွင်းရှိ အခြားဒေသမှတွေ့ရသည့် မွတ်စလင်လူနည်းစုများအပေါ် စနစ်တကျခွဲခြားဆက်ဆံခြင်းနှင့် ဘေးသို့ဖယ်ကျဉ်ခံထားရခြင်းပြဿကဲ့သို့ ၎င်းတို့သည်လည်း ထို့နည်းတူ ရင်ဆိုင်ခံစားကြရပါသည်။

အစီရင်ခံစာ၏ဒုတိယအပိုင်းတွင် ယဉ်ကျေးမှုဆိုင်ရာအခွင့်အရေးများအကြောင်းကို အဓိကထား ဆန်းစစ်ထားပါသည်။ ဤအချက်နှင့်စပ်လျဉ်း၍ ဖော်ပြသည့်အခါ ကရင်တိုင်းရင်းသားများ၏ အမြင်များသာ အများစုပါဝင်ပါသည်။ မြန်မာပြည်အရှေ့တောင်ပိုင်းရှိ တိုင်းရင်းသားလူမျိုးများသည် တစ်နိုင်ငံလုံး

ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)[16] လက်မှတ်ရေးထိုးပြီးကတည်းက ၎င်းတို့၏ တိုင်းရင်းသားလက္ခဏာရပ်များကို ကျင်းပဖော်ထုတ်ရန် ပိုမိုအခွင့်အရေးရလာကြပါသည်။ သို့စေကာမူ အချို့သောဖြစ်စဉ်များတွင် တိုင်းရင်းသားလူနည်းစုသည် ၎င်းတို့၏ရိုးရာယဉ်ကျေးမှုဆိုင်ရာများကို ထုတ်ဖော်ကျင်းပသည့်အခါ အစိုးရ၏ဝင်ရောက်စွက်ဖက်မှုနှင့် နှောက်ယှက်မှုများကြောင့် ၎င်းတို့၏ ရိုးရာယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးအား ဗမာတိုင်းရင်းသားများနည်းတူ ခံစားကျင့်သုံးခွင့် မရကြပေ။ ထို့အပြင် တိုင်းရင်းသားလူနည်းစုဖြစ်သည့် ကျောင်းသူကျောင်းသားများအားလုံးသည် ၎င်းတို့၏ ရိုးရာယဉ်ကျေးမှု၊ စာပေ၊ ဘာသာစကားနှင့် သမိုင်းကြောင်းဆိုင်ရာ ဘာသာရပ်များအား မြန်မာအစိုးရကျောင်းတွင် သင်ယူနိုင်ခွင့်နှင့်ပတ်သက်ပြီး မည်မျှလုပ်ဆောင်ရန်လိုအပ်ကြောင်းကိုလည်း သုံးသပ်မှုများ ပြုလုပ်ထားပါသည်။

[16] မြင်သာသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များပါဝင်မှုမရှိသည့် အငြင်းပွားဖွယ်ရာ ဆွေးနွေးတိုင်ပင်ပွဲ ပျက်ဆီးခဲ့ပြီးနောက်ပိုင်း၊ ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့တွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်ကို ယခင်က ဆွေးနွေးပွဲသို့ဖိတ်ကြားခံခဲ့ရသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၅ ဖွဲ့အနက် ၈ ဖွဲ့တွင် ကရင်အမျိုးသားအစည်းအရုံးအပါအဝင် မြန်မာအစိုးရတို့ လက်မှတ်ရေးထိုးခဲ့သည်။ ထို့နောက် ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလတွင် လက်မှတ်ရေးထိုးခဲ့သည့်အဖွဲ့များမှ လိုက်နာကျင့်သုံးရမည့်ကတိကဝတ်ကို စတင်ကျင့်သုံးခဲ့သည်။ ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလတွင် မြန်မာအစိုးရ၏ဖိအားပေးမှုကြောင့် နောက်ထပ်လက်နက်ကိုင်အဖွဲ့နှစ်ဖွဲ့မှ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်တွင် လက်မှတ်ရေးထိုးခဲ့သည်။

# အစီရင်ခံစာပြုစုပုံနည်းစနစ်

ဤအစီရင်ခံစာတွင် နှုတ်သက်သေခံချက်များ အဓိကပါဝင်ပါသည်။ ထိုသက်သေခံချက်များကို ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလနှင့် ၂၀၂၀ ခုနှစ်၊ ဖွန်လတွင် ပြင်လွယ်ပြောင်းလွယ်စေရန်ပုံစံချထားသည့်မေးခွန်းများ၏ အသံသွင်းရရှိမှုအပေါ်အခြေခံကာ ပြုစုထားခြင်းဖြစ်ပါသည်။ ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) မှ သတင်းအချက်အလက်များ ကောက်ယူစုဆောင်းပုံနည်းစနစ်များကို ရွာသားများအား သင်ကြားပို့ချပေးပြီး ထိုရွာသားများဖြင့်ဖွဲ့စည်းထားသော သတင်းရယူသူများကွန်ယက်သည် ဤအစီရင်ခံစာပြုစုရန်အတွက် သတင်းအချက်အလက်များကို ရယူပေးခဲ့ကြပါသည်။ ဤမေးခွန်းများသည် KHRG မှ ပြင်ဆင်ထားသည့်မေးခွန်းများအပေါ် အခြေခံထားခြင်းဖြစ်ပါသည်။

- ရွာသားများနှင့်ဒေသခံခေါင်းဆောင်များအတွက် ယေဘုယျမေးခွန်းများ (တွေ့ဆုံမေးမြန်းခန်း ၅၁ ခု)
- ဆရာ၊ဆရာမများအတွက်သီးသန့်မေးခွန်းများ (တွေ့ဆုံမေးမြန်းခန်း ၁၁ ခု)
- KNU ဝန်ထမ်းများအတွက် သီးသန့်မေးခွန်းများ (တွေ့ဆုံမေးမြန်းခန်း ၄ ခု)
- CBO/CSO ဝန်ထမ်းများအတွက် သီးသန့်မေးခွန်းများ (တွေ့ဆုံမေးမြန်းခန်း ၃ခု)

KHRG မှ မတူကွဲပြားသည့် တိုင်းရင်းသားနောက်ခံမှလာသော ဒေသခံခေါင်းဆောင်များ၊ ဆရာ/ဆရာမများနှင့် ရွာသားများအား လူတွေ့မေးမြန်းမှုစုစုပေါင်း ၆၂ ခု (အမျိုးသား ၃၈ ဦး နှင့် အမျိုးသမီး ၂၄ ဦး) ပြုလုပ်ခဲ့ပါသည်။ အဆိုပါမေးခွန်းဖြေကြားသူများတွင် ကရင်လူမျိုး (၄၂) ဦး၊ မွတ်စလင်လူမျိုး (၉) ဦး၊ ကရင်-မွတ်စလင်(၂)ဦး၊ ဗမာ(၁) ဦး၊ ရှမ်းလူမျိုး(၂)ဦး၊ လော်ရှမ်း(၁)ဦး၊ မွန်လူမျိုး (၁)ဦး၊ ပအိုဝ်လူမျိုး (၂)ဦး၊ ပအိုဝ်-ကရင်(၁)ဦးနှင့် ပအိုဝ်-တောသူး(၁)ဦး စသည်တို့ဖြစ်ကြသည်။ KHRG မှ ကရင်အမျိုးသားအစည်းအရုံး (KNU)၏ ဌာနခွဲဖြစ်သော ကရင်ပညာရေးနှင့်ယဉ်ကျေးမှုဌာန (KECD)နှင့် ကရင်ဥပဒေဆိုင်ရာအထောက်အကူပြုအဖွဲ့ (KLAC)တို့မှ အရာရှိ(၄)ဦး (အမျိုးသား ၃ ဦးနှင့် အမျိုးသမီး ၁ ဦး) တို့ကိုလည်းမေးမြန်းခန်းများပြုလုပ်ခဲ့ကြသည်။

ထို့ပြင် KHRG မှ ဒေသခံ CBO-CSO ဝန်ထမ်းများကိုလည်း မေးမြန်းခန်းများပြုလုပ်ခဲ့ပါသည်။ ၎င်းတို့သည် KHRG ၏ မေးခွန်းများကို စာဖြင့်ရေးသားတုန့်ပြန်ခဲ့သော ကရင်အမျိုးသမီးအစည်းအရုံး (KWO)၏ အထွေထွေအတွင်းရေးမှူးဖြစ်ပြီး ကရင်ကျောင်းဆရာများအဖွဲ့ (KTWG)၏ ဝါရင့်ဝန်းထမ်း၂ ဦး (အမျိုးသား ၁ ဦးနှင့် အမျိုးသမီး ၁ ဦး) တို့ပါဝင်သည်။ KWO သည် မြန်မာပြည် အရှေ့တောင်ပိုင်းတစ်လျှောက်ရှိ စေတနာ့ဝန်ထမ်းကို ကွန်ယက်အနေဖြင့်ဖွဲ့စည်းပြီး KHRG မှ ရွာသားများကိုတွေ့ဆုံမေးမြန်းရာတွင် အသုံးပြုသည့် မေးခွန်းပုံစံဖြင့် ထိုစေတနာ့ဝန်ထမ်းအချို့ကို တွေ့ဆုံမေးမြန်းခဲ့ကြခြင်းဖြစ်သည်။ ၎င်းတို့ထဲမှအချို့ကို ဤအစီရင်ခံစာထဲတွင် KWO အဖွဲ့ဝင်များအဖြစ် ရည်ညွှန်းလျက်ရှိသည်။

KHRG သည် မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ခရိုင် ၇ ခု ဖြစ်သည့် ဒူးသထူ(သထုံ)၊ တောအူး (တောင်ငူ)၊ ခလယ်လွီထူ (ညောင်လေးပင်)၊ ဘိတ်-ထားဝယ် (မြိတ်-ထားဝယ်)၊ မူတြော်(ဖာပွန်)၊ ဒူးပလာယာနှင့် ဘားအံခရိုင်များတွင် လုပ်ငန်းဆောင်ရွက်လျှက်ရှိပါသည်။ ထို "ခရိုင်" များသည် KNU မှ သတ်မှတ်ထားသော အသုံးအနှုန်းဖြစ်ပြီး KNU နှင့် ဆက်စပ်သည့်ဒေသခံကရင်အဖွဲ့အစည်းများဖြစ်စေ၊ ပတ်သက်ဆက်နွယ်မှုမရှိသည့်အဖွဲ့အစည်းများဖြစ်စေ ထိုအသုံးအနှုန်းများကို သုံးစွဲခေါ်ဝေါ်ကြပါသည်။ KHRG အနေဖြင့် ဤအသုံးအနှုန်းများကို အသုံးပြုရခြင်းတွင် နိုင်ငံရေးအရ ဆက်စပ်မှုကြောင့်မဟုတ်ပဲ ကျေးလက်

ဒေသခံလူမှုအသိုက်အဝန်းများမှ ဤသတ်မှတ်ချက်များကို အသုံးပြုလေ့ရှိကြသောကြောင့်ဖြစ်သည်။

လူတွေ့မေးမြန်းခန်းများမှ ရရှိသော အချက်အလက်များပြည့်စုံမှုရှိစေရန်အတွက် ပြင်ပအရင်းအမြစ်များနှင့် KHRG ၏ ယခင်ကထုတ်ဝေခဲ့သည့်အစီရင်ခံစာများကိုလည်း ဤအစီရင်ခံစာတွင်ပြင်ဆင်၍ သတ်မှတ်ထားသောစံချိန်စံနှုန်းပုံစံနှင့်အညီ မှီငြမ်းကိုးကားအသုံးပြုထားပါသည်။


မေးခွန်းဖြေကြားသူများအားလုံးထံမှ မေးခွန်းမေးမြန်းခြင်း၏ ရည်ရွယ်ချက်နှင့် ရရှိလာသောအချက်အလက်များအားအစီရင်ခံစာအတွင်း မည်သို့ထည့်သွင်းအသုံးပြုလိုကြောင်းကို သဘောတူညီမှုရယူခဲ့ပါသည်။ ထိုမေးမြန်းခန်းများအား စကောကရင်ဘာသာစကားအပြင် မြန်မာဘာသာစကားတို့ဖြင့်ပါ ပြုလုပ်ခဲ့ပါသည်။ ကျေးရွာအမည်နှင့် လူပုဂ္ဂိုလ်နာမည်များကို က--- မှ အ--- အက္ခရာများအသုံးပြု၍ဆင်ဆာဖြတ်ထားပါသည်။ သက်ဆိုင်ရာဘာသာစကားများတွင် ဖြတ်တောက်ဖော်ပြထားသော စကားလုံးများသည် အမည်နာမအစစ်အမှန်များနှင့် ဆက်စပ်အသုံးပြုခြင်းမရှိသကဲ့သို့ KHRG ၏ ယခင်အစီရင်ခံစာများတွင်အသုံးပြုခဲ့သော စကားလုံးများနှင့်လည်း သက်ဆိုင်မှုမရှိပါ။

## အတိုကောက်အသုံးအနှုန်းများ

| | |
|---|---|
| CBO | လူထုအခြေပြုအဖွဲ့အစည်း |
| CSO | အရပ်ဖက်အဖွဲ့အစည်း |
| DKBA | ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော် |
| EAOs | တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ |
| KECD | ကရင်ပညာရေးနှင့် ယဉ်ကျေးမှုဌာန |
| KLAC | ကရင်ဥပဒေဆိုင်ရာအထောက်အကူပြုအဖွဲ့ |
| KNLA | ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် |
| KNU | ကရင်အမျိုးသားအစည်းအရုံး |
| KTWG | ကရင်ကျောင်းဆရာများအဖွဲ့ |
| KWO | ကရင်အမျိုးသမီးအစည်းအရုံး |
| MIP | အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန |
| NCA | တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် |
| NGO | အစိုးရမဟုတ်သောအဖွဲ့အစည်း |
| NLD | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် |
| SLORC | နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေးနှင့်တည်ဆောက်ရေးကောင်စီ |
| SPDC | နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ |

# မြေပုံ - ကရင်လူ့အခွင့်အရေးအဖွဲ့၏ လှုပ်ရှားရာနယ်မြေ

**ကေအန်ယူသတ်မှတ်ထားသော ကရင်နယ်နိမိတ်နှင့် အစိုးရသတ်မှတ်ထားသော ပြည်နယ်နှင့်တိုင်းဒေသကြီး**



# အပိုင်း (၁)။ ။နိုင်ငံသားဖြစ်မှု - ဝိသေသလက္ခဏာများ၏ ရှုပ်ထွေးသောအခြေအနေ

ဤအခန်းတွင် မြန်မာပြည်အရှေ့တောင်ပိုင်းရှိ များပြားလှသော တိုင်းရင်းသားမျိုးနွယ်စုများနှင့် ဘာသာရေးဖြစ်တည်မှုများ၏ ရှုပ်ထွေးပုံများနှင့် တန်းတူညီမျှသောအခွင့်အရေး မရရှိခြင်းအား ဖြေရှင်းရာတွင် ကြုံတွေ့ရသော နိုင်ငံရေး သို့မဟုတ် ယဉ်ကျေးမှုဆိုင်ရာ အခက်အခဲများကို မီးမောင်းထိုးဖော်ပြထားသည်။ KHRG ၏ လုပ်ရှားရာနေရာဒေသတွင် ကရင်လူမျိုးအများစု နေထိုင်ကြသော်လည်း ကွဲပြားခြားနားမှုများရှိနေကြသည်။ ကရင်အမျိုးသားအစည်းအရုံး (ကေအဲန်ယူ - KNU)[17] မှ သတ်မှတ်ထားသော ခရိုင်ခုနစ်ခုအတွင်းတွင် နေထိုင်ကြသည့် ကရင်လူမျိုးထဲတွင်ပင် ကွဲပြားမှုများရှိနေသကဲ့သို့ အခြားသော တိုင်းရင်းသားအဖွဲ့များဖြစ်သည့် ဗမာ၊ ပအို့ဝ်၊ မွန်၊ ရှမ်းနှင့် အခြားသော တိုင်းရင်းသားကပြားများလည်း အတူတကွနေထိုင်ကြသည်။ မြန်မာပြည်အရှေ့တောင်ပိုင်းတွင် တိုင်းရင်းသားများ၏ မတူကွဲပြားမှုများသည် ပိုမိုရှုပ်ထွေးပြီး ရိုးရှင်းမှုမရှိပေ။[18] အကြောင်းမှာ ဒေသအတွင်းရှိ လူဦးရေနှင့်ပတ်သက်ပြီး ယုံကြည်စိတ်ချရသည့် စာရင်းဇယားမရှိသည့်အပြင် တိုင်းရင်းသားလူမျိုးစုများကို ရေတွက်သတ်မှတ်ရာတွင် ၎င်းတို့၏ ဖြစ်တည်မှုများအား နိုင်ငံရေးအရ လိုသလိုပုံသွင်းသတ်မှတ်ရေတွက်သည့် လုပ်ရပ်ကြောင့်ဖြစ်သည်။ ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေနှင့် ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းတွင် ဒေသတွင်းရှိ လူမှုအသိုက်အဝန်း အဖွဲ့ဝင်များကို နိုင်ငံရေးနှင့် လူမှုရေးအရ လူများစုအုပ်စုအတွင်းသို့တွန်းပို့ရန် ကြိုးတင်ခွဲခြားသတ်မှတ်ထားသည်။ ထို့ကဲ့သို့ပြုလုပ်ခြင်းကြောင့် တိုင်းရင်းသားမျိုးနွယ်စုငယ်များသည် ဘာသာစကားမတူညီသော အခြားလူမျိုးများဖြစ်သော ကရင် သို့မဟုတ် ဗမာစသည့်လူမျိုးများ၏ လွှမ်းမိုးမှုအောက်သို့ရောက်သွားစေသည်။ ထိုအခြေအနေများသည် မြန်မာအစိုးရ၏ မဟာဗမာလူမျိုးကြီးဝါဒကို အခြေခံသော မူဝါဒများတွင် ရှင်းလင်းစွာတွေ့မြင်နိုင်သည်။ ဤအချက်ကို အစိုးရအသိအမှတ်ပြု လူမျိုးစုကိုယ်ပိုင်လက္ခဏာရနိုင်ခွင့်မရှိသော မွတ်စလင်များ၏ အခြေအနေတွင်လည်း တွေ့နိုင်သည်။ ထို့အပြင် ၎င်းတို့အား အမျိုးမျိုးခေါင်းစဉ်တပ်နေခြင်းများသည် နိုင်ငံသားအသိုက်အဝန်းမှ ဖယ်ကျဉ်နေခြင်းပင်ဖြစ်သည်။

လူမျိုးရေးနှင့်ဆိုင်သည့် နိုင်ငံရေးများသည် အမြဲတမ်းရောယှက်နေသည်။ ထို့ကြောင့် အဖွဲ့တစ်ဖွဲ့ သို့မဟုတ် အချို့အဖွဲ့များကို ဦးတည်ရေးသားထားသည့် မူဝါဒများသည် အခြားအဖွဲ့များကို မတူညီသော ပမာဏနှင့် နည်းမျိုးစုံဖြင့် သက်ရောက်မှုရှိစေသည်။ ကရင်ရွာသားများနှင့် တွေ့ဆုံမေးမြန်းခြင်းများတွင် ၎င်းတို့အတွက် တိုင်းရင်းသားအခွင့်အရေးနှင့် တန်းတူညီမျှမှုများအတွက် အဓိကစိုးရိမ်မှုမှာ ဗမာမှုပြုခံရခြင်းနှင့် ထိုအရာက ၎င်းတို့၏ကရင်လူမျိုးကိုယ်စားပြု သွင်ပြင်လက္ခဏာများကို ခြိမ်းခြောက်နေခြင်းပင်ဖြစ်

---

[17] ကရင်အမျိုးသားအစည်းအရုံး (ကေအဲန်ယူ) သည် ကရင်လူမျိုးများ၏အဓိကပင်မ နိုင်ငံရေးအဖွဲ့အစည်းတစ်ခုဖြစ်သည်။ ၎င်းကို ၁၉၄၇ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး၊ မြန်မာပြည်အစိုးရနှင့် ၁၉၄၉ ခုနှစ်ကတည်းက အဓိကရန်းများဖြစ်ပွားခဲ့ကြသည်။ မြန်မာပြည် အရှေ့တောင်ပိုင်းရှိနေရာဒေသများတွင် ကေအဲန်ယူ၏ အင်အားလွှမ်းမိုးမှုရှိပြီး ၁၉၇၆ ခုနှစ်ကတည်းက ဒီမိုကရက်တစ်ဖက်ဒရယ်စနစ်ကို တည်ဆောက်ရန်တောင်းဆိုခဲ့သည်။ ၎င်းတို့သည် ၂၀၁၅ ခုနှစ်တွင် တစ်နိုင်ငံလုံးအပစ်ခတ်ရပ်စဲရေးဆိုင်ရာသဘောတူစာချုပ်တွင် လက်မှတ်ရေးထိုးခဲ့သော်လည်း၊ မြန်မာအစိုးရနှင့်၎င်းတို့၏ဆက်ဆံရေးသည် တင်းမာလျှက်ရှိနေသေးသည်။

[18] ၂၀၁၄ ခုနှစ် မြန်မာအစိုးရ၏သန်းခေါင်စာရင်းအရ၊ မြန်မာပြည်တွင် လူဦးရေ ၅၁.၄ သန်းကျော်ရှိသည်။ ၎င်းသည် နှစ်ပေါင်း ၃၀ အတွင်း ပထမဆုံးသောသန်းခေါင်စာရင်းဖြစ်ပြီး၊ ခန့်မှန်းခြေအားဖြင့် လူဦးရေသန်း ပေါင်း၆၀ မပြည့်ခဲ့သည့်အတွက်ကြောင့် လူဦးရေ ၉ သန်းခန့်ကို သန်းခေါင်စာရင်းတွင် မထည့်တွက်ခဲ့ကြောင်းကို တင်ပြထားသည်။ Minority Rights Group International မှ ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလတွင်ထုတ်ဝေခဲ့သော World Directory of Minorities and Indigenous Peoples - Myanmar/Burma တွင် ကြည့်ပါ။

သည်။ ကရင်လူမျိုး၏ ရိုးရာယဉ်ကျေးမှု၊ သမိုင်းကြောင်းနှင့် ဘာသာစကားများကို ကာကွယ်ခြင်းဖြင့် ဗမာမှုပြုခြင်းအား ဆန့်ကျင်ခြင်းများသည် အခြားသောတိုင်းရင်းသားလူနည်းစုများကိုပါ ကာကွယ်ထားခြင်းဖြစ်နိုင်သည်။ သို့သော်လည်း တစ်ချိန်တည်းတွင် ထိုအသိုက်အဝန်းများရှိ အခြားအဖွဲ့ငယ်များအနေဖြင့် ၎င်းတို့၏လူမျိုးအား ကာကွယ်ခြင်းနှင့် လူမျိုးသွင်ပြင်လက္ခဏာများအား ထိန်းသိမ်းကာကွယ်နိုင်ခြင်းမရှိတော့ပဲ ၎င်းတို့အပေါ် မထင်မှတ်သော သက်ရောက်မှုများရှိစေနိုင်သည်။ တန်းတူညီမျှခြင်းနှင့် အခွင့်အရေးအားရရှိခွင့်ကို အနိုင်အရှုံးရှိသည့်ကစားပွဲကဲ့သို့ မှတ်ယူရန်မသင့်လျော်သော်လည်း မြန်မာနိုင်ငံ၏နိုင်ငံရေးတွင်မူ လက်ရှိအသုံးပြုလျက်ရှိသော ထင်ရှားသည့်အခြေအနေတစ်ရပ်ဖြစ်သည်။[19] ထိုအခြေအနေက လူမျိုးစုငယ်များအကြား ပဋိပက္ခများဖြစ်ပေါ်စေနိုင်သည့်အပြင် ပိုမိုသေးငယ်သောလူမျိုးစုများအနေဖြင့် ၎င်းတို့အတွက် ကိုယ်ပိုင်နိုင်ငံရေးရပ်တည်ချက်များအားဖော်ဆောင်ရန် အခွင့်အလမ်းနည်းပါးစေနိုင်သည်။ ထို့အပြင် ၎င်းတို့အနေဖြင့် အခွင့်အရေးများအားရရှိနိုင်ရန်အတွက် သတ်မှတ်ထားသောအခြားခေါင်းစဉ်များအောက်တွင်သာ နေထိုင်ရန်လက်ခံကြရမည်ဖြစ်သည်။

KHRG လုပ်ရှားရာနယ်မြေဒေသတွင် အုပ်ချုပ်မှုစနစ်အမျိုးမျိုးရှိနေခြင်းသည်လည်း မတူကွဲပြားသောတိုင်းရင်းသားများနှင့် ဘာသာရေးအဖွဲ့များအနေဖြင့် ခွဲခြားဆက်ဆံမှုများနှင့် ဖယ်ကျဉ်ထားခြင်းများခံစားနေရသည်ဟု အဓိပ္ပါယ်သက်ရောက်စေသည်။ အထူးသဖြင့် မွတ်စလင်များအနေဖြင့် ခွဲခြားဆက်ဆံခြင်းများ၊ ဖယ်ကျဉ်ခံရခြင်းများကို သိသာထင်ရှားစွာခံစားနေကြရပြီး ရှမ်း၊ မွန်နှင့် ပအို့ဝ်လူသားများအတွက်လည်း လိုအပ်ချက်များရှိနေသည်။ KNU မှခေါင်းဆောင်များက မြန်မာပြည်အရှေ့တောင်ပိုင်းတွင် မတူကွဲပြားမှုများရှိကြောင်းကို အသိအမှတ်ပြုပြီး ၎င်း၏ထိန်းချုပ်နယ်မြေဒေသများတွင် နေထိုင်ကြသူများ၏အခွင့်အရေးများအား အပြည့်အဝကာကွယ်ပေးမည်ဟု ပြောဆိုကြသည်။ သို့သော်လည်း အချို့သောကိစ္စရပ်များတွင် ၎င်းတို့ကိုယ်တိုင်က KNU ထိန်းချုပ်နယ်မြေဒေသများရှိ တိုင်းရင်းသားအဖွဲ့များအကြားတန်းတူညီမျှမှုပျက်ပြားအောင်လုပ်ဆောင်ရာတွင် ပါဝင်ပတ်သက်နေသည်။ ဥပမာအားဖြင့် အချို့သောခရိုင်များရှိမွတ်စလင်များသည် KNU ၏ခွင့်ပြုချက်ဖြင့် မြေယာများပိုင်ဆိုင်ရရှိနိုင်သော်လည်း ကရင်လူမျိုးများ၏ အကျိုးစီးပွားကိုကာကွယ်ပေးသည့် ကန့်သတ်ချက်များအား ရင်ဆိုင်ကြရသည်။ ထို့ကြောင့်အချို့သောမွတ်စလင်များသည် ကရင်လူမျိုးများဖြစ်နိုင်သော်လည်း ထိုအတားအဆီးများက ကရင်လူမျိုးများနှင့် မွတ်စလင်များကြားတွင် ကွာဟမှုဖြစ်စေသည်။

## (က) နိုင်ငံသားဖြစ်ခွင့်ရရှိခြင်း

၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေတွင် နိုင်ငံသားဖြစ်ခွင့်သည် တိုင်းရင်းသားဖြစ်ခြင်းအပေါ် အခြေခံသဖြင့် မြန်မာနိုင်ငံအတွင်းမွေးဖွားခြင်း သို့မဟုတ် မြန်မာနိုင်ငံသားမိဘနှစ်ပါးမှ မွေးဖွားလာခြင်းတို့သည် နိုင်ငံသားတစ်ဦး အလိုအလျောက် ဖြစ်ခွင့်ရရန်အတွက် လုံလောက်မှုမရှိပေ။ ထိုအစား အစိုးရမှသတ်မှတ်ထားသည့် တိုင်းရင်းသားလူမျိုးတစ်မျိုး (သို့မဟုတ် တစ်မျိုးထက်ပိုသော)၏ မျိုးရိုးမှဆင်းသက်ခြင်းသည်သာလျှင် နိုင်ငံသားဖြစ်ခွင့်ရရှိရန်အတွက် ဆုံးဖြတ်ပေးသော အဓိကအချက်ဖြစ်လာသည်။ မြန်မာနိုင်ငံတွင်မြန်မာနိုင်ငံသားဖြစ်ခွင့်ရရှိရေးသည် တိုင်းရင်းသားဖြစ်ခြင်းနှင့် တိုက်ရိုက်ဆက်စပ်နေသောကြောင့် မြန်မာနိုင်ငံ၏နိုင်ငံသားလမ်းညွှန်တွင်လည်း အဓိကအစိတ်အပိုင်းတစ်ခု ဖြစ်လာခဲ့သည်။ ထိုအခြေအနေက အချို့သောလူမျိုးစုများအတွက် အတားအဆီးများဖြစ်ပေါ်စေပြီး အချို့သောနိုင်ငံသားဖြစ်

---

[19] ၂၀၁၉ ခုနှစ်တွင် Sarah L. CLARKE, Seng Aung Sein Myint, Zabra Yu Siwa မှ Centre for Peace and Conflict Studies တွင် ထုတ်ဝေခဲ့သော Re-Examining Ethnic Identity in Myanmar တွင် ကြည့်ပါ။

ခွင့်ရှိသူများအတွက် ထိုအခွင့်အရေးကိုမရနိုင်တော့ပဲ နိုင်ငံသားအဖြစ် ထည့်သွင်းရေတွက်ခြင်း၊ မှတ်တမ်းတင်ခြင်းမခံရတော့ပေ။

မှတ်ပုံတင် (နိုင်ငံသားစီစစ်ရေးကတ်ပြား) ရရှိရန်အတွက် ပြည်သူများအနေဖြင့် စာရွက်စာတမ်းပေါင်းမြောက်များစွာကို တင်ပြရန်လိုအပ်သည်။ ထိုအထဲတွင် ၎င်းတို့၏ မူရင်းအိမ်ထောင်စုစာရင်း၊ (မျိုးဆက်သုံးဆက်အထိ ပါရှိသော) ပြည့်စုံသော မျိုးရိုးစဉ်ဆက်ပြဇယား၊ မူရင်းမွေးစာရင်း (သို့မဟုတ် ကလေး၏အသက်ကို အတည်ပြုထားသောကျောင်းထောက်ခံစာ)၊ မိဘနှစ်ပါး၏မှတ်ပုံတင်၊ ရပ်ကွက် သို့မဟုတ်ကျေးရွာအုပ်ချုပ်ရေးမှူးထံမှ (အမှန်တကယ်နေထိုင်ကြောင်း) ထောက်ခံစာ၊ သွေးအမျိုးအစားဖော်ပြချက်စာရွက်နှင့် ပတ်စ်ပို့ဓါတ်ပုံ သုံးပုံတို့ပါဝင်သည်။[20] မှတ်ပုံတင်ပိုင်ဆိုင်ထားခြင်းသည် နိုင်ငံသားဖြစ်ကြောင်း အသိအမှတ်ပြုသည့် တစ်ခုတည်းသောသက်သေဖြစ်သည်ကို အလေးအနက်ထားဖော်ပြလိုသည်။ ပူးတွဲဖော်ပြရသော စာရွက်စာတမ်းများမှာမူ ၎င်းတို့ချည်းသက်သက်ဖြင့် နိုင်ငံသားဖြစ်ကြောင်းကိုသက်သေခံနိုင်ခြင်းမရှိပါ။ ထို့အတွက်ကြောင့် လူတစ်ဦးစီတိုင်းသည် မှတ်ပုံတင်မရမခြင်း ၎င်းတို့၏နိုင်ငံသားဖြစ်မှုအပေါ် မသေချာမရေရာရှိနေသေးသည်။

ဤသို့သော သက်သေခံလက်မှတ် တစ်စုံတစ်ခုမှမရရှိနိုင်သည့် မြန်မာပြည်အရှေ့တောင်ပိုင်း ကျေးလက်ဒေသများတွင် နေထိုင်ကြသော ရွာသားများအတွက်မူ ကြီးမားသည့် စိန်ခေါ်မှုတစ်ရပ်ဖြစ်စေပါသည်။ မွေးစာရင်းပြုလုပ်ခြင်းသည် ယခုနှစ်များတွင်သာ တွင်တွင်ကျယ်ကျယ်ပြုလုပ်လာကြခြင်းဖြစ်ပြီး လူတစ်ဦးချင်းစီ၏မွေးစာရင်းရရှိရန်မှာ ရှင်းလင်းမှုမရှိသေးပေ။ ကာလကြာရှည်စွာဖြစ်ပွားလျက်ရှိသောလက်နက်ကိုင်တိုက်ပွဲများ၊ အကြမ်းဖက်မှုများနှင့် နေရပ်ရွှေ့ပြောင်းနေထိုင်ရမှုများကြောင့် ရွာသားများအနေဖြင့် ယခင်က ဤစာရွက်စာတမ်းများပိုင်ဆိုင်နိုင်သော်လည်း (ဖျက်စီးခံရခြင်း၊ ပျောက်ဆုံးခြင်းနှင့်သိမ်းယူခံရခြင်းများကြောင့်)အများစုတွင် ထိုစာရွက်စာတမ်းများ လက်ဝယ်မရှိနိုင်တော့ပါ။ ထို့ပြင် ယခုအချိန်တွင် ထိုစာရွက်စာတမ်းများအား မည်သို့ရယူနိုင်သည်ကို မသိကြပါ။ KHRG မှ ယခင်ကတင်ပြထားခဲ့သည့်အတိုင်း ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်ကြသူများနှင့် ဒုက္ခသည်များတွင် လိုအပ်သည့်စာရွက်စာတမ်းများ ပိုင်ဆိုင်ရန်ဖြစ်နိုင်ချေနည်းပါးနေသည်။[21]

၂၀၁၁ ခုနှစ်တွင် အစိုးရ၏စီမံကိန်းတစ်ခုဖြစ်သည့် မိုးပွင့်စီမံကိန်းမှတဆင့် ကျေးလက်ဒေသရှိ ရွာသားများအတွက် မှတ်ပုံတင်ကတ်များနှင့် အိမ်ထောင်စုစာရင်းများ ပြုလုပ်ပေးနိုင်ရန် အထူးကော်မတီတစ်ခုအားဖွဲ့စည်းခဲ့သည်။ ထိုစီမံကိန်း၏ရည်ရွယ်ချက်မှာ စာရွက်စာတမ်းမရှိသည့် နိုင်ငံသားများအ တွက်သက်သေခံလက်မှတ်များ ထုတ်ပေးရန်ဖြစ်သည်။[22] ရွာသားများအား အစိုးရဌာနဖြစ်သည့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသို့ သွားရောက်စေမည့်အစား အစိုးရဝန်ထမ်းများမှ ကျေးရွာများသို့သွားရောက်ကာ ရသင့်ရထိုက်သောရွာသားများအား စာရွက်စာတမ်းများ

---

20 Norwegian Refugee Council, Myanmar Office of Immigration, UNHCR မှ ၂၀၁၈ ခုနှစ်တွင် Applying [for] Citizenship Scrutiny Card Infographic Short Film ဗီဒီယိုကိုထုတ်ဝေခဲ့ပြီး၊ ၎င်းဗီဒီယိုကို ၂၀၁၉ ခုနှစ်၊ မေလ ၃၁ ရက်နေ့တွင် UNHCR မှ ထောက်ပံ့သော Thailand-Myanmar Cross Border Operational Portal Facebook page တွင် ဖြန့်ဝေခဲ့သည်။

21 KHRG မှ ၂၀၂၀ ခုနှစ်၊ ဩဂုတ်လတွင် ထုတ်ဝေခဲ့သော "မရေရာမှုများဆီသို့ လှမ်းဝင်ခြင်း- မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ပြည်တွင်း၊ ပြည်ပဒုက္ခသည်များ၏ နေရပ်ပြန်သည့်အတွေ့အကြုံများ" တွင် ကြည့်ပါ။

22 စန်းယမင်းအောင် မှ ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလတွင် The Irrawaddy တွင် ထုတ်ဝေခဲ့သော "'Smarter' National ID Cards in the Pipeline" တွင် ကြည့်ပါ။

ပြုလုပ်ပေးခဲ့သည်။ ရွာသားအများအပြားမှာ ၎င်းတို့၏ စာရွက်စာတမ်းများကို ဤနည်းဖြင့် ပိုမိုလွယ်ကူစွာ ရရှိခဲ့ကြသော်လည်း အစိုးရ၏ထိုစီမံကိန်းသည် ၎င်းတို့၏မျိုးရိုးနှင့် နိုင်ငံသားဖြစ်ပိုင်ခွင့်ရှိကြောင်း ရှင်းလင်းစွာသက်သေပြနိုင်သည့် ရွာသားများအတွက်သာ လုပ်ဆောင်ပေးခဲ့ခြင်းဖြစ်သည်။ အားလုံးထဲမှ မေးခွန်းထုတ်ဖွယ်ရာ ကိစ္စရပ်များကိုမူ ဖယ်ကျဉ်ထားခဲ့ကြသည်။

ဒူးပလာယာခရိုင်မှ ရွာသူတစ်ဦးက အစိုးရမှ ၎င်းတို့၏ကျေးရွာအတွင်း မှတ်ပုံတင်ပြုလုပ်ခဲ့ပုံနှင့် သူမ၏အမျိုးသားဖြစ်သူအတွက် မှတ်ပုံတင်ပြုလုပ်ပေးရန် ငြင်းဆန်ခဲ့ပုံများကို ပြန်လည်ပြောကြားခဲ့သည်။ *"သူ့ကို ကုလားလို့ သူတို့ကပြောတယ်။ ကျွန်မရဲ့ သားအငယ်ဆုံးလည်း မှတ်ပုံတင်မရဘူး။ ဘာလို့လည်းဆိုတော့ သူက ကုလားနဲ့ဆင်လို့။ ကျမ်းစာကျောင်းတက်တဲ့အချိန်ကျမှပဲ မှတ်ပုံတင်ရတော့တယ်။ သူတို့ပြောတာကတော့ သူက ကုလားနဲ့တူတယ်ပေါ့။ ဒါပေမယ့် အ--- [ဖခင်]က သူက ကုလားမဟုတ်ဘူးလို့ သူတို့ကို ပြောခဲ့တယ်။ သူက ဒီရွာမှာပဲမွေးခဲ့ပေမယ့် သူတို့က သူ့ကိုမှတ်ပုံတင်မလုပ်ပေးဘူး။"* သူမ၏ အခြားကလေးများအားလုံး မှတ်ပုံတင်လုပ်နိုင်ခဲ့ကြသည်။ သူမ၏ အငယ်ဆုံးသားသည်လည်း နောက်ဆုံးတွင် မှတ်ပုံတင်ရရှိခဲ့သည်။ သို့သော်လည်း သူမ၏အမျိုးသားမှာမူ မွတ်စလင်နှင့် ဆင်တူသည့်အတွက် မှတ်ပုံတင်လုပ်နိုင်ခြင်း မရရှိခဲ့ပါ။

ကျေးရွာများသို့ သွားရောက်ကာ မှတ်ပုံတင်ကတ်များလုပ်ဆောင်ပေးသည့် အစိုးရ၏အစီအစဉ်နှင့် ပတ်သက်ပြီး စိုးရိမ်မှုတစ်ရပ်ကိုတင်ပြသည်များလည်းရှိခဲ့သည်။ ရွာသားတစ်ဦးမှ *"ရွေးကောက်ပွဲနီးလာတော့ မှတ်ပုံတင်လုပ်ပေးတာတွေ ပိုများလာတယ်။ ကျွန်တော်တို့တွေ မဲသွားမထည့်ရင်တောင်မှ သူတို့က ကျွန်တော်တို့ရဲ့ မှတ်ပုံတင်တွေကို မဲထည့်ဖို့အသုံးပြုတယ်။[...] ဒါပေမယ့် ကျွန်တော်တို့ရဲ့ နာမည်၊ မှတ်ပုံတင်နံပါတ်တွေနဲ့ အဲ့ဒီစာရင်းလည်း သူတို့လက်ထဲမှာ ရှိနေတယ်။ ဒါကြောင့် သူတို့တွေ အဲ့ဒါတွေကိုသုံးပြီး လုပ်လို့ရတယ်။"* အစိုးရအနေဖြင့် ဤသို့သော အမည်စာရင်းများကို ၎င်းတို့၏ မဲဆန္ဒရှင်အရေအတွက် ပိုမိုများပြားလာစေရန် အသုံးပြုနိုင်ချေရှိသကဲ့သို့ အရပ်သားအစိုးရဖြစ်ကြောင်း သက်သေပြနိုင်ရန်အတွက်လည်း အသုံးပြုနိုင်သည်။ ရွေးကောက်ပွဲနီးသည့်ကာလတွင် မှတ်ပုံတင်လာရောက်ပြုလုပ်ပေးသည့် အစိုးရဝန်ထမ်းများသည် လိုအပ်သည့်စာရွက်စာတမ်းများလျော့ပေါ့တောင်းခံကြောင်း အခြားသောတွေ့ဆုံမေးမြန်းမှုတစ်ခု၌ ဖော်ပြထားသည်။ ထိုတွေ့ဆုံမေးမြန်းမှုတွင် ပြောထားသည်မှာ ထိုအဖြစ်အပျက်သည် တိုင်းရင်းသားလူနည်းစု၏အခွင့်အရေးအား တိုးမြင့်ပေးခြင်းထက် နိုင်ငံသားဖြစ်ခွင့်ပေးပြီး မဲဝယ်ခြင်း (သို့မဟုတ် မဲခိုးခြင်း)နှင့် ပို၍ဆင်တူနေသည်။

မှတ်ပုံတင်ရရှိသည့်အခါတွင်လည်း နိုင်ငံသားအမြောက်အများ အထူးသဖြင့် ဗမာမဟုတ်သော နိုင်ငံသားများအပေါ် သက်ရောက်မှုရှိသည့် ပိုမိုရှုပ်ထွေးသောအရာတစ်ခုမှာ လူတစ်ဦးပိုင်ဆိုင်သော မတူညီသည့် စာရွက်စာတမ်းများပေါ်တွင် အမည်များမတူညီခြင်းနှင့် စာလုံးပေါင်းသတ်ပုံ ကွဲပြားနေခြင်းတို့ဖြစ်သည်။ လက်ဝယ်ပိုင်ဆိုင်ထားသော စာရွက်စာတမ်းများတွင် အချက်အလက်များ တသမတ်တည်းမရှိခြင်းကြောင့် မှတ်ပုံတင်ပြုလုပ်ရန်အတွက် လိုအပ်သည့်အထောက်အထားများ လုပ်ဆောင်သည့်အခါတွင် အခက်အခဲများရှိနေသည်။ အချို့သောကိစ္စရပ်များတွင် ရေးမှတ်ထားသည့် အမည်များမတူညီရခြင်းမှာ အစိုးရဝန်ထမ်းများ၏အမှားကြောင့်ဖြစ်သော်လည်း များသောအားဖြင့် ဤကဲ့သို့ အမည်များကွဲပြားနေရခြင်းမှာ မြန်မာအစိုးရ၏အုပ်ချုပ်ရေးဆိုင်ရာ အလေ့အကျင့်ဖြစ်သည့် လူတစ်ဦးစီ၏ အမည်များအား တရားဝင်စာရွက်စာတမ်းများအပေါ်တွင် ဗမာအမည်သို့ပြောင်းလဲခြင်းကြောင့်ဖြစ်သည်။

## (ခ) မဟာဗမာလူမျိုးကြီးဝါဒနှင့် တိုင်းရင်းသားလူနည်းစုများဖြစ်လာအောင် လုပ်ဆောင်ခြင်း

မြန်မာအစိုးရအနေဖြင့် ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေအရ တိုင်းရင်းသားလူမျိုးစု ၁၃၅ စု ရှိသည်ဟု အသိအမှတ်ပြုထားသော်လည်း အစိုးရအနေဖြင့် ဗမာလူမျိုးစုအား နိုင်ငံ၏အဓိကတိုင်းရင်းသားအဖွဲ့အဖြစ် သတ်မှတ်နိုင်ရန်အတွက် ဥပဒေလုပ်ထုံးလုပ်နည်းများရေးဆွဲခြင်းကို တသမတ်တည်းလုပ်ဆောင်ခဲ့သည်။[23] မြန်မာနိုင်ငံအတွင်း မဟာဗမာလူမျိုးကြီးဝါဒကျင့်သုံးသည့် နည်းလမ်းများအနက် ထင်ရှားသည့် နည်းလမ်းတစ်ခုမှာ မှတ်ပုံတင်များနှင့် အိမ်ထောင်စုစာရင်းများတွင် ပြည်သူများ၏ ကိုယ်ရေးအချက်အလက်များအား စာရင်းသွင်းခြင်းဖြစ်သည်။ ဤမဟာဗမာလူမျိုးကြီးဝါဒကျင့်သုံးမှုသည် ရှုပ်ထွေးလှသည့် လုပ်ငန်းစဉ်များအတွင်း စီမံဆောင်ရွက်နေကြောင်း သတိပြုမိရန်အရေးကြီးသည်။ ဥပမာအားဖြင့် နိုင်ငံသားဆိုင်ရာ သက်သေခံအထောက်အထားများတွင် လူမျိုးနှင့်ဘာသာစသည့် အမျိုးအစားများအား ဖြည့်သွင်းရန်လိုအပ်ပြီး ဤစာရွက်စာတမ်းများအားဖြင့် ဗမာ၊ ကရင်၊ ရှမ်း၊ မွန် အပြင် ဗုဒ္ဓဘာသာ၊ ခရစ်ယာန်နှင့် မွတ်စလင်ဘာသာစသည်ဖြင့် လူမျိုးနှင့် ဘာသာအား ခွဲခြားဖော်ပြထားသည်။ အစိုးရအနေဖြင့် ဤသို့ကွဲပြားခြားနားမှုများကို ခွဲခြားဖော်ပြထားပြီး တချိန်တည်းမှာပင် ထိုစာရွက်စာတမ်းများကို အသုံးပြု၍ ဗမာမဟုတ်သော တိုင်းရင်းသားလူမျိုးစုများ၏အမည်များနှင့် အမည်ရှေ့ဂုဏ်ပုဒ်များကို စနစ်တကျ ဗမာမှုပြုခဲ့ပြီး ထိုသို့လုပ်ဆောင်ခြင်းဖြင့် အရေးကြီးသည့် တိုင်းရင်းသားဝိသေသလက္ခဏာများကို ဖယ်ရှားပစ်လိုက်ကြသည်။

### ၁) တရားဝင်အထောက်အထားများနှင့် မဟာဗမာလူမျိုးကြီးဝါဒ

မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားမျိုးနွယ်စုကိုဖော်ပြရန်အတွက် ၎င်းတို့၏နာမည်ရှေ့တွင် မတူကွဲပြားသည့် ဂုဏ်ပုဒ်များကိုထည့်သွင်းအသုံးပြုကြသည်။ စကောကရင်အမျိုးသားများ၏ အမည်ရှေ့တွင် 'စော'နှင့်စပြီး အမျိုးသမီးများ၏အမည်ရှေ့တွင် 'နော်'နှင့် စသည်။ ပိုးကရင်အမျိုးသားများ၏ အမည်ရှေ့တွင် 'မန်း' သို့မဟုတ် 'စ' အစရှိသဖြင့် လူကြီးလူငယ် အသက်အရွယ်အလိုက် ခွဲခြားခေါ်ဝေါ်ကြပြီး ပိုးကရင်အမျိုးသမီးများ၏ အမည်များရှေ့တွင်မူ 'နန်း' နှင့် အစပြုကြသည်။ ပအိုဝ်အမျိုးသားများ၏ အမည်ရှေ့တွင် 'ခွန်' ကို အသုံးပြုပြီး အမျိုးသမီးများ၏ အမည်ရှေ့တွင် 'နန်း'ကို အသုံးပြုကြသည်။ ရှမ်းအမျိုးသားများက 'စိုင်း'ကို အသုံးပြုပြီး အမျိုးသမီးများက 'နန်း' ကို အသုံးပြုကြသည်။ မွန်လူမျိုးများသည် အသက်အရွယ်ကြီးသည့် အမျိုးသားများအတွက် 'နိုင်' ကို အသုံးပြုပြီး အသက်အရွယ်ငယ်သည့်အမျိုးသားများအတွက် 'မင်း'ကိုအသုံးပြုကာ အမျိုးသမီးများအတွက် 'မိ' ကို အသုံးပြုကြသည်။ ဗမာအမျိုးသားများ၏ အမည်များရှေ့တွင် အသက်အရွယ်အလိုက် 'ဦး' သို့မဟုတ် 'မောင်' နှင့် စပြီး အမျိုးသမီးများမှာမူ အသက်အရွယ်ကြီးသော သူများမှာ 'ဒေါ်' သို့မဟုတ် အသက်အရွယ် ငယ်ရွယ်သော လက်မထပ်ရသေးသူများမှာ 'မ' နှင့် အစပြုကြသည်။

မြန်မာအစိုးရမှ အများဆုံးအသုံးပြုသော နည်းလမ်းတစ်ခုမှာ တရားဝင်စာရွက်စာတမ်းများပေါ်တွင် ဗမာမဟုတ်သော တိုင်းရင်းသားလူမျိုးစုများ အသုံးပြုသည့် အမည်ရှေ့ဂုဏ်ပုဒ်နေရာတွင် ဗမာလူမျိုးများ

[23] ၁၉၈၂ ခုနှစ်၏ နိုင်ငံသားဥပဒေအရ ၁၃၅ မျိုးသော လူမျိုးနွယ်စုများကို ထည့်သွင်းထားခြင်းမရှိပါ။ တိုင်းရင်းသားများကိုသာ နိုင်ငံသားအဖြစ်သတ်မှတ်ထားပြီး၊ အစိုးရမှ မည်သည့်လူမျိုးနွယ်စုများသည် တိုင်းရင်းသားများဖြစ်သည်ကို အနက်အဓိပ္ပါယ် ဖွင့်ဆိုထားသည်။

၏ နာမည်အရှေ့စာလုံးများအား အစားထိုးအသုံးပြုခြင်းဖြစ်သည်။ ကရင်အမျိုးသားများအား စော--- ဟု ခေါ်ဝေါ်ခြင်းမရှိတော့ပဲ ဦး--- ဟု ခေါ်ကာ ကရင်အမျိုးသမီးများကို နော်--- ဟု မခေါ်ပဲ ဒေါ်--- ဟု ခေါ်ဝေါ် အသုံးပြုကြသည်။ KHRG မှ လူတွေ့မေးမြန်းခဲ့သော ကရင်လူမျိုးများသည် ထိုသို့သောပြောင်းလဲ ခေါ်ဝေါ်ခြင်းများကြောင့် ၎င်းတို့ထံမှ တိုင်းရင်းသားဝိသေသလက္ခဏာများအား ဖယ်ရှားခံရသကဲ့သို့ ခံစားကြရသည်။

KHRG ၏ လူတွေ့မေးမြန်းချက်များအရ ၎င်းတို့အနေဖြင့် မှတ်ပုံတင်လျှောက်ထားသည့်အခါ စာရွက်စာတမ်းများပေါ်တွင် မည်သို့ပင်ထည့်သွင်းရေးသားစေကာမူ ထိုသို့သောပြောင်းလဲမှုများအား ၎င်းတို့ကို အသိပေးခြင်းမရှိပဲ အစိုးရဝန်ထမ်းများမှ လုပ်ဆောင်ကြလေ့ရှိသည်။ အကျိုးဆက်အနေဖြင့် အချို့ကျေးရွာခေါင်းဆောင်များနှင့် ဒေသတွင်းရှိတိုင်းရင်းသား (အခွင့်အရေး) အဖွဲ့အစည်းများက ရွာသားများအား လျှောက်လွှာများ မည်သို့ဖြည့်သွင်းရမည်ကို ပြသပေးခဲ့ကြသည်။ ၎င်းတို့မှ ရွာသားများအား စာရွက်စာတမ်းဖြည့်သည့်အခါတွင် ၎င်းတို့၏နာမည်ရှေ့ဂုဏ်ပုဒ်များကို မည်သို့ထည့်သွင်းရေးသားရမည်ကို ပြောပြခဲ့ကြသည်။ သို့သော်လည်း အစိုးရအုပ်ချုပ်ရေးဝန်ထမ်းများအနေဖြင့် ရွာသားများအပေါ် အလေးအနက်ထားခြင်းမရှိကြောင်းနှင့် ၎င်းတို့အနေဖြင့် 'စော' သို့မဟုတ် 'နော်' စသည့် အမည်ရှေ့ဂုဏ်ပုဒ်များကို ထည့်သွင်းရေးသားသော်လည်း *"သူတို့ [အစိုးရစာရေးတွေ]က 'ဦး' ဒါမှမဟုတ် 'မောင်' ကို ရွာသားနာမည်ရှေ့မှာ ချက်ခြင်းထည့်လိုက်ကြတယ်။"* ဟု ကရင်ဥပဒေဆိုင်ရာအထောက်အကူပြုအဖွဲ့ (KLAC)[24] မှ ဝန်ထမ်းတစ်ဦးက တင်ပြခဲ့သည်။ *"ကျွန်မကိုယ်တိုင်တောင်မှ ကိုယ့်နာမည်ရှေ့မှာ 'မ' မပါလာဖို့ အရမ်းသတိထားခဲ့ရတယ်။"* ဟု ထပ်လောင်း ဖော်ပြခဲ့သည်။

ဤသို့လုပ်ဆောင်ခြင်းဖြင့် လူတစ်ဦးစီ၏ အမည်များရှေ့တွင် ဗမာလူမျိုးများ၏ နာမည်ရှေ့ဂုဏ်ပုဒ်များဖြစ်သည့် ဦး/ဒေါ် သို့မဟုတ် မောင်/မ နောက်တွင် တိုင်းရင်းသား နာမည်ရှေ့ဂုဏ်ပုဒ်များကိုပါ ထည့်သွင်းဖော်ပြခံရပြီး ၎င်းတို့၏အမည်ရှေ့တွင် 'ဦးစော' သို့မဟုတ် 'ဒေါ်နော်' စသည်ဖြင့် နာမည်ရှေ့စာလုံး နှစ်ခုလုံးကို ရေးသားဖော်ပြခံရလေ့ရှိသည်။ ဤသို့လုပ်ဆောင်ခြင်းသည် ၎င်းတို့၏အမည်များအား ဗမာမှုပြုခြင်းဖြစ်သော်လည်း လူအများစုမှာ ဗမာလူမျိုးများ၏ နာမည်ရှေ့ဂုဏ်ပုဒ်တစ်မျိုးတည်းကိုသာ ထည့်သွင်းခြင်းထက် ပို၍နှစ်သက်ကြသည်။ ခလယ်လွီထူ (ညောင်လေးပင်) ခရိုင်၊ မူး (မုန်း) မြို့နယ်မှ KHRG မှ တွေ့ဆုံမေးမြန်းခဲ့သူတစ်ဦးက *"ကျွန်တော့်ရဲ့နာမည်ရှေ့မှာ 'စော' ကို ထည့်ထားပေမယ့် သူတို့က ကျွန်တော်ကို 'ဦး' တပ်ခေါ်ချင်တယ်။ ဘာပဲပြောပြော ကျွန်တော်နာမည်က ကရင်လိုပဲဆိုတော့ အဆင် ပြေပါတယ်။"* လူအတော်များများသည် ၎င်းတို့၏တိုင်းရင်းသား နာမည်ရှေ့ဂုဏ်ပုဒ်များကို မှတ်ပုံတင်နှင့် စာရွက်စာတမ်းများထဲတွင် လုံးဝဖယ်ရှားခံရပြီး ထိုသို့ပြုလုပ်ခြင်းမှာ တိုင်းရင်းသားများအားဖိနှိပ်ခြင်း ဖြစ်သည်ဟု ဖော်ပြခဲ့ကြသည်။ KLAC မှ ဝန်ထမ်းတစ်ဦး၏ ပြောပြချက်အရ *"ဟုတ်တယ်။ ဒါက တိုင်းရင်းသားတွေရဲ့ဖြစ်တည်မှု၊ ယဉ်ကျေးမှုနဲ့ရိုးရာကို ဖယ်ရှားတဲ့နည်းလမ်းတစ်ခုပဲ။"* မြို့နယ်ခေါင်းဆောင်တစ်ဦးကလည်း *"လူမျိုးတုန်းသတ်ဖြတ်တယ်ဆိုတာ သေနတ်နဲ့ပစ်သတ်ခံရမှမဟုတ်ဘူး။ ကျွန်တော်တို့ရဲ့နာမည်ရှေ့ဂုဏ်ပုဒ်တွေကို ပျောက်အောင်လုပ်တာကလဲ လူမျိုးတုန်းသတ်ဖြတ်ခြင်းရဲ့ အစိတ်အပိုင်းတစ်ခုပဲ။"*

---

[24] ကရင်ဥပဒေဆိုင်ရာအထောက်အကူပြုအဖွဲ့ (KLAC) သည် ကရင်အမျိုးသားအစည်းအရုံး ဗဟိုတရားရေးဌာန မှ ၂၀၁၅ ခုနှစ်တွင် ဦးဆောင်ဖွဲ့စည်းခဲ့သည်။ ၎င်းတို့၏ အဓိကလုပ်ငန်းများမှာ တရားရုံးတရားစီရင်မှုပိုင်းတွင် အကြံပေးခြင်း၊ တရားရုံးလုပ်ငန်းများကို အထောက်အကူပြုပေးခြင်းနှင့် ပြည်သူလူထုများအား တရားဥပဒေနှင့်ပတ်သက်သည့်အသိပညာပေး သင်တန်းပို့ချခြင်းတို့ဖြစ်သည်။

KHRG မှ တွေ့ဆုံမေးမြန်းခဲ့သည့် ကရင်လူမျိုးအများစုသည် ၎င်းတို့၏မှတ်ပုံတင်များတွင် တိုင်းရင်းသား နာမည်ရှေ့ဂုဏ်ပုဒ်များ သို့မဟုတ် ဗမာနှင့်ကရင်နာမည်ရှေ့ဂုဏ်ပုဒ်နှစ်ခုစလုံးကို ထည့်သွင်းအသုံးပြုခွင့် ရှိကြသည်။ စိတ်ဝင်စားဖွယ်ရာမှာ ထိုရွာသားအားလုံးနီးပါးသည် ဒေသခံခေါင်းဆောင်များထံမှ အကူ အညီကိုရရှိကြသည်။ ၎င်းတို့သည် အစိုးရအရာရှိများမှ ကျေးရွာတွင်းသို့တိုက်ရိုက်လာရောက်၍ မှတ် ပုံတင်ပြုလုပ်ပေးခြင်းသော်လည်းကောင်း သို့မဟုတ် ရွာလူကြီးမှရွာသားများအား အလုပ်သမား၊ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန (MIP) ရုံးသို့ လိုက်ပါသွားပြီး စာရွက်စာတမ်းဖြည့်ပေးခြင်းနှင့် အစိုးရဝန်ထမ်းများနှင့် ထိတွေ့ဆက်ဆံရာတွင် ကူညီပေးခြင်းတို့ပါဝင်သည်။ အခြားတစ်ဖက်တွင်မူ မှတ်ပုံတင်အား မိမိကိုယ်ပိုင် အစီအစဉ်ဖြင့် လျှောက်ထားသူများနှင့် အဖော်မပါပဲ သွားရောက်ကြသူများမှာ ၎င်းတို့၏ အမည်ရှေ့ဂုဏ်ပုဒ်များ ထည့်သွင်းရာတွင် အခက်အခဲများကြုံရသကဲ့သို့ မှတ်ပုံတင်ပြုလုပ်ခြင်း လုပ်ငန်းစဉ်အတွက်လည်း ဝန်ဆောင်ခ ပို၍ပေးဆောင်ကြရသည်။ အစိုးရဝန်ထမ်းများမှ ကျေးရွာသို့ ကွင်းဆင်းကာ မှတ်ပုံတင်လုပ်ဆောင်ပေးခဲ့သော ရွာများအတွက် ရွာသားများအနေဖြင့် အဖိုးအခ အနည်းငယ်(ထောင်ဂဏန်း) သို့မဟုတ် လုံးဝပေးဆောင်ရခြင်းမရှိပေ။ သို့ရာတွင် အလုပ်သမား၊ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနရုံးသို့ မိမိကိုယ်တိုင်သွားရောက်လုပ်ဆောင်ရသူများမှာမူ ပျမ်းမျှအားဖြင့် ၂၀,၀၀၀ ကျပ်မှ ၃၀၀,၀၀၀ ကျပ်အထိ ပေးဆောင်ကြရသည်။

တိုင်းရင်းသားလူနည်းစုအဖွဲ့များမှ ၎င်းတို့အနေဖြင့် မှတ်ပုံတင်သွားရောက်လျှောက်ထားသည့်အခါ တွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဝန်ထမ်းများ၏ ခွဲခြားဆက်ဆံ ခြင်းကို ခံစားရကြောင်း ထောက်ပြခဲ့သည်။ ၎င်းတို့အနေဖြင့် အချိန်ကြာမြင့်စွာစောင့်စားကြရပြီး ဝန်ထမ်း များ၏ အလွန်အကျူးတောင်းဆိုချက်များကို ရင်ဆိုင်ကြရသည်။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ အပြင်ဘက်ရှိဆိုင်းဘုတ်တွင် ရေးသားထားသည်မှာ "မြေမြို၍လူမျိုး မပြုတ်၊ လူမြိုမှလူမျိုးပြုတ်မည်"ဖြစ်ပါသည်။ ရုံးသို့သွားရောက်ခဲ့သူများက ထိုစာသားအား "လူဝင်မှုကြီး ကြပ်ရေးရုံးက ဝန်ထမ်းတွေကို နိုင်ငံအတွင်းက တိုင်းရင်းသားမျိုးနွယ်ဝင်မဟုတ်တဲ့သူတွေရဲ့ နိုင်ငံသား ဖြစ်မှုကို သေချာစီစစ်ရန် သတိပေးချက်" ဟု အဓိပ္ပါယ် ဖွင့်ဆိုကြသည်။[25]

ဤသို့ပြည်သူများ၏ နိုင်ငံသားဖြစ်တည်မှုဆိုင်ရာ စာရွက်စာတမ်းများအား ပြုပြင်ပြောင်းလဲခြင်းများသည် ပြဿနာများကို ဆက်လက်ဖြစ်ပွားစေနိုင်သည်။ အထက်တွင်ဖော်ပြထားသကဲ့သို့ မတူညီသည့် စာရွက် စာတမ်းများပေါ်တွင် သတင်းအချက်အလက်များ ကိုက်ညီမှုရှိနေစေရန် အရေးကြီးသည်။ တရားဝင်စာ ရွက်စာတမ်းများပေါ်ရှိ ပုဂ္ဂိုလ်ရေးဆိုင်ရာအချက်အလက်များအား ပြောင်းလဲရန်ခက်ခဲသည်။ ထို့အတွက် ကြောင့် ထိုအချက်အလက်များက ပြည်သူများအား မှားယွင်းသော သို့မဟုတ် မနှစ်သက်သောနာမည် နှင့် ဖြစ်တည်မှုများတွင် ပိတ်မိနေစေတတ်သည်။ မေးခွန်းဖြေကြားသူ ကရင်လူမျိုးတစ်ဦးမှ အကယ်၍ အိမ်ထောင်စုစာရင်းပေါ်တွင် ဗမာနာမည်ရှေ့ဂုဏ်ပုဒ်ဖြစ်သည့် ဦး/ဒေါ် ထည့်ပြီးပါက မှတ်ပုံတင်ပေါ်တွင် စော/နော်အဖြစ် ပြန်ပြောင်းရန် ခက်ခဲကြောင်း တွေ့ရှိခဲ့သည်။ အချို့သော ရွာလူကြီးများက ဤအခက် အခဲအား သတိထားမိသဖြင့် တရားဝင်စာရွက်စာတမ်းများပေါ်ရှိ ၎င်းတို့၏အမည်များရှေ့တွင် တိုင်းရင်း သားဂုဏ်ပုဒ်များပါရှိစေရန်အတွက် သေချာစွာလုပ်ဆောင်ကြရန် ပြည်သူများအား တိုက်တွန်းကြသည်။ မူကြော်(ဖာပွန်)ခရိုင်၊ ဒွဲလိုမြို့နယ်၊ ကတိုင်တိကျေးရွာအုပ်စုမှ ကျေးရွာအကြီးပေးတစ်ဦးက *"ကျွန်တော် တို့က ရွာမှာရှိတဲ့ ကျွန်တော်တို့ရဲ့ လူမျိုးတွေကို ကလေးရတာနဲ့ နာမည်ကိုကရင်လိုမည့်ပေးဖို့ သတိပေး*

[25] Lawi Weng မှ ၂၀၂၀ ခုနှစ်၊ ဖွန်လတွင် Frontier Myanmar တွင်ထုတ်ဝေခဲ့သော "Call me Mi: Ethnic groups celebrate honorifics victory" တွင် ကြည့်ပါ။

*ထားတယ်။ သူတို့ကလေးတွေကို ဗမာနာမည်မပေးဖို့ ပြောထားတယ်။"* ဒူးသထူ(သထုံ)ခရိုင်၊ ဘီးလင်းမြို့နယ်၊ ပြောင်းပြကျေးရွာအုပ်စုမှ ရွာလူကြီးတစ်ဦးကလည်း ၎င်း၏ကျေးရွာတွင် တူညီသည့်နည်းဗျူဟာကို အသုံးပြုရန် အကြံပေးခဲ့သည်။ *"အခုဆိုရင် ကျွန်တော်က ရွာသားတွေကိုမှာထားတယ်။ တကယ်လို့ သူတို့ရဲ့ကလေးတွေအတွက် မွေးစာရင်းလုပ်ပေးတဲ့အခါ သူတို့ရဲ့နာမည်တွေက ဗမာလိုဖြစ်နေရင်တောင်မှ နာမည်အရှေ့မှာ 'နော်' နဲ့ 'စော' ထည့်ဖို့ ပြောထားတယ်။ ဒါကြောင့် မွေးစရင်းထဲကသူတို့ရဲ့ နာမည်ရှေ့မှာ 'နော်' နဲ့ 'စော' ပါပြီးသားဆိုရင် မြန်မာအစိုးရအနေနဲ့ ပြင်းလို့လည်းမရတော့ဘူး။ ပြောင်းလို့လည်း မရတော့ဘူး။"*

တိုင်းရင်းသားများ၏ နာမည်များသည်လည်း ဗမာမှုပြုခြင်းခံရလေ့ရှိသည်။[26] မေးခွန်းဖြေကြားသူအချို့က မှတ်ပုံတင်လုပ်သည့်အခါတွင် ၎င်းတို့၏အမည်များအား အစိုးရဝန်ထမ်းများမှ လုံးဝပြောင်းလဲပစ်လိုက်ကြောင်း ပြောပြခဲ့ကြသည်။ အစိုးရကျောင်းများတွင်လည်း ဆရာ/မ များက ကျောင်းသားများ၏ အမည်များအား ဗမာမှုပြုလေ့ရှိကြသည်။

ဒူးပလာယာခရိုင်မှ ဆရာမပောင်းတစ်ဦးက သူမ၏ကျောင်းတွင် ကြုံခဲ့ရသည့်အခြေအနေကို ဤသို့ပြန်လည် ပြောပြခဲ့သည်။ *"ဥပမာအနေနဲ့ပြောရမယ်ဆိုရင် ကျောင်းသူလေးရဲ့နာမည်က ဖောဝါးဆိုပါတော့။ သူ့ရဲ့ကျောင်းနာမည်ကိုလည်း နော်ဖောဝါးလို့ပဲ စာရင်းသွင်းပေးသင့်တယ်။ ဒါပေမယ့် သူတို့က ပန်းဖြူဆိုပြီး ထည့်လိုက်တယ်။ ကျွန်မကသူတို့ကို အဲ့လိုလုပ်လို့မရဘူးလို့ပြောပေမယ့် သူတို့က အဲ့ဒီနာမည်က နားထောင်လို့ကောင်းတယ်လို့ ပြန်ဖြေတယ်။ အဲ့ဒါနဲ့ သူတို့ကိုပြန်ပြောလိုက်တယ်။ ခေါ်လို့ကောင်းတိုင်း ဒီလိုပြောင်းလို့မရဘူး။ ကျောင်းသူရဲ့နာမည်အရင်းကိုပဲ ထည့်ရမယ်။"* ဖောဝါးနှင့် ပန်းဖြူမှာ အဓိပ္ပါယ် အတူတူပင်ဖြစ်သည်။ ထို့အတွက်ကြောင့် ဆရာမများအနေဖြင့် ဗမာနာမည်အား အသုံးပြုခြင်းသည် လက်ခံနိုင်ဖွယ်ရာအခြေအနေဟု ထင်မှတ်ခြင်းဖြစ်နိုင်သည်။

လူတစ်ဦး၏အမည်အား ကျောင်းအပ်သည့်အခါတွင်ပြောင်းခဲ့ပါက ထိုနာမည်သည် တရားဝင်အမည်ဖြစ်သွားပြီး အခြားသောစာရွက်စာတမ်းများနှင့်မှတ်တမ်းများထဲတွင်လည်း သက်ရောက်မှုရှိစေနိုင်သည်။ အချို့သောရွာသားများက ၎င်းတို့၏ကလေးများတွင် မွေးစာရင်းမရှိပါက ကလေး၏အသက်ကို သက်သေပြရန်အတွက် ကျောင်းမှစာရွက်စာတမ်းများကို အားကိုးရလေ့ရှိသည်။ သို့သော်လည်း အကယ်၍ အိမ်ထောင်စုစာရင်းရှိ အမည်နှင့်ကျောင်းအမည် ကိုက်ညီမှုမရှိပါက မိဘများအနေဖြင့် ၎င်းတို့၏ ကလေးများအတွက် မှတ်ပုံတင် ပြုလုပ်ပေးနိုင်မည် မဟုတ်ပေ။ မေးခွန်းဖြေကြားသူအများစုမှ မှတ်ချက်ပြုထားသကဲ့သို့ တစ်စုံတစ်ယောက်အား ထိုအမည်ဖြင့် သိထားပါက သူ၏အမည်အား နောက်ပိုင်းတွင်ပြောင်းလဲရန်မှာ ခက်ခဲနိုင်သည်။

26 ဥပမာအားဖြင့်-ကရင်နာမည်များသည် ဘာသာစကားအားဖြင့် ရေးနည်းဖြစ်စေ၊ အသံထွက်ဖတ်နည်းဖြစ်စေ မြန်မာနှင့်လုံးဝကွဲပြား ခြားနားသည်။ မြန်မာဘာသာဖြင့်ရေးသည်ဖြစ်စေ၊ အသံထွက်ဖတ်သည်ဖြစ်စေ မတူကွဲပြားစွာ ထွက်လာမည်ဖြစ်သည်။

ဗဟာဗမာလူမျိုးကြီးဝါဒ၏ လုပ်ဆောင်မှုတစ်ခုမှာ ဗမာမဟုတ်သည့် တိုင်းရင်းသားလူမျိုးစုများ၏ ဖြစ်တည်မှုကို မှေးမှိန်သွားစေပြီး နိုင်ငံရေးနှင့်ယဉ်ကျေးမှုတွင် လူနည်းစုဖြစ်သွားစေသည်။ ဤကဲ့သို့သော ဗမာမှုပြုခြင်းများသည် တရားဝင်စာရွက်စာတမ်းပြုလုပ်ရာတွင် အဓိကအချက်တစ်ခုဖြစ်သည်။ ထို့ကြောင့်လူနည်းစုများ၏ တိုင်းရင်းသားဝိသေသလက္ခဏာများကို လူများစုဖြစ်သောဗမာအဖြစ်သို့ ပြောင်းလိုက်ခြင်းသည် အခြားလူမျိုးစုများကို အရေအတွက်နည်းပါးသွားစေသည်။ အချို့ မေးခွန်းဖြေကြားသူများက စာရွက်စာတမ်းများတွင် ၎င်းတို့အား ဗမာ သို့မဟုတ် ဗုဒ္ဓဘာသာအဖြစ် “မှားယွင်း” ထည့်သွင်းထားကြောင်း ဖော်ပြခဲ့ကြသည်။

အချို့မေးခွန်းဖြေကြားသူများက သန်းခေါင်စာရင်းကောက်ယူသည့် လုပ်ငန်းစဉ်တွင်လည်း မဟာဗမာလူမျိုးကြီးဝါဒအား ကျင့်သုံးခြင်းကို မကြာခဏတွေ့ရကြောင်း ပြောပြခဲ့ကြသည်။ အစိုးရဝန်ထမ်းများမှ ကျေးရွာများသို့ကွင်းဆင်းပြီး လူဦးရေစာရင်းကောက်ယူသည့်အခါတွင် ရွာသားများကို တိုင်းရင်းသားများ၏နာမည်ရှေ့ဂုဏ်ပုဒ်များအား အသုံးပြုခွင့် မပေးခဲ့ပေ။ ဘိတ်-ထားဝယ် (မြိတ်-ထားဝယ်) ခရိုင်၊ လယ်ဒိုစိုး မြို့နယ်၊ ဘ--- ကျေးရွာမှ ကရင်အမျိုးသမီးအစည်းအရုံး ဝန်ထမ်းတစ်ဦးဖြစ်သူက *“ကျွန်မတို့ကို သူတို့က ဗမာလူမျိုးအဖြစ် ကိုယ်စားပြုစေချင်လို့ ဗမာလူဦးရေစာရင်းထဲမှာ ထည့်တွက်လိုက်တယ်။”* ကရင်လူမျိုးအဖြစ် မဟုတ်ပဲ ကရင်-ဗမာ တိုင်းရင်းသားအဖြစ် သတ်မှတ်ထားကြောင်း သူမကပြောပြခဲ့သည်။ ဒူးပလာယာခရိုင်မှ ကရင်အမျိုးသမီးအစည်းအရုံး၏အကြံပေးတစ်ဦးကလည်း *“သူတို့က ကရင်လူမျိုးတွေပျောက်သွားပြီး ဗမာလူမျိုးအရေအတွက်တိုးလာတာကို လိုချင်ကြတယ်”*ဟုထပ်လောင်းပြောပြခဲ့သည်။ ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေတွင် ကရင်၊ မွန်၊ ရှမ်း စသည့်လူမျိုးများ ဖြစ်နေခြင်းသည် မြန်မာနိုင်ငံသားတစ်ဦးအဖြစ်သတ်မှတ်ရန် လုံလောက်သည်ဟု ဖော်ပြထားသော်လည်း အစိုးရ၏မူဝါဒများက ဗမာမဟုတ်သော တိုင်းရင်းသားများအား ၎င်းတို့အနေဖြင့် တိုင်းရင်းသားအဖြစ် သတ်မှတ်ခြင်းခံရရန်အတွက် ဗမာလူမျိုးဖြစ်ရန်လိုအပ်သကဲ့သို့ ခံစားရစေသည်။

## ၂) အခြားတိုင်းရင်းသားများ၏ အတွေ့အကြုံများ

အခြားသောတိုင်းရင်းသားလူမျိုးများက အစိုးရ၏ခွဲခြားဆက်ဆံမှုမူဝါဒများကြောင့် အခက်အခဲများကို ထပ်လောင်း ကြုံတွေ့ခံစားကြရသည်။ ကရင်အမျိုးသားအစည်းအရုံး ထိန်းချုပ်နယ်မြေဖြစ်သည့် ဒူးပလာယာခရိုင်၊ နို့တကော(ကြာအင်းဆိပ်ကြီး)မြို့နယ်၊ ပအို့ဝ်လူမျိုးအများစုနေထိုင်သည့်ရွာမှ ပအို့ဝ်အမျိုးသားတစ်ဦးက ပအို့ဝ်ရွာသားများအနေဖြင့် မှတ်ပုံတင်များရရှိရန်ကြိုးစားရန်းကန်ကြရကြောင်း ရှင်းပြခဲ့သည်။ ထို့အတွက်ကြောင့် ၎င်းတို့အနေဖြင့် မှတ်ပုံတင်ရရှိနိုင်ရန်အတွက် အသုံးပြုခဲ့သည့် နည်းလမ်းများကြောင့် တစ်ခါတစ်ရံတွင် ၎င်းတို့၏တိုင်းရင်းသားအမည်အရှေ့ဂုဏ်ပုဒ်များကို ဆက်လက်ထိန်းသိမ်းထားနိုင်ရန်အတွက် ပိုမိုခက်ခဲစေသည်။ အဆိုပါပအို့ဝ်ရွာသား၏ပြန်လည်ပြောပြချက်အရ ပအို့ဝ်လူမျိုးများအနေဖြင့် လွန်ခဲ့သည့်နှစ်ပေါင်းများစွာက အမျိုးသားမှတ်ပုံတင်လျှောက်ထားခွင့် မရခဲ့ပေ။ သူအပါအဝင်အခြားသူများသည် မှတ်ပုံတင်ရရှိရန်အတွက် အစိုးရထိန်းချုပ်မှုနယ်မြေအတွင်းရှိ ကျေးရွာများသို့သွားရောက်ခဲ့ကြရသည်။ သူ့အား မိသားစုဝင်အဖြစ် အိမ်ထောင်စုစာရင်းတွင်ထည့်သွင်းပေးမည့် ကောတရိ (ကော့ကရိတ်)မြို့နယ်မှ ကရင်ရွာတစ်ရွာရှိ မိသားစုတစ်စုထံသို့ သွားရောက်ခဲ့ရသည်။ ထို့အတွက်ကြောင့် သူ့၏အမည်ရှေ့တွင် ကရင်တိုင်းရင်းသားအမည်ရှေ့ဂုဏ်ပုဒ် ‘စော’ ပါဝင်နေသည်။ ဤအခြေအနေနှင့်ပတ်သက်ပြီး သူ၏အမြင်ကို ဤသို့ဖော်ပြခဲ့သည်။ *“ပအို့ဝ်လူမျိုးတွေက သူတို့ရဲ့နာမည်ရှေ့မှာ ‘ခွန်’ ထည့်ရမယ်။ ဒါပေမယ့် လက်တွေ့မှာတော့ စော၊ ဦး ဒါမှမဟုတ် ‘မောင်’ ဆိုတာတွေ ထည့်ထားပေးတယ်။*

*[...]ရှာသားတွေက သူတို့ရဲ့ တိုင်းရင်းသားအသွင်ပြင်လက္ခဏာတွေနဲ့ အခွင့်အရေးတွေကို နားမလည်ကြဘူး။ ဒါကြောင့် အစိုးရကသူတို့နာမည်ရှေ့မှာ ထည့်ချင်တာထည့်လို့ရတယ်။ [...] ကျွန်တော်ကိုယ်တိုင်လည်း မှတ်ပုံတင်လုပ်တုန်းက ဘာမှနားလည်ခဲ့တာမဟုတ်ဘူး။ သူတို့က ကျွန်တော့်ရဲ့နာမည်ရှေ့မှာ 'စော' ထည့်မယ်လို့ပြောတော့ ရပါတယ်လို့ပြောခဲ့တယ်။ ကျွန်တော့်အတွက်က မှတ်ပုံတင်ရဖို့က အရေးကြီးလို့ သူတို့ထည့်ချင်တာ ပေးထည့်လိုက်တယ်။”* သူ့အနေဖြင့် သူ၏မှတ်ပုံတင်မှ အမည်ကိုပြောင်းလိုသော်လည်း သူ၏အခြားသော စာရွက်စာတမ်းများတွင်လည်း ထိုမှတ်ပုံတင်မှ အမည်ကို အသုံးပြုထားသောကြောင့် မှတ်ပုံတင်အမည်ကို ပြောင်းပါက အခြားစာရွက်စာတမ်းများနှင့် ကိုက်ညီတော့မည်မဟုတ်ပေ။ *“ကျွန်တော့်အနေနဲ့ အခက်အခဲတွေ ထပ်တွေ့မှာစိုးလို့ ဒီအတိုင်းပဲ ထားလိုက်တော့တယ်။”* ထို့ကြောင့် သူ၏အမည်အရင်းကို အိမ်သုံးနာမည်အဖြစ်သာ အသုံးပြုတော့သည်။

ဤသို့သောအလေ့အထများသည် မည်မျှကျယ်ပြန့်လျက်ရှိသည်ကို ပြောရန်ခက်ခဲသည်။ သို့သော်လည်း ဤကိစ္စသည် ကရင်မဟုတ်သည့် အခြားရှာသားများကြုံတွေ့ရသော အခက်အခဲဖြစ်သဖြင့် မီးမောင်းထိုးပြသင့်သောအချက်ဖြစ်သည်။ ဤသို့သောကိစ္စရပ်များအား ဖြစ်ပေါ်စေသည့်အချက်များမှာ ခြားနားမှုများရှိနိုင်သော်လည်း တရားဝင်စာရွက်စာတမ်းများအား ရရှိခဲ့သူများအတွက် ပို၍အခက်အခဲ ဖြစ်စေသည်။ ပအို့ဝ်ရှာသားအများအပြား ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်ကဲ့သို့ပင် ၎င်းတို့အနေဖြင့် အခြားရွေးချယ်စရာများစွာမရှိသဖြင့် တရားဝင်အထောက်အထားရရှိနိုင်ရန်အတွက် မိမိတို့၏တိုင်းရင်းသားဝိသေသလက္ခဏာများကို ထိခိုက်စေသည့်အခြေအနေများကို လက်ခံခဲ့ကြရသည်။ ဤဥပမာတွင်ဖော်ပြထားသော နိုင်ငံသားဆိုင်ရာစာရွက်စာတမ်းများ ရရှိနိုင်ခွင့်သည် ဤဒေသမှ ကရင်ရှာသားများအတွက် ပိုမိုလွယ်ကူကြောင်းနှင့် အစိုးရ၏အတားအဆီးများရှိနေသော်လည်း တိုင်းရင်းသားလူနည်းစုများသည် ၎င်းတို့၏အခွင့်အရေးကိုရရှိနိုင်ရန်အတွက် ယေဘုယျအားဖြင့် အသုံးပြုသည့် နည်းလမ်းများကို မီးမောင်းထိုးဖော်ပြထားသည်။

မေးခွန်းဖြေကြားသူက တိုင်းရင်းသားတစ်ဦးအနေဖြင့် ၎င်းတို့၏ တိုင်းရင်းသားဝိသေသလက္ခဏာများကို မည်သို့စာရင်းသွင်းခဲ့ကြောင်းနှင့်ပတ်သက်၍ စိတ်ဝင်စားဖွယ်ကောင်းသည့် အလားတူကိစ္စ ရပ်များကို ထောက်ပြခဲ့သည်။ ထို့နောက် ဤကဲ့သို့သောဖြစ်ရပ်များကြောင့် တိုင်းရင်းသားအမည်များကို မှတ်တမ်းတင်ရာတွင် မှားယွင်းနိုင်ခြင်း သို့မဟုတ် အထူးသဖြင့်လူမျိုးနွယ်စုအများအပြားနေထိုင်သည့် ဒေသတွင် အခြားတိုင်းရင်းသားများကိုပါ ခြုံငုံစာရင်းသွင်းမိခြင်းများ ဖြစ်စေနိုင်ကြောင်း ပြောပြခဲ့သည်။ *“ရှာလူကြီးက ကရင်ဆိုရင် သူတို့[အစိုးရ စာရေးများ]က လူတွေအားလုံးရဲ့ နာမည်မှာ 'စော' ထည့်လိုက်တယ်။”* ရှာလူကြီးမှ ရှာသားများအား စာရွက်စာတမ်းများ ကူညီဖြည့်ပေးသည့်အခါတွင်လည်း စာရွက်စာတမ်းများကို ပုံစံတူဖြည့်ရန်ညွှန်ကြားခဲ့သည်။ *“မှတ်ပုံတင်လုပ်တဲ့အခါ ကျေးရှာလူကြီးအပေါ်မှာလည်း အများကြီးမူတည်တယ်။ ဘာလို့လဲဆိုတော့ ရှာလူကြီးက ခင်ဗျားရဲ့နာမည်၊ အသက်နဲ့လူမျိုးကို ခင်ဗျားအတွက် ဖြည့်ပေးရတယ်။ တကယ်လို့ရှာလူကြီးက 'စော' လို့ဖြည့်ပါဆိုရင် ရှာသားက 'စော' လို့ ထည့်ရတယ်။”* အကယ်၍ ကရင်ရှာသားများအနေဖြင့် ၎င်းတို့၏တိုင်းရင်းသားနာမည်အရှေ့ဂုဏ်ပုဒ်များကို နိုင်ငံသားဆိုင်ရာစာရွက်စာတမ်းများတွင် တိုးမြှင့်ထည့်သွင်းရေးသားနိုင်ကြသော်လည်း အခြားလူမျိုးစုငယ်များမှာမူ ဤကဲ့သို့ထည့်သွင်းနိုင်ခြင်းမရှိသေးပေ။ ကရင်မဟုတ်သော မေးခွန်းဖြေကြားသူတစ်ဦးတည်းသာလျှင် သူ့အနေဖြင့် သူ၏မှတ်ပုံတင်တွင် အမည်ရှေ့ဂုဏ်ပုဒ်အမှန်ကို ထည့် သွင်းနိုင်ခဲ့ကြောင်း ပြောခဲ့သည်။

ကရင်မဟုတ်သော မေးခွန်းဖြေကြားသူများက ခွဲခြားဆက်ဆံမှုနှင့်ပတ်သက်ပြီး ကိစ္စအနည်းငယ်ကို ထောက်ပြခဲ့သည်။ ခွဲခြားဆက်ဆံခြင်းအများစုသည် မြန်မာအစိုးရနှင့် တပ်မတော်တို့မှ လုပ်ဆောင်ခြင်း ဖြစ်သည်ဟု ဆွေးနွေးမှုအများစုက ဖော်ပြထားခဲ့သည်။ သို့သော်လည်း ပဒိုဝ့်ရွာသားတစ်ဦးကမူ မြန်မာ အစိုးရနှင့် KNU တို့နှစ်ဖက်လုံးမှ ၎င်းတို့၏ ကျေးရွာအား ပဒိုဝ့်ရွာအဖြစ် အသိအမှတ်ပြုခြင်းမရှိသည့်အပြင် ၎င်းတို့အနေဖြင့် ဆုံးဖြတ်ချက်ကြီးကြီးမားမား ချမှတ်ခြင်းများနှင့် ကျေးရွာအုပ်စု/ မြို့နယ် အစည်းအဝေး များတွင် ဖယ်ကျဉ်ခံရကြောင်း ဖော်ပြခဲ့သည်။ မူတြော်ခရိုင်၊ ဘူးသိုမြို့နယ်မှ ရှမ်းရွာသားတစ်ဦးက သူ့အနေဖြင့် ရွာတွင် လူနည်းစုတစ်ဦး ဖြစ်နေသည့် အတွက် ကရင်လူမျိုးများ၏ ခွဲခြားဆက်ဆံခြင်းခံရပုံကို ဤသို့တင်ပြခဲ့သည်။ *"သူတို့ [ကရင်လူမျိုး] က ကျွန်တော့်ကိုပြောတယ်။ နင်က ရှမ်းလူမျိုး။ ဘာလို့ ရှမ်းပြည်ကိုမပြန်တာလဲ။"*

တိုင်းရင်းသားမျိုးနွယ်စုတစ်စုမှ အခြေချနေထိုင်သည့် နယ်မြေဒေသ သို့မဟုတ် နိုင်ငံရေးအရသတ်မှတ် ထားသောနေရာများတွင် နေထိုင်ခြင်းမရှိသည့်အတွက်ကြောင့် ဖြစ်ပေါ်လာသော ပြဿနာအား ဒူးပလာ ယာခရိုင်၊ နို့တကောမြို့နယ်တွင်းရှိ ကရင်အသိုက်အဝန်းအတွင်း နေထိုင်လျက်ရှိသော မွန်လူမျိုးရွာသား တစ်ဦးမှ ကြုံတွေ့ခဲ့ရသည်။ သူ့အနေဖြင့် မြို့ပေါ်သို့သွားသည့်အခါများတွင် ဗမာများက သူ့ကိုစော်ကား ပြောဆိုခဲ့ကြောင်းနှင့် အထင်အမြင်သေးကြကြောင်းပြောခဲ့သည်။ *"ကျွန်တော်တို့တွေ ဗမာတွေရဲ့ ခွဲခြား ဆက်ဆံတာ ခံရတယ်။ [...] သူတို့ကပြောတယ်။ ကျွန်တော်တို့တွေ မြန်မာနိုင်ငံမှာ နေရင်တောင်မှ KNU လက်အောက်မှာ နေရမယ်လို့ သူတို့ကပြောတယ်။"* တိုင်းရင်းသားလူနည်းစုများအကြား ပဋိပက္ခ များနှင့် တင်းမာမှုများ အနည်းငယ်ရှိသည်ဟု ဖော်ပြကြသော်လည်း ကရင်လူမျိုးများနှင့် ကရင်လူမျိုး မဟုတ်သော မေးခွန်းဖြေကြားသူများက ၎င်းတို့၏လူမှုအသိုက်အဝန်းတွင် ကောင်းမွန်သောဆက်ဆံ ရေးရှိကြသည်ဟု ယေဘုယျအားဖြင့် ပြောခဲ့ကြသည်။

## ၃) တိုင်းရင်းသားလူနည်းစု၏ နိုင်ငံသားအခွင့်အရေးများအား ကာကွယ်စောင့်ရှောက်ခြင်း

ခလယ်လွီထူခရိုင်၊ မူး(မုန်း)မြို့နယ်မှ ကရင်ပညာရေးနှင့်ယဉ်ကျေးမှုဌာန (KECD)[27] ၏ ဒုအတွင်းရေးမှူးမှ KHRG အား ဤသို့ ပြောခဲ့သည်။ *"ကရင်လူမျိုးအားလုံး ခရစ်ယာန်ပဲဖြစ်ဖြစ် မိရိုးဖလာကိုးကွယ်သူပဲဖြစ်ဖြစ် မြန်မာအစိုးရနဲ့ တပ်မတော်ရဲ့ ခွဲခြားဆက်ဆံတာကို ခံရဖူးတယ်။"* ကရင်အမျိုးသမီးအစည်းအရုံး၏ အထွေထွေအတွင်းရေးမှူးဖြစ်သူ နော်ကညောဖောက သူမ၏အမြင်ကို ဤသို့ပြောခဲ့သည်။ *"ဝမ်းနည်း စရာကောင်းတာက စနစ်ရဲ့အောက်မှာနေနေရတဲ့ တိုင်းရင်းသားအများစုက သူတို့တွေအနေနဲ့ လူမျိုး ဒါမှမဟုတ် ဖြစ်တည်မှုနဲ့ပတ်သက်ပြီး သူတို့တစ်ဘဝလုံး ခွဲခြားဆက်ဆံခံနေရတယ်ဆိုတာကို မသိ ကြဘူး။ သူတို့အနေနဲ့ ဒီလိုဘဝမှာနေနေရတာဟာ သူတို့ရဲ့ကံကြမ္မာလို့ ထင်နေကြတယ်။"*

ယခုအချိန်အထိ တိုင်းရင်းသားလူမျိုးများဖော်ပြခဲ့သော အချက်အလက်များအား ၂၀၁၅ ခုနှစ်၊ တိုင်းရင်း သားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေအရ (တိုင်းရင်းသားမျိုးနွယ်စု ၁၃၅

27 ကရင်ပညာရေးနှင့်ယဉ်ကျေးမှုဌာန (KECD) သည် ကရင်အမျိုးသားအစည်းအရုံး၏ ပညာရေးဌာနဖြစ်သည်။ ၎င်း၏အဓိက ရည်ရွယ်ချက်များမှာ မြန်မာပြည်အရှေ့တောင်ပိုင်း ကျေးလက်ဒေသတွင် နေထိုင်သောကရင်လူမျိုးများအား ၎င်းတို့၏မိခင် ဘာသာဖြင့် ပညာရေးဝန်ဆောင်မှုများပေးရန်ဖြစ်သည်။ ထို့နည်းတူစွာ ၎င်းတို့သည် ကရင်စာပေ၊ ယဉ်ကျေးမှုနှင့်သမိုင်းကို ထိန်းသိမ်းစောင့်ရှောက်ရန်ဖြစ်သည်။ ၎င်းသည် ထိုနယ်ပယ်ဒေသများတွင် အရေးပါသော ပညာရေးဝန်ဆောင်မှုပေးသူဖြစ် သော်လည်း၊ ၎င်းကို မြန်မာပြည်အစိုးရမှ တရားဝင်အသိမှတ်ပြုခြင်းမရှိပေ။

စုထဲတွင် တစ်စုအပါအဝင်ဖြစ်သည့်အတွက်) အကာအကွယ်ပေးထားမှုများ ရှိသော်လည်း KHRG မှ မေးခွန်းဖြေကြားခဲ့သောရွာသားများထဲမှ အနည်းငယ်သာလျှင် ထိုဥပဒေတည်ရှိကြောင်းကို သိရှိကြသည်။ တိုင်းရင်းသားအခွင့်အရေးများအား ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထည့်သွင်းရေးသားထားပြီးဖြစ်သော်လည်း တိုင်းရင်းသားအခွင့်အရေးကာကွယ်စောင့်ရှောက်သည့်ဥပဒေအား ရေးဆွဲသည့် ထိုအခွင့်အရေးများကို ဥပဒေပြဌာန်းကာ ကာကွယ်စောင့်ရှောက်ပေးနိုင်ရန်အတွက်ဖြစ်သည်။ လုပ်ငန်းစဉ်အား ကြီးကြပ်နိုင်ရန်အတွက် တိုင်းရင်းသားရေးရာဝန်ကြီးဌာနအား ဖွဲ့စည်းခဲ့ခြင်းအပြင် ထိုဥပဒေ၏ အဓိကဦးတည်ချက်မှာ လူနည်းစုတိုင်းရင်းသားများ၏ ယဉ်ကျေးမှုနှင့် စာပေအခွင့်အရေးအား ကာကွယ်စောင့်ရှောက်ရန်ဖြစ်သည်။ ထိုဥပဒေသည် နိုင်ငံသားဆိုင်ရာစာရွက်စာတမ်းများ သို့မဟုတ် အခြားအစိုးရနှင့်ဆိုင်သော အမည်စာရင်းပေးသွင်းခြင်းများတွင် နာမည်အရှေ့ဂုဏ်ပုဒ်များအသုံးပြုခွင့် သို့မဟုတ် တိုင်းရင်းသားမျိုးနွယ်စုတစ်စုဖြစ်ကြောင်း တောင်းဆိုပိုင်ခွင့်များ စသည့်တိုင်းရင်းသားဝိသေသလက္ခဏာဆိုင်ရာအခွင့်အရေးနှင့်ပတ်သက်၍ ထင်ရှားစွာဖော်ပြထားခြင်း မရှိပေ။ တိုင်းရင်းသားလူနည်းစုများသည် ၎င်းတို့၏ နိုင်ငံသားဆိုင်ရာ စာရွက်စာတမ်းများနှင့် မြန်မာနိုင်ငံသားအဖြစ် သတ်မှတ်ခြင်းခံရရန်အတွက် လုပ်ဆောင်ရာတွင် စိန်ခေါ်မှုများအား ကြုံတွေ့နေကြရဆဲပင်ဖြစ်သည်။

နိုင်ငံသားဆိုင်ရာစာရွက်စာတမ်းများမရှိရခြင်း အဓိကအကြောင်းအရင်းမှာ အစိုးရ၏ချမှတ်ထားသောအတားအဆီးများကြောင့်ဖြစ်သည်။ သို့သော်လည်း အချို့သောအခြေအနေများတွင်မူ အထူးဖြင့် မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ကျေးလက်တောရွာများတွင် နေထိုင်ကြသည့်ရွာသားများသည် စာရွက်စာတမ်းများလိုအပ်သည်ဟု မရှုမြင်ကြသောကြောင့် လုပ်ဆောင်ခြင်းများမရှိကြပါ။ သို့သော်လည်း နိုင်ငံသားဖြစ်မှုဆိုင်ရာ စာရွက်စာတမ်းများသည် လူတစ်ဦး၏အခွင့်အရေးအား ရရှိနိုင်ရန်အတွက် လိုအပ်သည်။ မှတ်ပုံတင်မရှိပါက ၎င်းတို့အနေဖြင့် ရွေးကောက်ပွဲများတွင် ဆန္ဒမဲပေးခွင့်၊ မြန်မာနိုင်ငံအတွင်း လွတ်လပ်စွာသွားလာခွင့်၊ ကလေးများအား မသင်မနေရဖြစ်သော မူလတန်းကျောင်းအဆင့်ထက်ပို၍ သင်ကြားခွင့် သို့မဟုတ် မြေယာများအားဝယ်ယူခွင့်နှင့်မှတ်ပုံတင်ခွင့်စသည့် အခွင့်အရေးများ မရရှိနိုင်ပါ။ KNU ထိန်းချုပ်နယ်မြေတွင်နေထိုင်ကြသူများဖြစ်သော၊ ကလေးများကို KECD ကျောင်းတွင်ထားသူများနှင့် မြေယာများကိုစာရင်းသွင်းထားခြင်းမရှိသော်လည်း အစိုးရနှင့်ကုမ္ပဏီများ၏ မြေယာသိမ်းဆည်းခြင်းကို ခံရခြင်းမရှိသောသူများသည်အစိုးရမှထုတ်ပေးသော မှတ်ပုံတင်များမရှိသော်လည်း ဆိုးကျိုးသက်ရောက်မှုများကို ခံစားရနိုင်ချေမှာ သိသိသာသာနည်းပါးသည်။ သို့သော်လည်း မြန်မာနိုင်ငံ၏ နိုင်ငံသားဖြစ်ရေးစနစ်သည် ဆွေစဉ်မျိုးဆက် နိုင်ငံအတွင်းနေထိုင်ကြောင်းနှင့်ပတ်သက်၍ သက်သေအထောက်အထားများကို လိုအပ်သဖြင့် အကယ်၍ရွာသားများအနေဖြင့် မှတ်ပုံတင်မလုပ်ရန် ရွေးချယ်ပါက ၎င်းတို့၏ မျိုးဆက်များ နိုင်ငံသားဖြစ်ခွင့်ရရှိရန်အတွက် မသေချာမှုများ ဖြစ်လာစေနိုင်သည်။

မြန်မာပြည်အရှေ့တောင်ပိုင်းတွင် ဆန္ဒမဲပေးခြင်းနှင့် မဲပေးခွင့်များသည် အလွန်အရေးကြီးသော ပြဿနာတစ်ရပ်အဖြစ် ဆက်လက်တည်ရှိနေသည်။ တိုင်းရင်းသားလူနည်းစုများအနေဖြင့် မှတ်ပုံတင်ပိုင်ဆိုင်မှု မရှိခြင်းကိစ္စတစ်ခုတည်းကြောင့်မဟုတ်ပေ။ ယခင်ကမဲရုံစောင့်လုပ်သားတစ်ဦးအဖြစ် လုပ်ကိုင်ခဲ့ဖူးသည့် မေးခွန်းဖြေကြားသူတစ်ဦး၏ ပြောကြားချက်အရ အကယ်၍လူတစ်ဦး၏ မှတ်ပုံတင်ထဲရှိ နာမည်ရှေ့ဂုဏ်ပုဒ်မှာ တိုင်းရင်းသားဂုဏ်ပုဒ်မဟုတ်ပဲ ဗမာနာမည်အရှေ့ဂုဏ်ပုဒ်ဖြစ်နေပါက ထိုသူအနေဖြင့် ၎င်း၏တိုင်းရင်းသားရေးရာဝန်ကြီးအတွက် မဲပေးခွင့်မရှိတော့ပါ။ အခြားသော မေးခွန်းဖြေကြားသူများကလည်း ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲတွင် အစိုးရဝန်ထမ်းများမှ ၎င်းတို့၏ကျေးရွာသို့ မဲစာရင်းသွားရောက်ရယူခြင်း မရှိသည့်အတွက် ရွာသားများအနေဖြင့် မဲပေးခွင့်မရှိခဲ့ကြောင်း ဖော်ပြခဲ့ကြသည်။

မဲဆန္ဒရှင်များအားလုံး ၎င်းတို့နှစ်သက်သည့် ကိုယ်စားလှယ်များအား လွတ်လပ်စွာ ရွေးချယ်ပိုင်ခွင့်ရှိသော်လည်း မေးခွန်းဖြေကြားသူတစ်ဦးက အစိုးရဝန်ထမ်းများမှာလည်း ၎င်းတို့၏မဲပေးပိုင်ခွင့်များကို အလွဲသုံးစားပြုခံခဲ့ရကြကြောင်း ပြောခဲ့သည်။ *"ကျွန်တော်တို့အတွက်ကတော့ အစိုးရဝန်ထမ်းဖြစ်နေတဲ့အတွက် ကျွန်တော်တို့ရဲ့ မဲတွေအကုန်လုံး သူတို့ (မြန်မာအစိုးရ) ရဲ့ လက်ထဲမှာပဲ။ ကျွန်တော်တို့တောင် မသိလိုက်ပဲ ကျွန်တော်တို့ရဲ့မဲတွေက သူတို့အတွက်ဖြစ်သွားတယ်။" "သူတို့တွေ ကျွန်တော့်ရဲ့ နာမည်နဲ့ ဘယ်ပါတီကို မဲပေးခဲ့လည်း ကျွန်တော်မသိဘူး။ ဒါပေမယ့် ကျွန်တော်လည်း ဘာမှမတတ်နိုင်ဘူး။ [...] သူတို့တွေကို ကျွန်တော့်ရဲ့မဲကိုထပ်ပြီးသုံးခွင့်မပေးတော့ဘူး။ ကျွန်တော်တို့ကိုယ်တိုင်ပဲ မဲပေးချင်တယ်။"* ဟု ထပ်လောင်းပြောခဲ့သည်။ အစိုးရဝန်ထမ်းများသာလျှင် မဲပေးရာတွင် လွတ်လပ်စွာပါဝင်ခွင့်မရကြပါ။ ဤအစီရင်ခံစာနှင့် ယခင် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲဆိုင်ရာအစီရင်ခံစာ[28] အတွက် မေးခွန်းဖြေကြားခဲ့ကြသူများက ၎င်းတို့၏ခေါင်းဆောင်များက ၎င်းတို့အား မည်သူ့ကိုမဲပေးရမည်ဟု ညွှန်ကြားခဲ့ကြောင်း တသမတ်တည်း ပြောခဲ့ကြသည်။ အခြားသောပြဿနာတစ်ရပ်မှာ မဲပေးခြင်းအပေါ် ထားရှိသော ယုံကြည်မှုဖြစ်သည်။ ကျေးရွာလူကြီးတစ်ဦးမှ *"တချို့ရွာသားတွေက သူတို့အနေနဲ့ မဲပေးရင်တောင်မှ ဘာမှပြောင်း လဲမှာမဟုတ်ဘူးလို့ထင်ကြတော့ မဲမပေးတာ ပိုကောင်းတယ်လို့ ပြောကြတယ်။"* ဟုဆိုခဲ့သည်။

ဤအစီရင်ခံစာအတွက် လူတွေ့မေးမြန်းမှုများအား လုပ်ဆောင်ပြီးနောက်ပိုင်း မကြာမီအချိန်က ဖြစ်ပေါ်ခဲ့သော အပြောင်းအလဲတစ်တစ်ခုမှာ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်များတွင် နေထိုင်ကြသော မွန်၊ ကရင်နှင့် ပအိုဝ်တိုင်းရင်းသားများအနေဖြင့် မှတ်ပုံတင်လျှောက်ထားသည့်အခါတွင် သော်လည်းကောင်း၊ ကလေးများအား ကျောင်းအပ်သည့်အခါတွင်သော်လည်းကောင်း၊ အိမ်ထောင်စုစာရင်းအား ပြန်လည်လျှောက်ထားသည့် အခါများတွင် ၎င်းတို့၏ ကိုယ်ပိုင်တိုင်းရင်းသားနာမည်ရှေ့ဂုဏ်ပုဒ်များအား သုံးခွင့်ရကြပြီဖြစ်သည်။ ဤသည်မှာ မဟာဗမာလူမျိုးကြီးဝါဒအား တွန်းလှန်ရာတွင် အရေးကြီးသည့် ခြေလှမ်းတစ်ခုဖြစ်သော်လည်း တိုင်းရင်းသားလူနည်းစုများအား ခွဲခြားဆက်ဆံခြင်းများက တိုင်းရင်းသားအများစုကို ဗမာအမည်များနှင့် ဗမာနာမည်ရှေ့ဂုဏ်ပုဒ်များအား ဆက်လက်အသုံးပြုရန် တွန်းအားပေးစေနိုင်သည်ဟု တိုင်းရင်းသားခေါင်းဆောင်များက အသိအမှတ်ပြုထားကြသည်။[29]

---

28 KHRG မှ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ထုတ်ဝေခဲ့သော "The 2015 Elections and Beyond: Perspectives from villagers in rural southeast Burma/Myanmar" တွင် ကြည့်ပါ။

29 Lawi Weng မှ ၂၀၂၀ ခုနှစ်၊ ဖွန်လတွင် Frontier Myanmar တွင် ထုတ်ဝေခဲ့သော "Call me Mi: Ethnic groups celebrate honorifics victory" တွင် ကြည့်ပါ။

## (ဂ) မွတ်စလင်များ

လူမျိုးရေးနှင့် ဘာသာရေးခွဲခြားဆက်ဆံမှုများသည် မြန်မာနိုင်ငံအတွင်းနေထိုင်သော ဗမာမဟုတ်သည့် အစုအဖွဲ့အားလုံးအပေါ် သက်ရောက်မှုရှိသော်လည်း မွတ်စလင်များကြုံတွေ့ရသော အခက်အခဲများသည် KHRG မှ လူတွေ့မေးမြန်းထားသော မွတ်စလင်မဟုတ်သူများဖော်ပြသည့် အခက်အခဲများနှင့် ကွဲပြားမှုရှိသည်။ လွန်ခဲ့သည့် ဆယ်စုနှစ်မှစ၍ ပြုပြင်ပြောင်းလဲမှုများသည် ဒီမိုကရေစီဖော်ဆောင်ရေးနှင့် တိုင်းရင်းသားလူနည်းစုများ၏အခွင့်အရေးကို ကာကွယ်ပေးရန်ရည်ရွယ်သော်လည်း မွတ်စလင်များမှာ ဖယ်ကျဉ်ခံနေကြရဆဲဖြစ်သည်။ မြန်မာပြည်အရှေ့တောင်ပိုင်းရှိ KHRG လုပ်ရှားရာနယ်မြေဒေသတွင် နေထိုင်ကြသော မွတ်စလင်များ၏အခြေအနေမှာ ရခိုင်ပြည်နယ်ရှိ မွတ်စလင်များ၏အခြေအနေကဲ့သို့ ဆိုးရွားမှုမရှိပါ။ သို့သော်လည်း မြန်မာပြည်အရှေ့တောင်ပိုင်းရှိ မွတ်စလင်များသည် အခြားသောတိုင်းရင်းသားနှင့် ဘာသာဝင်များ မကြုံတွေ့ရသော ခွဲခြားဆက်ဆံမှုများကို ရင်ဆိုင်ကြုံတွေ့ကြလျက်ရှိသည်။

မြန်မာပြည်အရှေ့တောင်ပိုင်းတွင် မွတ်စလင်အား လူမျိုးအဖြစ်သာမက ဘာသာအဖြစ်ပါ သတ်မှတ်ထားကြောင်းကို သိနားလည်ရန် အရေးကြီးသည်။ အကြောင်းမှာ မြန်မာပြည်အရှေ့တောင်ပိုင်းရှိ မွတ်စလင်များသည် ၎င်းတို့၏လူမျိုးဇစ်မြစ်အား မသိတော့သည့်အတွက်ဖြစ်သည်။ ဆိုလိုသည်မှာ မွတ်စလင်များ အနေနှင့် နိုင်ငံသားအဖြစ် အသိအမှတ်ပြုနိုင်ရန် အစိုးရကသတ်မှတ်ထားသော တိုင်းရင်းသား ၁၃၅ မျိုးထဲမှတစ်မျိုးမျိုးနှင့် ဆက်နွယ်မှုရှိကြောင်းကို ဖော်ပြနိုင်မည့် ၎င်းတို့၏ တိုင်းရင်းသားဇစ်မြစ်နှင့်ပတ်သက်၍ သမိုင်းကြောင်းလိုက်နိုင်ခြင်း မရှိကြပါ။ ထို့အတွက်ကြောင့် အခြားသော တိုင်းရင်းသားလူမျိုးစုများအား မွန်-ဗုဒ္ဓ၊ ကရင်-ခရစ်ယာန် ဟူ၍ ဖော်ပြချိန်တွင် ၎င်းတို့အား မွတ်စလင်ဟူ၍သာ ဖော်ပြကြသည်။[30]

အင်္ဂလိပ်အသုံးအနှုန်းများဖြစ်သည့် “မွတ်စလင်” နှင့် “အစ္စလာမ်” ဟူသည့် အသုံးအနှုန်းများကို ရွာသားများက အသုံးပြုလေ့ရှိသော်လည်း ပုံမှန်အားဖြင့် မွတ်စလင်များအားရည်ညွှန်းသည့်အခါတွင်မူ ကရင်ဘာသာဖြင့် ‘ကော်လာ’၊ ဗမာဘာသာဖြင့် ‘ကုလား’ ဟု မကြာခဏ ခေါ်ဝေါ်သုံးစွဲကြသည်။[31] ကရင်လူမျိုးသတင်းပေးသူများ၏ပြောပြချက်များအရ ဗမာဘာသာဖြင့် ‘ကုလား’ ဟု ခေါ်ဝေါ်ခြင်းက ခွဲခြားဆက်ဆံလိုသည့်သဘော သက်ရောက်သော်လည်း ကရင်ဘာသာဖြင့် ‘ကော်လာ’ ဟု ခေါ်ဝေါ်ခြင်းသည် အဓိပ္ပါယ် အတူတူပင်ဖြစ်သော်ငြား ခွဲခြားဆက်ဆံလိုသည့် သဘောမဟုတ်ပေ။[32] ဤသို့ အဓိပ္ပါယ်ဖွင့်ဆိုချက် ကွာခြားခြင်းမှာ မကြာသေးမီအချိန်က ဗမာဘာသာဖြင့် ‘ကုလား’ ဟု ခေါ်ဝေါ်သမုတ်ခြင်းသည် ခွဲခြား

---

[30] ဤစာရင်းကို တမင်တကာရှည်လာအောင် လုပ်ယူသည်ဟု လူအများက မှတ်ယူကြသည်။ ဥပမာ- ပထဝီရေမြေအသွင်အပြင်သို့မ ဟုတ် ဘာသာရေးကွဲပြားမှုများသိပ်မရှိသော်လည်း ကရင်လူမျိုးကို ၁၁ အုပ်စုခွဲပြီး၊ ချင်းလူမျိုးကို ၅၃ အုပ်စုခွဲထားသည်။ အစိုးရနှင့်အပြည်ပြည်ဆိုင်ရာအေဂျင်စီများမှ ဤတိုင်းရင်းသား ၁၃၅ မျိုး၏စာရင်းကို ပြုစုခြင်းဖြင့် တိုင်းရင်းသားများကို အသိအမှတ်ပြုသည်ဟု ဖော်ပြချင်သော်လည်း ဤစာရင်းသည် ဖက်ဒရယ်စနစ်ကို ဦးတည်စေမည့်အစား ဗမာကြီးစိုးရေးကိုအခြေခံသောအုပ်ချုပ်မှုနှင့် စာရင်းထဲတွင်မပါဝင်သော မွတ်စလင်နှင့် တရုတ်မျိုးနွယ်စုကဲ့သို့သော အုပ်စုများကို ပယ်ထုတ်ရန်အတွက် ပိုမိုဦးတည်စေသည်။

[31] မွတ်စလင် သို့မဟုတ် ကော်လာ/ကုလားကို တိုင်းရင်းသားလူမျိုးနွယ်စုများအဖြစ် ဝေါဟာရ စကားအနေဖြင့် အသုံးများသော်လည်း၊ ၎င်းတို့ကို တရားဝင်စာရွက်စာတမ်းများတွင် ထည့်သွင်းနိုင်ရန်အတွက် မြန်မာအစိုးရမှ ၎င်းစကားရပ်များကို တိုင်းရင်းသားလူမျိုးနွယ်စု နိုင်ငံသားအဖြစ် သတ်မှတ်ထားခြင်းမရှိပေ။

[32] ကော်လာဝါး (ကုလားဖြူ) သည် ကရင်လူမျိုးများအသုံးများသော ဝေါဟာရဖြစ်ပြီး ၎င်းသည် ဥရောပလူမျိုးများ (သို့မဟုတ်) နိုင်ငံခြားသား ကိုရည်ညွှန်းသည်။ ကော်လာသူ (ကုလားမဲ)ကို ကော်လာအဖြစ် အတိုခေါက်သုံးကာ အရှေ့အလယ်ပိုင်း လူမျိုးများနှင့် တူသောလူမျိုးများကို ရည်ညွှန်းသည်။

ဆက်ဆံလိုသည့် သဘောဆောင်ကြောင်း ဝေဖန်မှုများအပေါ် မီဒီယာများ၏အာရုံစိုက်လာမှုကြောင့် ဖြစ်နိုင်သည်။ KHRG ၏ လူတွေ့မေးမြန်းမှုများတွင် မွတ်စလင်များက 'ကော်လာ' ဟု ခေါ်ဝေါ်ခံရခြင်းက ခွဲခြားဆက်ဆံခံရခြင်းဖြစ်ကြောင်း ပြောခဲ့ကြသော်လည်း အချို့သောမွတ်စလင်မဟုတ်သည့် လူတွေ့မေးမြန်းသူများက 'ကော်လာ' ဟူသည့် အသုံးအနှုန်းကို အနုတ်လက္ခဏာဆောင်သည့် သဘောသက်ရောက်နိုင်မည်ဟုမတွေးပဲ ၎င်းတို့ပတ်ဝန်းကျင်ရှိ မွတ်စလင်အသိုက်အဝန်းအား ရည်ညွှန်းရန် အသုံးပြုလေ့ရှိသည်။[33]

## ၁) တရားဝင်စာရွက်စာတမ်းများနှင့် ဖယ်ကျဉ်ခံရမှုများ

မြန်မာအစိုးရ၏ မှတ်ပုံတင်ကတ်ပြားလျှောက်ထားရန်အတွက် ရှုပ်ထွေးများပြားလှသည့် လိုအပ်ချက်များသည် မြန်မာပြည်အရှေ့တောင်ပိုင်းရှိရွာသားများအဖို့ ၎င်းတို့၏နိုင်ငံသားဆိုင်ရာ စာရွက်စာတမ်းများရရှိရန်အတွက် အခက်အခဲဖြစ်စေနိုင်သော်လည်း အထူးသဖြင့် ထိုစိန်ခေါ်မှုများကို မွတ်စလင်များ ပိုမိုရင်ဆိုင်ကြသည်။ စင်စစ်အားဖြင့် မွတ်စလင်အများစုမှာ မှတ်ပုံတင်ကတ်ပြားအား မရနိုင်ကြပေ။ မြန်မာ့လူ့အခွင့်အရေးလှုပ်ရှားမှုကွန်ယက်(BHRN)၏ တင်ပြချက်အရ မွတ်စလင်တို့သည် ထိုအခက်အခဲများအား နည်းလမ်းအမျိုးမျိုးဖြင့် ကြုံတွေ့ကြသည်။ မှတ်ပုံတင်ပြုလုပ်ပေးရန် ပြောင်ပြောင်တင်းတင်း ငြင်းဆန်ခြင်းနှင့် ၁၈၂၄ ခုနှစ်အထိ မျိုးရိုးစဉ်ဆက်စာရင်းအား သက်သေပြနိုင်သည့် စာရွက်စာတမ်းများအား တင်ပြရန် လိုအပ်ခြင်းများနှင့်ပတ်သက်၍ စိန်ခေါ်မှုများကို မွတ်စလင်များက တင်ပြခဲ့ကြသည်။ မွတ်စလင်များသည် ဗမာလူမျိုးအဖြစ် စာရင်းသွင်းရန်လည်း အခွင့်မရှိကြပေ။ ထိုအစား ၎င်းတို့အနေဖြင့် မှတ်ပုံတင်ကတ်ပြားပေါ်တွင် အခြားနိုင်ငံသားတစ်ခုခု ထည့်ရသည်။ *"လျှောက်ထားတဲ့သူအနေနဲ့ အဲ့ဒီနိုင်ငံတွေမှာ မိသားစုအဆက်အသွယ်တွေ မရှိရင်တောင်မှ ပုံမှန်အားဖြင့်တော့ မွတ်စလင်အများစုနေထိုင်တဲ့ ဘင်္ဂလာဒေ့ရှ် ဒါမှမဟုတ် ပါကစ္စတန်လိုမျိုး နိုင်ငံနာမည်တွေထည့်ရတယ်။"*[34] KHRG ၏ မေးခွန်းဖြေကြားသူများက အလားတူပြဿနာများကို တင်ပြခဲ့ကြသည်။

မူတြော်ခရိုင်၊ ဘူးသိုမြို့နယ်၊ မယ်ကလော်ကျေးရွာအုပ်စု၊ ခ--- ကျေးရွာမှ မွတ်စလင်တစ်ဦးက ၎င်းအနေဖြင့် မှတ်ပုံတင်ရရှိရန်အတွက် ကြိုးပမ်းရာတွင် ကြုံတွေ့ရသည့်အခက်အခဲများကို အသေးစိတ် ရှင်းပြခဲ့သည်။ *"၂၀၁၄ ခုနှစ်မှာ ကျွန်တော် ရာအိမ်မှူးဖြစ်ခဲ့ချိန်တုန်းက လုပ်ဖို့ကြိုးစားခဲ့တာ။ အစိုးရက ယာယီ*

---

[33] KHRG မှ ကော်လာနှင့် ကုလားဆိုသည့် ဝေါဟာရများကို အင်တာဗျူးများအရ သုံးနှုန်းထားသော်လည်း၊ အခြားသော အခြေအနေများတွင် မွတ်စလင်ဟူသည့် ဝေါဟာရကိုသာ သုံးပါသည်။

[34] Burma Human Rights Network မှ ၂၀၁၇ ခုနှစ်တွင် ထုတ်ဝေခဲ့သော Persecution of Muslims in Burma: BHRN Report ၏ စာမျက်နှာ ၂၁ တွင်ကြည့်ပါ။

*မှတ်ပုံတင် အဖြူရောင်ကတ်ရှိတဲ့သူတွေကို မှတ်ပုံတင်လုပ်ပေးမယ်လို့ ပြောတယ်။*[35] *ကျွန်တော်တို့တွေ ဆယ်ယောက်တစ်ဖွဲ့စုပြီး [အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန] အစိုးရဌာနရုံးကို အဖွဲ့လိုက် တစ်ဖွဲ့ချင်းစီသွားခဲ့ကြတယ်။ ပထမတော့ ကျွန်တော်တို့ စာရွက်စာတမ်း မိတ္တူတွေကို ရုံးကိုတင်ရတယ်။ ဒါပေမယ့် စာရွက်စာတမ်း အပြည့်အစုံရှိတဲ့သူတွေပဲ မှတ်ပုံတင်ရကြတယ်။ စာရွက်စာတမ်းအပြည့်အစုံဆိုတာက မိသားစုမျိုးဆက် ၇ ဆက်ရဲ့ အချက်အလက် အပြည့်အစုံရယ် FRC [နိုင်ငံခြားသား မှတ်ပုံတင်လက်မှတ်] တွေပေါ့။"* မိသားစုမျိုးရိုးစဉ်ဆက် စာရင်းအပြည့်အစုံတင်ပြနိုင်ခြင်း မရှိသူများမှာမူ နိုင်ငံခြားသားအဖြစ်သာ အသိအမှတ်ပြုခံရသည်ဟု ရှင်းပြခဲ့သည်။ သူနှင့်သူ၏ ရွာသားများသည် မှတ်ပုံတင်ကတ်ပြားရရှိရန်အတွက်အကြိမ်ပေါင်းများစွာ လျှောက်ထားခဲ့ကြပြီး ၎င်းတို့တွင် လိုအပ်သောစာရွက်စာတမ်း အပြည့်အစုံရှိကြသော်လည်း မှတ်ပုံတင်မရရှိနိုင်ကြသေးပေ။

KHRG မှ လူတွေ့မေးမြန်းခဲ့သော မွတ်စလင်အနည်းစုသာလျှင် ၎င်းနှင့်သားသမီးများအတွက် မှတ်ပုံတင်ပြုလုပ်နိုင်ခဲ့ကြသည်။ အချို့သောသူများအတွက် ပြဿနာမရှိသော်လည်း စာရွက်စာတမ်းအပြည့်အစုံရှိသော အများစုအတွက်မူ မှတ်ပုံတင်လျှောက်ထားရာတွင် အခက်အခဲများစွာကြုံရကြောင်း ပြောခဲ့သည်။ KHRG လူတွေ့မေးမြန်းခဲ့သူတစ်ဦးမှာ၎င်း၏မိဘတစ်ဦးသည် အစိုးရအသိအမှတ်ပြုထားသည့် တိုင်းရင်းသားဖြစ်သည့်အတွက်ကြောင့် မှတ်ပုံတင်ကတ်ပြား ပိုင်ဆိုင်ခွင့်ရရှိခဲ့သည်။ ထို့အပြင် သူ့အနေဖြင့် ပထမဆုံးအကြိမ် မှတ်ပုံတင်ရရှိသည့်အချိန်၌ ဖခင်ဖြစ်သူက အစိုးရဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်နေချိန်ဖြစ်သည်။ *"ကျွန်တော် မှတ်ပုံတင်တော့ရပြီးပြီ။ ဒါပေမယ့် အဲ့ဒါမရခင် အခက်အခဲတွေအများကြီး ကြုံခဲ့ရတယ်။ ကျွန်တော်တို့အနေနဲ့ မှတ်ပုံတင်ရဖို့ မလွယ်ဘူး။ [...] ပထမတော့ ကျွန်တော်ဆယ်နှစ်ပြည့်ကတ် [ကလေးများအနေဖြင့် ပထမဆုံး မှတ်ပုံတင်ကတ်ပြားကို အသက် ၁၀ နှစ်ပြည့်လျှင် လုပ်နိုင်သည်။] လုပ်တယ်။ ကျွန်တော့အဖေက အဲ့ဒီအချိန်တုန်းက အစိုးရဝန်ထမ်းတစ်ဦးဖြစ်ပြီးတော့ ကျွန်တော့်အမေက တိုင်းရင်းသူတစ်ယောက်ဖြစ်တယ်။ ကျွန်တော်တို့က မွတ်စလင်တွေဆိုတော့ ဘာပဲလုပ်လုပ် မလွယ်ဘူး။ ကျွန်တော်တို့တွေ သူတို့နဲ့ အကြိမ်ကြိမ်ဆွေးနွေးခဲ့ရပြီး အခက်အခဲတွေလည်း အများကြီးတွေ့ရတယ်။"* ၎င်းအနေဖြင့် အသက်ပြည့်သည့်အခါတွင် မှတ်ပုံတင်အား အသစ်လဲလှယ်ရန်အတွက် လက်ရှိမှတ်ပုံတင်ကတ်ပြားရှိရုံဖြင့် အသစ်ပြန်လည်လျှောက်ထားရန် လုံလောက်သော်လည်း အခက်အခဲများ ဆက်လက်ကြုံတွေ့နေကြရဆဲပင်ဖြစ်သည်။ *"ကျွန်တော်တို့မှာရှိတဲ့ သက်သေတွေနဲ့ စာရွက်စာတမ်းတွေကို သူတို့ကိုပြတယ်။ သူတို့က ကျွန်တော်တို့ကို ဟိုဟာဒီဟာလုပ်ဖို့ တစ်ခုပြီးတစ်ခု ခိုင်းတယ်။ ပြီးတော့ စာရွက်စာတမ်းတွေကို မိတ္တူပြန်ဆွဲခိုင်းတယ်။ သူက ကျွန်တော့်ကိုပဲ လုပ်ခိုင်းပြီးတော့ သူက ဘာမှမလုပ်ပေးဘူး။"* ထိုရုံးတွင် မနက် ၇ နာရီမှ ညနေ ၇ နာရီအထိနေခဲ့သော်လည်း မှတ်ပုံတင်ကတ်ပြား အသစ်မရရှိခဲ့ပေ။ ထို့အတွက် သူ့အနေဖြင့် အခြားသောရုံးသို့ သွားရောက်နိုင်ရန်

---

[35] ၂၀၁၅ ခုနှစ်တွင် မြန်မာအစိုးရမှ အဖြူကတ်များကိုဖျက်သိမ်းခဲ့သည်။ အဖြူကတ်ကိုင်ဆောင်သူများသည် နိုင်ငံသားကတ်ကို လျှောက်တင်နိုင်ပြီးဟုဆိုသော်လည်း နိုင်ငံသားစီစစ်ကတ်ပြားပေးရန်ဆုံးဖြတ်ချိန်တွင် ၎င်းတို့အား နိုင်ငံသားကတ်များဖြစ်သော ပန်းရောင်ကတ် (သို့မဟုတ်) အခြားဆက်နွယ်သည့် နိုင်ငံသားကတ် (အပြာကတ်) သို့မဟုတ် နိုင်ငံပိုင်ပြုလုပ်သည့် အစိမ်းကတ်ကို သင့်လျော်စွာလျှောက်ထားနိုင်သော်လည်း အဆုံးသတ်တွင် ယာယီကတ်ကိုသာထုတ်ပေးသည်။ သို့သော် ၎င်းတို့သည် နိုင်သားအပြည့်အဝဖြစ်စေမည့် ကတ်များကို မလျှောက်တင်နိုင်ပေ။ ၎င်းတို့ကို မည်သည့်အခွင့်အရေးမျှမရှိသည့်ယာယီကတ်များပေးပြီး၊ ၎င်းတို့သည် ထိုကတ်များကို သက်တမ်းတိုးနိုင်သရွေ့ နိုင်ငံထဲတွင်နေထိုင်နိုင်သည်။ Fortify Rights မှ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလတွင် ထုတ်ဝေခဲ့သော "Tools of Genocide': National Verification Cards and the Denial of Citizenship of Rohingya Muslims in Myanmar" နှင့် Nobel Zaw မှ ၂၀၁၅ ခုနှစ်၊ ဖွန်လ The Irrawaddy တွင်ထုတ်ဝေခဲ့သော "Former 'White Card' Holders to Get a Turquoise Alternative: Official" တွင် ကြည့်ပါ။

စာရွက်စာတမ်းများအားလုံးကို ပြန်လည်တောင်းယူခဲ့သည်။ အစိုးရအုပ်ချုပ်ရေးဌာနများနှင့် ဆက်ဆံရခြင်းသည် အလွန်ခက်ခဲကြောင်း ထပ်လောင်းပြောခဲ့သည်။ အချို့သောသူများသည် စိတ်ဓာတ်ကျပြီး အရှုံးပေးလိုက်ကြသည်။ တိုင်းရင်းသားလူနည်းစုများသည် ယေဘုယျအားဖြင့် အချိန်ကြာမြင့်ခြင်းနှင့် မလိုအပ်သည့်ကြန့်ကြာမှုများကို ကြုံတွေ့ကြရခြင်းမှာ အစိုးရဝန်ထမ်းများမှ ၎င်းတို့၏လျှောက်လွှာများအား ဆက်လက်ဆောင်ရွက်ပေးခြင်း မရှိခြင်းကြောင့်ဖြစ်သည်။ မွတ်စလင်များအနေဖြင့် ထိုအရာများကို ပို၍ကြုံတွေ့ကြရသည်။

ပြဋ္ဌာန်းထားသော နိုင်ငံသားဥပဒေအရ မိဘတစ်ဦးသာလျှင် တိုင်းရင်းသား ၁၃၅ မျိုးထဲမှဖြစ်ရန် လိုအပ်သော်လည်း မိဘတစ်ဦးမှာ ကရင်လူမျိုးဖြစ်ပြီး အခြားမိဘတစ်ဦးသည် မွတ်စလင်ဖြစ်နေပါက မှတ်ပုံတင်ကတ်ပြားရရှိနိုင်ရန် မသေချာပေ။ KHRG မှ လူတွေ့မေးမြန်းခဲ့သော ကရင်-မွတ်စလင်အဖြစ် ခံယူထားသူတစ်ဦးတစ်ယောက်ကမျှ မှတ်ပုံတင်ကတ်ပြား မရရှိနိုင်သေးပေ။ လူတွေ့မေးမြန်းခဲ့သည့် ကရင်-မွတ်စလင်တစ်ဦးက မှတ်ပုံတင်လျှောက်ထားရန် အစီအစဉ်ရှိသော်လည်း သူမအနေဖြင့် ရရှိနိုင်ခြင်းရှိမရှိ မသေချာပေ။ အဘယ်ကြောင့်ဆိုသော် *"ကျွန်မတို့ကို မှတ်ပုံတင်လုပ်ပေးသူက မြန်မာအစိုးရအာဏာပိုင်တွေဖြစ်နေတယ်။"* သူမက ၎င်းတို့၏ကျေးရွာတွင် မည်သူမျှ မှတ်ပုံတင်မရကြသေးကြောင်းကိုလည်း ထပ်လောင်းပြောခဲ့သည်။ မှတ်ပုံတင်မလျှောက်ထားသည့် မေးခွန်းဖြေကြားသူ အခြားတစ်ဦးမှ *"တကယ်တော့ ကျွန်မ မှတ်ပုံတင်လိုချင်တယ်။ ဒါပေမယ့် မှတ်ပုံတင်လုပ်ဖို့က အရမ်းဈေးကြီးမယ်ထင်တယ်။ ဒါကြောင့် ကျွန်မတတ်နိုင်မှာမဟုတ်ဘူး။"* ဟုပြောခဲ့သည်။

မိဘတစ်ဦးသည် အသိအမှတ်ပြုထားသည့် တိုင်းရင်းသားလူမျိုးထဲမှ တမျိုးမျိုးဖြစ်ကြောင်းဖော်ပြနိုင်ပြီး မှတ်ပုံတင်ကတ်ပြားရရှိခဲ့သော မွတ်စလင်များမှာ ယေဘုယျအားဖြင့် ၎င်းတို့၏လူမျိုးနေရာတွင် တိုင်းတပါးနိုင်ငံသား တစ်ခုခုအဖြစ် အတင်းထည့်သွင်းခြင်းကို လက်ခံကြရသည်။ ဥပမာအနေဖြင့် KHRG ၏ လူတွေ့မေးမြန်းခဲ့သူတစ်ဦးက ၎င်း၏မှတ်ပုံတင်ကတ်ပြားအတွင်းရှိ လူမျိုးအောက်တွင် "ဘင်္ဂလီ+ကရင်/ အစ္စလာမ်" ဟု ထည့်သွင်းရေးသားထားသည်။ အချို့သောကိစ္စရပ်များတွင် အလွန်အရှက်ရစေသော "ကပြား" ဟူသည့် စကားလုံးကို ထိုအထဲတွင် ထည့်သွင်းရေးသားထားသည်။ ၎င်းတို့၏မှတ်ပုံတင်ပေါ်တွင် ထိုသို့ဖော်ပြထားခြင်းက ၎င်းတို့၏ကလေးများကို နိုင်ငံသားဖြစ်ခွင့်မှ ငြင်းပယ်ခြင်း ခံရနိုင်စေသည်။[36]

မေးခွန်းဖြေကြားခဲ့သူနှစ်ဦးသာလျှင် ၎င်းတို့ကိုယ်ကို ကရင်မွတ်စလင်များအဖြစ် သတ်မှတ်ထားသော်လည်း မေးခွန်းဖြေကြားသူအများစုက ၎င်းတို့၏ နိုင်ငံသားဖြစ်မှုဆိုင်ရာ အထောက်အထားများအား ရယူခြင်းနှင့်ပတ်သက်ပြီး ဆွေးနွေးသည့်အခါမှသာ ၎င်းတို့၏မိဘများထဲတွင် ကရင်မျိုးရိုးစဉ်ဆက်ပါဝင်ကြောင်း ထုတ်ဖော်ပြောပြခဲ့ကြသည်။ မေးခွန်းဖြေကြားသူတစ်ဦးက သမိုင်းကြောင်းအရ မြန်မာပြည်အရှေ့တောင်ပိုင်းရှိ မွတ်စလင်အများအပြားသည် ကရင် [အမျိုးသမီးများ]နှင့် လက်ထပ်ထိမ်းမြားခဲ့သော်လည်း ထိုသူများမှာ အခြားဒေသမှဖြစ်ကြသည်။ ရလာဒ်အနေဖြင့် သားသမီးအများစုမှာ ကရင်ဘက်မှ မိသားစုဝင်များနှင့် အဆက်အသွယ်ပြတ်ခဲ့ကြပြီး ၎င်းတို့၏ နိုင်ငံသားဖြစ်ခွင့် ရရှိရန်အတွက် လိုအပ်သော ကရင်လူမျိုးများနှင့် ပတ်သက်ဆက်နွယ်ကြောင်း အထောက်အထားများကိုလည်း ဆုံးရှုံးခဲ့ကြရသည်။ တိုက်ပွဲကာလများအတွင်း အဓမ္မနေရပ်ရွှေ့ပြောင်း နေထိုင်စေခြင်းများသည်လည်း ဤပြဿနာကို

[36] Thomas MANCH မှ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာ Frontier Myanmar တွင် ထုတ်ဝေခဲ့သော "For Muslims across Myanmar, citizenship rights a legal fiction" တွင် ကြည့်ပါ။

ပိုမိုကြီးမားစေသည်။

မှတ်ပုံတင်ကတ်ပြားမရှိသည့်အတွက် စစ်သားနှင့်ရဲများ၏ သံသယဝင်ခြင်းကို ပိုမိုခံစားရသော မွတ်စလင်များအတွက် ခရီးသွားလာရေးလည်း ခက်ခဲနိုင်သည်။ ထို့အတွက် ၎င်းတို့အနေဖြင့် KNU ထိန်းချုပ်သည့်နယ်မြေများမှ ထွက်ခွာသည့်အခါတိုင်းတွင် ခရီးသွားလက်မှတ်လုပ်ရန် လိုအပ်သည်။ ခရီးသွားလက်မှတ် တစ်စောင်လျှင် ၁၀၀၀ ကျပ် ကျသင့်ကြောင်း အများစုက ပြောသော်လည်း မေးခွန်းဖြေကြားသူတစ်ဦးကမူ ၁၀၀၀၀ ကျပ်ပေးရကြောင်း ပြောခဲ့သည်။ လူတွေ့မေးမြန်းခဲ့သူတစ်ဦးက ဤအခြေအနေကြောင့် ၎င်းတို့၏ခရီးသွားလာရေးမှာ ကျေးရွာအုပ်ချုပ်ရေးမှူးအပေါ် များစွာမူတည်ကြောင်း မီးမောင်းထိုးပြခဲ့သည်။ တစ်ချိန်တွင် သူ့အနေဖြင့် ခရီးသွားလက်မှတ်လိုအပ်သည့်အခါတွင် ရွာလူကြီးမရှိသည့်အတွက် သူ၏ခရီးစဉ်ကို ဖျက်ခဲ့ရသည်။ ထိုသို့သော အခက်အခဲများသည် မွတ်စလင်ရွာသားများ၏ နေ့စဉ်ဘဝတွင် ကြုံတွေ့နေရသည့် အခွင့်အရေးကန့်သတ်ခံရခြင်းကို ထောက်ပြလျက်ရှိသည်။

မွတ်စလင်များအနေဖြင့် ၎င်းတို့၏ နိုင်ငံသားဆိုင်ရာ စာရွက်စာတမ်းများအား လာဘ်ထိုးခြင်းမရှိပဲ ရရှိရန်မှာ အလွန်ရှားသည်။ လူတွေ့မေးမြန်းခဲ့သူ တစ်ဦးက မှတ်ပုံတင်တစ်ခုအတွက် ၆၀၀၀၀၀ ကျပ် ကုန်ကျကြောင်း၊ အခြားတစ်ဦးကမူ ၅၀၀၀၀၀ မှ ၇၀၀၀၀၀ ကျပ်ထိ ကျသင့်ကြောင်း တင်ပြခဲ့ကြသည်။ တနေးဆား(နဘူး)မြို့နယ်၊ သရက်တောကျေးရွာအုပ်စုရှိ ကျန်းမာရေးဝန်ထမ်းတစ်ဦးမှ သူ၏ကလေးခုနစ်ဦးအတွက် မှတ်ပုံတင်ပြုလုပ်ရာတွင် တစ်ဦးလျှင် ၃၀၀၀၀၀ ကျော် ကုန်ကျခဲ့သည်ဟု ပြောသည်။ *"၂၀၁၉ အောက်တိုဘာလတုန်းက ကျွန်မကလေးသုံးယောက်အတွက် ပထမဆုံး မှတ်ပုံတင်လုပ်ပေးခဲ့တယ်။ အဲ့ဒီတုန်းက ကလေးတစ်ယောက်ကို ၃၃၀၀၀၀ ကျပ် ပေးရတယ်။ ဒုတိယတစ်ခေါက်တော့ ကျွန်မကလေး လေးယောက်ကို နိုဝင်ဘာလနောက်ဆုံးပတ်မှာ မှတ်ပုံတင်လုပ်ပေးခဲ့တယ်။ ဒီတစ်ခါကျတော့ ကလေးတစ်ယောက်ကို ၃၆၀၀၀၀-၃၇၀၀၀၀ ကျပ်လောက်ကျတယ်။ ကျွန်မတို့မှာ လိုအပ်တဲ့ စာရွက်စာတမ်းအားလုံးရှိရဲ့သားနဲ့ ဘာလို့ဒီလောက်တောင်ကုန်ကျလဲမသိဘူး။"* သူမအနေဖြင့် ဤကဲ့သို့သောဖြစ်ရပ်သည် ထင်ရှားသောခွဲခြားဆက်ဆံခြင်းတစ်မျိုးဖြစ်သည်ဟု ထင်မြင်ခဲ့သည်။ *"ကရင်လူမျိုးတွေအနေနဲ့ကကျတော့ မှတ်ပုံတင်ကတ်ပြားလုပ်တဲ့အခါမှာ ပိုက်ဆံအများကြီးပေးဖို့မလိုဘူး။ ဘာဖြစ်လို့လဲဆိုတော့ မှတ်ပုံတင်ရှိဖို့က သူတို့(ကရင်လူမျိုး)ရတဲ့အခွင့်အရေးပဲ။ ကျွန်မတို့ မွတ်စလင်တွေကကျတော့ အဲ့ဒီအခွင့်အရေးမရှိဘူး။ အာဏာပိုင်တွေက ကျွန်မတို့ကိုနားလည်မှုနဲ့ လုပ်ပေးကြတာပဲရှိတယ်။"* မွတ်စလင်များအပေါ် ထိုသို့ပြုလုပ်ခြင်းသည် တိုင်းရင်းသားအခွင့်အရေးနှင့်ပတ်သက်၍ အစိုးရ၏ ပြဌာန်းချက်များကို ဆန့်ကျင်နေကြောင်း ထပ်လောင်းပြောခဲ့သည်။ *"ကျွန်မကတော့ ဒါကိုမတရားဘူးလို့ပြောချင်တယ်။ အခုဆို ကျွန်မတို့တန်းတူအခွင့်အရေး မရဘူး။ အစကတော့ ကျွန်မတို့တွေအနေနဲ့ ဘယ်လူမျိုးဖြစ်ဖြစ် (အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ ပါကစ္စတန် အစရှိသဖြင့်) ပြဿနာမရှိဘူးလို့ပြောတယ်။ အမေက ကရင်ဖြစ်ပြီး အဖေကမွတ်စလင်ဆိုရင်ပဲ သူ့ကိုတိုင်းရင်းသားအဖြစ် သတ်မှတ်တယ်လို့ပြောတယ်။"*

မှတ်ပုံတင်လျှောက်ထားသည့်အခါ ကြုံရသည့်အခက်အခဲများမှအပ မွတ်စလင်များအတွက် အခြားသော နိုင်ငံသားဆိုင်ရာ စာရွက်စာတမ်းများရရှိရန် အတိတ်ကာလများထက်စာလျှင် ပိုမိုလွယ်ကူလာပုံပေါ်သည်။ သားဖွားဆရာမတစ်ဦး၏ သားသမီးတစ်ဦးအားတွေ့ဆုံမေးမြန်းရာတွင် ၎င်းမှ မွတ်စလင်ကလေးငယ်များအပါအဝင် ကလေးများအားလုံး ယခုအချိန်တွင် မွေးဖွားသည်နှင့် မွေးစာရင်းရရှိနိုင်ကြပြီဖြစ်ကြောင်း ပြောပြခဲ့သည်။ မေးခွန်းဖြေကြားခဲ့သော မွတ်စလင်အများစုသည် အိမ်ထောင်စုစာရင်းအား

လွယ်ကူစွာ ရရှိနိုင်လာကြောင်း ဖော်ပြကြသည်။ အချို့သောသူများအတွက်မူ ပုံစံ ၁၀ အိမ်ထောင်စုစာရင်း ရှိပြီးသားဖြစ်သော်လည်း နေရာသစ်သို့ပြောင်းရွှေ့ပြီး နှစ်ပေါင်းများစွာ ကြာသည့်တိုင်အောင် အိမ်ထောင်စုစာရင်း(ပုံစံ ၆၆/၆) မရရှိသေးသဖြင့် ပုံစံ ၁၀ အိမ်ထောင်စုစာရင်းအသစ်အား ပိုင်ဆိုင်ခြင်းမရှိသေးပေ။ KHRG အနေဖြင့် နောက်ထပ်သတင်းအချက်အလက်များ မရှိသော်လည်း ဤကိစ္စရပ် သည် မွတ်စလင်များအနေဖြင့် နိုင်ငံသားဆိုင်ရာ စာရွက်စာတမ်းများအား ရယူရန်ဆောင်ရွက်သည့် အချိန်တွင် ကြုံတွေ့ရသောအခက်အခဲများကို ဖော်ပြနေသည်။ ဘားအံခရိုင်၊ တနေးဆားမြို့နယ်၊ သရက်တောကျေးရွာအုပ်စုမှ မေးခွန်းဖြေကြားသူတစ်ဦးက အတိတ်က(၁၉၈၀ ခုနှစ်များ)တွင် ကရင်လူမျိုးအချို့သည် မွတ်စလင်များအား ၎င်းတို့၏ဒေသတွင်နေထိုင်ခြင်းကို မလိုလားသည့်အတွက် ၎င်းတို့အနေဖြင့် အိမ်ထောင်စုစာရင်းမရနိုင်ခဲ့ကြောင်း ဖော်ပြခဲ့သည်။ ၎င်းတို့အနေဖြင့် ယခုအချိန်တွင် အိမ်ထောင်စုစာရင်းပြုလုပ်နိုင်ပြီဖြစ်သော်လည်း အိမ်ထောင်စုစာရင်းရရှိရန်အတွက် ငွေကျပ် ၃၅၀၀၀ ပေးဆောင်ရသည် (ဤစာရွက်စာတမ်းမှာ အခမဲ့ရရှိနိုင်ရမည်ဖြစ်သည်)။

## ၂) လူမျိုးရေးခွဲခြားမှုနှင့် မြေယာပိုင်ဆိုင်ရရှိမှု

KHRG မှ လူတွေ့မေးမြန်းခဲ့သည့် မွတ်စလင်အနည်းငယ်သာလျှင် မြေယာပိုင်ဆိုင်ခွင့် သို့မဟုတ် ဝယ်ယူခွင့်ရှိကြသည်။ မြေနှင့်ပတ်သက်သော ပြဿနာများမှာ အထက်တွင်ဖော်ပြခဲ့သော မှတ်ပုံတင်မရှိခြင်းထက် ပိုမိုကျယ်ပြန့်သည်။ မြန်မာအစိုးရထံ မြေယာမှတ်ပုံတင်နိုင်ရန်အတွက် မှတ်ပုံတင်ကတ်ပြားလိုအပ်သော်လည်း (မြန်မာအစိုးရထံတွင် မှတ်ပုံမတင်ထားသည့် မြေယာများအား ၂၀၁၂ ခုနှစ် မြေလွတ်၊မြေလပ်၊ မြေရိုင်း စီမံခန့်ခွဲမှုဥပဒေဖြင့် အသိမ်းခံရနိုင်သောကြောင့် မြေယာမှတ်ပုံတင်ရန် ဒေသခံပြည်သူများအတွက် လိုအပ်လာသည်။) မေးခွန်းဖြေကြားခဲ့သူများက အလားတူစိုးရိမ်ဖွယ်ရာ အတားအဆီးများကိုလည်း ထောက်ပြခဲ့ကြသည်။

လူတွေ့မေးမြန်းခဲ့သော မွတ်စလင် အများစုနေထိုင်သည့် ဘားအံခရိုင်၊ တာကရယ် (ပိုင်ကျုံ)မြို့နယ်၊ ပေါင်ကျေးရွာအုပ်စု အ--- ကျေးရွာနှင့်တနေးဆားမြို့နယ်၊ သရက်တောကျေးရွာအုပ်စု၊ ဒ--- ကျေးရွာများတွင် မွတ်စလင်များအနေဖြင့် ကျေးရွာအတွင်း ကရင်လူမျိုးများနေထိုင်သည့် နေရာရှိမြေများကို ဝယ်ယူခွင့်မရှိပဲ မွတ်စလင်များနေထိုင်သည့်အပိုင်းတွင်သာ ဝယ်ယူခွင့်ရှိကြသည်။ ကျေးရွာနှစ်ရွာလုံးကို ကရင်ရွာသားများနေထိုင်သောအပိုင်းနှင့် မွတ်စလင်ရွာသားများနေထိုင်သောအပိုင်းဟူ၍ အခြေခံအားဖြင့် နှစ်ပိုင်း ခွဲထားသည်။ လူတွေ့မေးမြန်းခဲ့သူ၏ တင်ပြချက်အရ ဒ--- ကျေးရွာတွင် အိမ်ခြေ ၃၅၇ စုအနက် ၆၈ စုမှာ မွတ်စလင်များဖြစ်ပြီး အခြားအိမ်ခြေများမှာ ကရင်များဖြစ်ကြသည်။ အ--- ကျေးရွာတွင်မူ မွတ်စလင် အိမ်ခြေ ၁၈ စုရှိပြီး ကရင်အိမ်ခြေ ၇ စုသာ ရှိသည်။ အဘယ်ကြောင့် ဤသို့ တားမြစ်ခြင်းများရှိနေကြောင်း မေးမြန်းခဲ့သည့် အခါတွင် မေးခွန်းဖြေကြားသူတစ်ဦးက ရှင်းပြခဲ့သည်မှာ *"ကျွန်မက သူတို့ကိုမေးတော့ လူတွေက 'ကော်လာ' တွေကို သူတို့ကြားထဲမှာ နေခွင့်မပေးဘူး။ ဘယ်သူက ခွင့်မပြုတာလဲဆိုတာကိုတော့ သူတို့ကမပြောဘူး။ ကျွန်မက မြေရောင်းရင် သူတို့ဝယ်မယ်။ ကျွန်မက မြေဝယ်ချင်ရင်တော့ 'ကော်လ' ရွာတွေမှာပဲ ဝယ်လို့ရမယ်။" သူမတို့အနေဖြင့် မြေဝယ်ရန်အတွက် ငွေကြေးတတ်နိုင်လျှင်ပင် ဝယ်ခွင့်မရှိကြောင်း သူမကဆိုပြီး တရားမျှတမှုမရှိခြင်းကို မီးမောင်းထိုးပြခဲ့သည်။ "ကျွန်မတို့က တစ်ရွာထဲမှာ အတူနေကြပေမယ့် ငွေရှိရင်တောင်မှ ဝယ်လို့မရဘူး။"*

KNU မှ ဤမြေယာဝယ်ယူရောင်းချမှုများအား စီမံခန့်ခွဲပြီး ထိုသို့လုပ်ဆောင်ခြင်းဖြင့် မွတ်စလင်များ မြေဝယ်နိုင်ခွင့် ရရှိစေသည်။ သို့သော်လည်း မြေယာဝယ်ယူမှုများကို မွတ်စလင်များရှိသည့် နေရာတွင်သာ လုပ်ဆောင်ခွင့်ပြုသည်။ ထို့ကြောင့် KNU ၏ ကျင့်ထုံးများသည် အစိုးရအနေနှင့် မွတ်စလင်များအား နိုင်ငံအတွင်းရှိ အခြားသောတိုင်းရင်းသားများနှင့် ကွဲပြားစေပြီး၊ လက်ရှိအချိန်တွင် မည်သူက ရေးဆွဲခဲ့သည်ဖြစ်စေ ခွဲခြားဆက်ဆံရေးမူဝါဒများကို ဆန့်ကျင်နေခြင်းမရှိပေ။ ထို့အပြင် မွတ်စလင်များ၏ မြေယာများအား မြန်မာအစိုးရ၏သိမ်းယူခြင်းမှ ကာကွယ်ပေးနိုင်မည်မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် မြေယာပိုင်ဆိုင်ခွင့်အား KNU ထံမှသာ ရရှိထားကြသည့်အတွက် ဖြစ်သည်။ ထို့အပြင် ဤကန့်သတ်ခြင်းများကြောင့် မွတ်စလင်ရွာပိုင်းတွင် မြေယာများမရှိတော့ပါက မိသားစုများအနေဖြင့် အခြားသောနေရာများတွင် မြေယာဝယ်ယူရန်ရည်ရွယ်ကာ ပြောင်းရွှေ့ခြင်း သို့မဟုတ် ၎င်းတို့၏ စားဝတ်နေရေးအတွက် အခြားနည်းလမ်းများအပေါ် မှီခိုခြင်း စသည့်နည်းလမ်းများထဲမှ ရွေးချယ်ရမည်ဖြစ်သည်။ တောအူး (တောင်ငူ)ခရိုင်၊ ဒေါ်ဖားခို (သံတောင်ကြီး) မြို့နယ်၊ သံတောင်မြို့သစ်မှ မွတ်စလင်ရွာသားတစ်ဦးက သူ့အနေဖြင့် မြေဝယ်နိုင်ခဲ့ပြီး မြေယာပိုင်ဆိုင်ခွင့် လက်မှတ်ရရှိသော်လည်း မွတ်စလင်တစ်ဦးဖြစ်နေသည့်အတွက် ထိုမြေပေါ်တွင် အိမ်ဆောက်ခွင့်မရရှိခဲ့ပါ။ မွတ်စလင်ရွာသားများအနေဖြင့် လယ်ယာလုပ်ကိုင်ရန်အတွက် မြေငှါးရမ်းရာတွင်လည်း တားမြစ်ကန့်သတ်မှုများကို ကြုံတွေ့ကြရသေးသည်။ ဒ--- ကျေးရွာမှ ရွာသားတစ်ဦး၏ ပြောကြားချက်အရ ၎င်းတို့အနေဖြင့် မြေများကို ကရင်လူမျိုးများထံမှ ငှါးရမ်းခွင့်မရှိကြောင်းနှင့် ရွာနှင့်နီးသောမြေယာများတွင် လုပ်ကိုင်ခွင့်မရှိပဲ ရွာနှင့်အနည်းငယ်အလှမ်းဝေးသည့် မြေများပေါ်တွင်သာ လုပ်ကိုင်စားသောက်ခွင့်ရှိသည်။

*“အခြေအနေတွေ ပိုပြီးကောင်းလာမယ်လို့ ကျွန်မယုံတယ်။ ကရင်တွေက အများကြီးကြိုးစားပြီး [ငြိမ်းချမ်းရေးအတွက်] ညှိနှိုင်းနေကြတာကိုတွေ့ရတယ်။”* မေးခွန်းဖြေကြားသူတစ်ဦးမှာမူ မျှော်လင့်ချက်များ ရှိနေသေးသည်။ သို့သော်လည်း နိုင်ငံရေးအခြေအနေ မတည်ငြိမ်မှုများ၊ မြန်မာအစိုးရနှင့် တပ်မတော်တို့၏ ဆက်လက်ကျူးလွန်လျက်ရှိသော အကြမ်းဖက်မှုများနှင့် မွတ်စလင်များအား ခွဲခြားဆက်ဆံမှုများကြောင့် မွတ်စလင်များအနေဖြင့် မြေယာများပိုင်ဆိုင်ရန်အတွက် ကြီးမားသည့်အကြပ်အတည်းများ ရှိနေနိုင်သေးသည်။ မေးခွန်းဖြေကြားခဲ့သူတစ်ဦးက မွတ်စလင်များအား နေရာအားလုံးသို့ သွားလာခွင့်မပြုကြောင်း ထောက်ပြခဲ့သည်။ *“ကုလားမဝင်ရလို့ တချို့လူတွေပြောတာ ကြားတယ်။”* မြန်မာ့လူ့အခွင့်အရေးလှုပ်ရှားမှုကွန်ယက်ကလည်း ၎င်းတို့၏ ၂၀၁၇ ခုနှစ် အစီရင်ခံစာတွင် (မြန်မာပြည်အရှေ့တောင်ပိုင်းအပါအဝင်) မြန်မာနိုင်ငံတစ်ဝှမ်း မွတ်စလင်ကင်းစင်နယ်မြေဟု ကြေညာချက်ထုတ်သော ကျေးရွာများ ပိုမိုများပြားလာသည်။[37] ဒေသခံများမှ အာဏာပိုင်များ၏ ခွင့်ပြုချက်ဖြင့် မွတ်စလင်မဝင်ရဆိုင်းဘုတ် ထောင်ထားသောကျေးရွာ အနည်းဆုံး ၂၁ ရွာ (ကရင်ပြည်နယ်တွင် ၂ ရွာ) ရှိသည်ဟု မှတ်တမ်းတင်ထားသည်။

37 Burma Human Rights Network မှ ၂၀၁၇ ခုနှစ်တွင် ထုတ်ဝေခဲ့သော Persecution of Muslims in Burma: BHRN Report ၏ စာမျက်နှာ ၄၀ တွင် ကြည့်ပါ။




ဤဓာတ်ပုံကို ၂၀၁၆ ခုနှစ်၊ မေလ ၁၂ ရက်နေ့ တောအူးခရိုင်၊ ရေတာရှည်မြို့နယ်၊ ရေတာရှည်လေးကျေး ရွာအုပ်စု၊ သစ်ချဆိပ်ရွာတွင်ရိုက်ယူခဲ့ခြင်းဖြစ်သည်။ ဤပုံတွင်ရွာသားများ၏အိမ်ရှေ့တွင် စိုက်ထူထားသော ဆိုင်းဘုတ်တစ်ခုကို ဖော်ပြထားပါသည်။ ထိုဆိုင်းဘုတ်တွင် မွတ်စလင်များကိုဆန့်ကျင်သည့်စည်းကမ်းချက်များကို ဖော်ပြထားသည်။ ထိုဆိုင်းဘုတ်၏ခေါင်းစဉ်မှာ အစ္စလာမ်ကင်းစင်နယ်မြေ ဖြစ်သည်ဟုဆိုသည်။ ထိုဆိုင်းဘုတ်တွင် မွတ်စလင်များအပေါ်ဆန့်ကျင်သည့် စည်းကမ်း (၃) ချက်ရေးထားပြီး နယ်ခံဗုဒ္ဓဘာသာဝင်များက လိုက်နာရမည်ဟုဆိုသည်။ (၁) အစ္စလာမ်ဘာသာများ ညအိပ်ခွင့်မပြု။ (၂) အစ္စလာမ်ဘာသာများကို အိမ်ခြံမြေ ရောင်း /ဝယ်ငှားရမ်းခြင်း ခွင့်မပြု။ (၃) အစ္စလာမ်ဘာသာဝင်များနှင့် လက်ထပ်ထိမ်းမြားခြင်း ခွင့်မပြု။ အချို့ရွာသားများက ထိုဆိုင်းဘုတ်ပါအချက်များနှင့် သဘောထားမကိုက် ညီဟုပြောကြသော်လည်း ၎င်းတို့အပေါ်တွင် တစ်စုံတရာဖြစ်မည်စိုးရိမ်ကြသောကြောင့် ထိုဆိုင်းဘုတ်ကို မဖြုတ်ကြပေ။ ထိုဆိုင်းဘုတ်ကို ဒေသခံဘုန်းကြီးတစ်ပါးမှ စိုက်ထူထားသည်ဟုပြောကြသည်။ *(ဓာတ်ပုံ - KHRG)*

## ၃) ခေါင်းဆောင်မှုနှင့် ဆုံးဖြတ်ချက်ချခြင်း

KHRG ၏ သတင်းအချက်အလက်များအရ မွတ်စလင် အနည်းစုသာလျှင် ၎င်းတို့၏ ဒေသအတွင်းတွင် ခေါင်းဆောင်ပိုင်းတာဝန်ယူခွင့်ရှိပြီး ၎င်းတို့၏အာဏာသက်ရောက်မှုမှာလည်း အကန့်အသတ်များရှိသည်။ မူတြော်ခရိုင်၊ ဘူးသိုမြို့နယ်မှမွတ်စလင်ရွာသားတစ်ဦးက တင်ပြခဲ့သည်မှာ *"မွတ်စလင်တွေအနေနဲ့ စီမံအုပ်ချုပ်ရေးနဲ့ဆိုင်တဲ့ ဆုံးဖြတ်ချက်ချမှတ်တဲ့ လုပ်ငန်းစဉ်တွေမှာ ပါဝင်ပတ်သက်ခွင့် မရှိဘူး။"* တောအူးခရိုင်၊ ဒေါ်ဖားခို(သံတောင်ကြီး)မြို့နယ်မှ မွတ်စလင်ရွာသားတစ်ဦးအား ၎င်း၏ဒေသတွင် မွတ်စလင်များအနေဖြင့် အစိုးရတာဝန်ထမ်းဆောင်သူ ရှိမရှိမေးရာတွင် *"မရှိဘူး။ ကျွန်တော်တစ်ယောက်မှ မတွေ့ဖူးဘူး။ ကျွန်တော်တို့ မွတ်စလင်လူမျိုးတွေက ပညာတတ်ရင်တောင် ဒါမှမဟုတ် လုပ်နိုင်ရင်တောင်မှ ဦးဆောင်တဲ့နေရာမရဘူး။ ဒါက ကျွန်တော်တို့တွေအနေနဲ့ အခုအချိန်မှ ရာထူးတွေ မရဘူးလို့ပြောတာ မဟုတ်ဘူး။ အဲ့ဒါက ဟိုးဦးနေဝင်းခေတ်ကတည်းက။ နောက်ပိုင်းတော့ သူတို့က ကျွန်တော်တို့ကိုအဆင့်နိမ့်ပြီး ပညာမတတ်တဲ့သူတွေဖြစ်အောင်လုပ်ခဲ့လို့ အခုဆိုရင် မွတ်စလင်တွေထဲမှာ ပညာတတ်တဲ့သူတွေ*

*များများစားစားမရှိတော့ဘူး။ ဒါက ကျွန်တော်တို့ကို သူတို့ကဖိနှိပ်တဲ့ပုံစံပဲ။"* ၎င်းတို့အနေဖြင့် မှတ်ပုံတင် မရရှိသည့်အတွက် ၎င်းတို့၏ကလေးများမှာ စာမေးပွဲတွင် အမှတ်ကောင်းကောင်း ရရှိသော်လည်း ပညာဆက်လက်သင်ကြားခွင့် မရှိကြောင်း အလေးထားပြောခဲ့သည်။ *"တခြားနိုင်ငံတွေမှာဆို ခေါင်းဆောင်ပိုင်းကိုတာဝန်ယူတဲ့ မွတ်စလင်တွေရှိတယ်။ ဒါပေမယ့် ဒီမှာတော့ မရှိဘူး"* ဟုသူက ထပ်လောင်းပြောခဲ့သည်။ ၎င်းတို့အနေဖြင့် ကျေးရွာအဆင့် လူမှုရေးအသင်းအဖွဲ့များတွင် ပါဝင်ခွင့်ရှိသော်လည်း *"တကယ်လို့ အဖွဲ့အစည်းက မြန်မာအစိုးရနဲ့ ချိတ်ဆက်ထားတယ် ဆိုရင်တော့ ကျွန်တော်တို့အနေနဲ့ ဝင်ပါဖို့ မလွယ်ဘူး။"*

ဒ--- ကျေးရွာတွင် မွတ်စလင်များအနေဖြင့် ရာထူးတာဝန်ယူနိုင်သော်လည်း ၎င်းတို့၏ ကျေးရွာအတွင်း သို့မဟုတ် ရပ်ကွက်အတွင်းတွင်သာဖြစ်ပြီး ထိုအရာများက မြေယာပိုင်ဆိုင်မှုအပေါ် မူတည်သော လူမျိုးရေးခွဲခြားဆက်ဆံမှုများကို ပိုမိုကြီးမားလာစေပါသည်။ မွတ်စလင်များအနေဖြင့် ၎င်းတို့၏ ကျေးရွာထဲတွင် ရပ်ကွက်လူကြီးများ ဖြစ်ခွင့်ရှိသော်လည်း ရွာလူကြီးအဖြစ် တာဝန်ယူခွင့်မရှိပေ။ ကရင်လူမျိုးများကိုသာ ရွာလူကြီး သို့မဟုတ် ကျေးရွာအုပ်စုမှူးအဖြစ် တင်မြှောက်ကြသည်။ *"ကျွန်တော်တို့ မွတ်စလင်ရပ်ကွက်မှာ လူတစ်ယောက်ကို ဆယ်အိမ်ခေါင်းအနေနဲ့ခန့်တယ်။ ဒါပေမယ့် တကယ်လို့ ရွာလူကြီးက တစ်ခုခုလိုတယ်ဆို ကျွန်တော်တို့က သူတို့ဆီသွားရတယ်။ သူတို့နဲ့အတူတူ လက်တွဲလုပ်ရတယ်။ ဒါပေမယ့် ကျွန်တော်တို့ ရွာလူကြီးလုပ်ဖို့တော့မဖြစ်နိုင်ဘူး။ ကျွန်တော်တို့မှာ အဲ့လောက်အခွင့်အရေးမရှိဘူး။"* သို့သော်လည်း တနေးဆားမြို့နယ်မှရွာသားတစ်ဦးက ပိုမိုရာထူးမြင့်သော အုပ်ချုပ်ရေးတာဝန်များကို ကရင်လူမျိုးများသာ တာဝန်ယူခွင့်ရှိသော်လည်း ၎င်းတို့အနေဖြင့်သာတူညီမျှဆက်ဆံခံရကြောင်းပြောသည်။ *"မွတ်စလင် လူနည်းစုအနေနဲ့ ကျွန်တော်တို့တွေ ကိုယ့်အဖွဲ့အတွက် အုပ်ချုပ်ရေးတာဝန်ယူခွင့်ရှိတယ်။ ကျေးရွာအုပ် စုတစ်ခုလုံးအနေနဲ့ကျတော့ ကရင်တွေကတာဝန်ယူတယ်။ ကျွန်တော်တို့တွေ မျှမျှတတပဲ ဆက်ဆံခံရ တယ်။"*

အ--- ကျေးရွာမှ မေးခွန်းဖြေကြားသူတစ်ဦးက အတိတ်ကာလများက မွတ်စလင်များအနေဖြင့် ခေါင်းဆောင်ပိုင်းတာဝန်ကို ယူခွင့်မရှိကြောင်းနှင့် ထိုသို့ဖြစ်ရခြင်းမှာလည်း တိုက်ပွဲများကြောင့် ဖြစ်ကြောင်း ဖော်ပြခဲ့သည်။ *"တပ်မတော် ခြေမြန်တပ်ရင်း အမှတ်(၅၄၇)နဲ့ (၅၄၈) တို့ခေတ်တုန်းက ကျွန်တော်ရွာလူကြီး တစ်နှစ်လုပ်ဖူးတယ်။ ပိုးကရင်တွေက ရွာလူကြီးလုပ်ရမှာကြောက်တော့ ကျွန်တော်တာဝန်ယူခဲ့ရတယ်။ အဲ့ဒီအချိန်တုန်းက တပ်မတော်က ရွာလူကြီးတွေကို အရမ်းအပြစ်ပေးတယ်။ ကျွန်တော်က ဗမာစကား ကောင်းကောင်းပြောတတ်တော့ သူတို့က ကျွန်တော့်ကို ရွာလူကြီးအဖြစ်ရွေးလိုက်တယ်။ အဲ့ဒါက လည်းခုဆိုရင် ခြောက်နှစ်လောက်ရှိပြီ။"*

## ၄) ရွေးကောက်ပွဲနှင့် ဆန္ဒမဲပေးခွင့်

ဆန္ဒမဲပေးခွင့်သည် နိုင်ငံသားအဖြစ် အသိအမှတ်ပြုခံရခြင်းနှင့် မှတ်ပုံတင်ကတ်ပြားပိုင်ဆိုင်ခြင်းတို့နှင့် လွန်စွာဆက်စပ်နေသည်။ မွတ်စလင်အများစုသည် အစိုးရမှ မြန်မာနိုင်ငံသားအဖြစ် အသိအမှတ်ပြုခြင်းကို မခံရပေ။ အချို့သောမွတ်စလင်များ၏ မိဘမျိုးရိုးမှာ ကရင်လူမျိုး (သို့မဟုတ် အခြားတိုင်းရင်းသားလူမျိုးစု) ဖြစ်ခြင်းကြောင့် တရားဝင်အသိအမှတ်ပြုခြင်း ခံသင့်သော်လည်း နိုင်ငံရေးတွင် ပါဝင်ခွင့်ကိုမဆိုထားနှင့် အချို့မှာ မဲထည့်ခွင့်ပင်မရကြပေ။

KHRG မှ လူတွေ့မေးမြန်းခဲ့သော မွတ်စလင်လူမျိုး ၁၁ ဦးမှ ၈ ဦးသည် မှတ်ပုံတင် မရှိကြပေ။ ထိုမှတ်ပုံတင်ရှိသူ ၃ ဦးမှ ၁ ဦးသာလျှင် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲတွင် အဟန့်အတားမရှိမဲပေးခွင့် ရခဲ့သည်။ အခြားသူများမှာ မဲပေးရန်အတွက် ဒေသခံအာဏာပိုင်များ၏ တားမြစ်ခြင်း ခံခဲ့ရသည်။ တောအူးခရိုင်၊ ဒေါ်ဖားခိုမြို့နယ်မှ မွတ်စလင်ရွာသားတစ်ဦးက ၎င်းတို့၏ဒေသရှိ မွတ်စလင်များအား မဲပေးခွင့်ပိတ်ထားသဖြင့် သူ့အနေဖြင့် မဲပေးခွင့်မရှိကြောင်းပြောခဲ့သည်။ *"ကျွန်တော်တို့မှာ မှတ်ပုံတင် ဒါမှမဟုတ် တရားဝင်စာရွက်စာတမ်းတွေရှိရင်တောင်မှ မဲပေးလို့မရဘူး။ သူတို့က ကျွန်တော်တို့ကို မဲပေးခွင့်မပေးဘူး။ ကျွန်တော့်မှာ ပုံစံ ၁၀ ရှိတယ်။ အဲ့ဒါက တောင်ငူကနေထုတ်ပေးထားတာဖြစ်လို့ သံတောင်မှာ သုံးလို့မရဘူးလို့ပြောတယ်။ ကျွန်တော်သိတာကတော့ ကျွန်တော့်မှာ တရားဝင်စာရွက်စာတမ်းတွေရှိရင် မဲပေးချင်တဲ့နေရာမှာ ပေးလို့ရတယ်။ ဒါပေမယ့် လူဝင်မှုကြီးကြပ်ရေးရဲ့ တာဝန်ရှိအကြီးအကဲပြောတာကတော့ ကျွန်တော်လက်ရှိနေနေတဲ့နေရာက မဲပေးခွင့်ပိတ်ထားလို့ ကျွန်တော်တို့ဘာမှလုပ်လို့မရဘူး။"*

တနေးဆါးမြို့နယ်မှ မှတ်ပုံတင်ရှိသော အခြားမွတ်စလင်တစ်ဦးကလည်း အလားတူကိစ္စရပ်ကို ကြုံတွေ့ခဲ့ရသည်။ ၎င်း၏ကျေးရွာရှိ မွတ်စလင်များမှာ ရွာလူကြီးမှခွင့်မပြုသည့်အတွက် မဲပေးခွင့်မရကြပေ။ *"ကျွန်တော်တို့ကို ရွာလူကြီးကဖိတ်ခေါ်တယ်။ မွတ်စလင်အများစုက အဲ့ဒီကိုသွားခဲ့ပေမယ့် ကျွန်တော်တို့ကို မဲပေးတဲ့ ကတ်ပြားတွေ မပေးခဲ့ဘူး။"* အခြားဒေသရှိမွတ်စလင်များမှာ မဲပေးခွင့်ရှိကြကြောင်းကိုလည်း သူက ထပ်လောင်းပြောခဲ့သည်။ *"ကော့ကရိတ်မြို့က မွတ်စလင်အားလုံးတော့ မဲပေးခွင့်ရခဲ့တယ်။ ကရင်ကော မွတ်စလင်ကော မဲပေးခွင့်ရတယ်။ ကျွန်တော်တို့ရွာက မွတ်စလင်တွေပဲ မဲပေးခွင့်မရတာ။"* ဤဥပမာများမှာ မွတ်စလင်များအနေဖြင့် နိုင်ငံသားမှတ်ပုံတင်များရှိကြသော်လည်း ၎င်းတို့၏ မဲပေးနိုင်ခွင့်အား အာမခံနိုင်မှု မရှိကြောင်း ဖော်ပြနေသည်။

### ၅) မဟာဗမာလူမျိုးကြီးဝါဒ

မွတ်စလင်အများစုမှာ နိုင်ငံသားစီစစ်ရေးကတ်ပြားမရှိကြသော်လည်း ၎င်းတို့အနေဖြင့် အိမ်ထောင်စုစာရင်းနှင့် ကလေးများအတွက် မွေးစာရင်းရရှိနိုင်ကြသည်။ ထို့အတွက်ကြောင့် ၎င်းတို့အနေဖြင့် အခြားသောတိုင်းရင်းသားများ ကြုံရသကဲ့သို့ ၎င်းတို့၏အမည်များကို တရားဝင်စာရွက်စာတမ်းများပေါ်တွင် ဗမာမှုပြုခြင်းများ ကြုံတွေ့ရနိုင်သည်။ KHRG မှ လူတွေ့မေးမြန်းခဲ့သော မွတ်စလင်များထဲတွင်လည်း ဗမာလူမျိုးကြီးဝါဒနှင့်ပတ်သက်ပြီး ပြန်လည်တုန့်ပြန်မှုများမှာ ကွာခြားမှုများရှိသည်။ အခြားသောတိုင်းရင်းသားလူနည်းစုများကဲ့သို့ပင် အစိုးရ၏မှတ်ပုံတင် သို့မဟုတ် အိမ်ထောင်စုစာရင်းများ လျှောက်ထားသည့်အခါတွင် ၎င်းတို့အနေဖြင့် မည်သို့ပင်ထည့်သွင်းရေးသားစေကာမူ ဦး/ဒေါ် သို့မဟုတ် မောင်/မ များကို ၎င်းတို့၏အမည်ရှေ့တွင် ပေါင်းထည့်ပေးသည်။ မေးခွန်းဖြေကြားသူအများစုက ထိုသို့ ဗမာအမည်အရှေ့ဂုဏ်ပုဒ်များ ထည့်သွင်းခြင်းသည် ၎င်းတို့အား အနှောင့်အယှက်မဖြစ်စေကြောင်း ဖော်ပြခဲ့သည်။ အချို့သူများကမူ မွတ်စလင်များအနေဖြင့် ကရင်လူမျိုးများကဲ့သို့ ၎င်းတို့၏ ကိုယ်ပိုင်အမည်အရှေ့ဂုဏ်ပုဒ်မရှိကြောင်း ထောက်ပြခဲ့သည်။ ထို့အတွက်ကြောင့် အဓိကကိစ္စရပ်မှာ ၎င်းတို့အား မွတ်စလင်အမည်သုံးခွင့်ပေးခြင်း သို့မဟုတ် ဗမာအမည်အသုံးပြုရန် လိုအပ်ခြင်းတို့ဖြစ်သည်။ ကျွန်ုပ်တို့ လူတွေ့မေးမြန်းခဲ့သူအများစုမှာ ဤကိစ္စရပ်သည်လည်း ၎င်းတို့အတွက် ပြဿနာမဟုတ်ကြောင်း ပြောခဲ့သည်။ လူတွေ့မေးမြန်းခဲ့သူ တစ်ဦးက သူမ၏အမည်အား ဗမာအမည်သုံးခြင်းနှင့်ပတ်သက်ပြီး အဆင်ပြေမှုရှိမရှိမေးမြန်းရာတွင် သူမကတုန့်ပြန်ခဲ့သည်မှာ *"ကျွန်မတို့က မွတ်စလင်တွေဖြစ်တယ်။ ဒါပေမယ့် ဗမာမွတ်စလင်။ ကျွန်မတို့က အိန္ဒိယမွတ်စလင်မဟုတ်ဘူး။ ဒါကြောင့် အဲ့ဒါကကျွန်မတို့အတွက် အဆင်ပြေပါ*

*တယ်။"* အခြား သောမေးခွန်းဖြေကြားသူတစ်ဦးကလည်း အလားတူမှတ်ချက်မျိုးပြုခဲ့သည်။ *"ကျွန်မက မြန်မာနိုင်ငံထဲမှာပဲမွေးခဲ့တယ်။ အဲ့ဒါကြောင့် ကျွန်မကမြန်မာနာမည်ကိုပဲသုံးတယ်။"* အခြား တစ်ဦးကမူ *"ကျွန်မအတွက်ကတော့ ကိစ္စမရှိဘူး။ ကျွန်မကို အဆင်မပြေဖြစ်စေတာက မှတ်ပုံတင်မရှိတာပဲ။"* ဟု တုန့်ပြန်ခဲ့သည်။

အကယ်၍ မွတ်စလင်များအနေဖြင့် ဗမာလူမျိုးကြီးဝါဒနှင့် ပတ်သက်ပြီး KHRG မှ လူတွေ့မေးမြန်းခဲ့သော အခြားတိုင်းရင်းသားများနှင့်ယှဉ်လျှင် စိုးရိမ်မှုနည်းပါးရခြင်းက မွတ်စလင်များအတွက် ၎င်းတို့၏ဖြစ်တည်မှုဆိုင်ရာကိစ္စသည် အလွန်ခြားနားသည့်အတွက်ကြောင့်ဖြစ်သည်။ မွတ်စလင်များအနေဖြင့် အခြားသောတိုင်းရင်းသားအုပ်စုများထက် ဗမာလူမျိုးကြီးဝါဒအား စိုးရိမ်မှုလျော့နည်းနေခြင်းမှာ ၎င်းတို့အား မြန်မာအစိုးရမှ နိုင်ငံသားဖြစ်ခွင့်ပေးခြင်းမှ ဖယ်ရှားထားခြင်းကြောင့် ၎င်းတို့အတွက် မှတ်ပုံတင်ရရှိရေးကိစ္စမှာ အခြားသောတိုင်းရင်းသားများနှင့် အလွန်ကွာခြားသည့်အတွက်ကြောင့် ဖြစ်နိုင်သည်။ အခြားသောအစိုးရ အသိအမှတ်ပြုထားသော တိုင်းရင်းသားမျိုးနွယ်စု ၁၃၅ စုနှင့် မတူပဲ မွတ်စလင်များသည် နိုင်ငံခြားသားကဲ့သို့ ဆက်ဆံခြင်းခံရသည့်အတွက် ဗမာလူမျိုးများ၏ ဝိသေသလက္ခဏာများအား သုံးခွင့်မရှိပေ။ ၂၀၁၇ ခုနှစ် မြန်မာနိုင်ငံလူ့အခွင့်အရေးလှုပ်ရှားမှုကွန်ယက် (BHRN)၏ အစီရင်ခံစာတွင် လူတွေ့မေးမြန်းခဲ့သော မွတ်စလင်အမျိုးသမီးတစ်ဦးက သူမအနေဖြင့် မှတ်ပုံတင် လျှောက်ထားသည့်အခါတွင် *"ဗမာလူမျိုးထဲမှာ မွတ်စလင်မရှိဘူး။ "*[38] ထို့အတွက်ကြောင့် အများစုက ၎င်းတို့အား နိုင်ငံတော်အတွင်း ဗမာလူမျိုး၏ အစိတ်အပိုင်းအဖြစ် အသိအမှတ်ပြုရန်အတွက် ကြိုးစားကြသည်။

ထို့အပြင် ၎င်းတို့ကြုံတွေ့ရသော ခွဲခြားဆက်ဆံမှုများထက် ဗမာအမည်များအား ရွေးချယ်ကာအသုံးပြုခြင်းကို ပိုမိုလိုလားကြသည်။ မွတ်စလင်များမှ ဗမာအမည်များအား ကျောင်းတက်သည့်အခါများတွင် အသုံးပြုခြင်းနှင့်ပတ်သက်ပြီး လူတွေ့မေးမြန်းခဲ့သူတစ်ဦးကခံစားရသကဲ့သို့ပင် မွတ်စလင်အမည်များသည် ဆရာအများစုအတွက် အသံထွက်ရန်ခက်ခဲပုံပေါ်သည့်အတွက်ကြောင့်ဖြစ်သည်။ အခြားလူတွေ့မေးမြန်းခဲ့သူတစ်ဦးက *"တချို့ ဆရာတွေက သူတို့ရဲ့နာမည်ကိုတောင် မခေါ်ဘူး။ သူတို့က ဒီတိုင်း "ကုလား" လို့ပဲခေါ်လိုက်တယ်။"* အခြားမေးခွန်းဖြေကြားသူတစ်ဦးက ထိုအခြေအနေသည် လွန်ခဲ့သည့် နှစ်ပေါင်း ၂၅ နှစ်ကျော်ကထက်ပင် ပိုမိုဆိုးရွားသကဲ့သို့ခံစားရပြီး ထိုအကြောင်းကြောင့် သူ့ကလေးများအား ဗမာအမည်နှင့် ကရင်အမည်များမှည့်ပေးခဲ့သည်။

## ၆) အခွင့်အရေးဆုံးရှုံးမှု

KHRG ၏ သုတေသန အချက်အလက်များအရ မွတ်စလင်အများစုသည် ၂၀၁၅ ခုနှစ် တိုင်းရင်းသားလူမျိုးများ၏အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေအား မသိကြပေ။ မေးခွန်းဖြေကြားသူများအတွက် ၎င်းတို့အနေဖြင့် ဤဥပဒေအား အဘယ်ကြောင့် မသိရခြင်းအပေါ် ရှင်းလင်းမှုမရှိပေ။ သို့သော်လည်း အများစုမှာ ၎င်းဥပဒေတွင် မပါဝင်ကြောင်းကို ဂရုပြုသင့်သည်။ ဥပဒေသည် "ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို ပင်ရင်းနိုင်ငံအဖြစ်သတ်မှတ်၍ စဉ်ဆက်မပြတ်နေထိုင်ခဲ့ကြသော လူမျိုးများ" အပေါ်တွင်သာ သက်ရောက်မှု ရှိသည်။ ဤဖော်ပြချက်တွင် နိုင်ငံသားအဖြစ်ခံယူထားသောသူများနှင့် ဧည့်နိုင်ငံသားများ

38 Burma Human Rights Network မှ ၂၀၁၇ ခုနှစ်တွင် ထုတ်ဝေခဲ့သော Persecution of Muslims in Burma: BHRN Report ၏ စာမျက်နှာ ၂၂ တွင် ကြည့်ပါ။

မပါဝင်ပေ။[39] ထို့အတွက်ကြောင့် အစိုးရသတ်မှတ်ထားသော တိုင်းရင်းသားမျိုးနွယ်စု စာရင်းတွင်မပါသည့် မွတ်စလင်များအနေဖြင့် ဤ ၂၀၁၅ ခုနှစ် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေအောက်တွင် အကျုံးဝင်ခြင်းမရှိပေ။ တနေးဆားမြို့နယ်မှ မေးခွန်းဖြေကြားသူ မွတ်စလင်တစ်ဦးက KHRG ၏ သတင်းအချက်အလက်ကောက်သူများအား ၎င်းတို့အနေနှင့် ကိုယ်ပိုင်အခွင့်အရေးများအား တောင်းဆိုနိုင်ခွင့်ရှိမရှိ မေးမြန်းခဲ့သည်။ *"တကယ်လို့ ကျွန်တော်တို့ရဲ့ အခွင့်အရေးတွေ ချိုးဖောက်ခံရမယ်ဆိုရင် ကိုယ့်အခွင့်အရေးကို တောင်းဆိုခွင့်ရှိလား။"* ၎င်းတို့၏ အခွင့်အရေးများအား ပိုင်ဆိုင်ခွင့်ပင်မရှိသူများအနေနှင့် ၎င်းတို့၏ အခွင့်အရေးအား မည်သို့တောင်းဆိုရမည်နည်း ဟူ၍လည်း မေးခွန်းထုတ်စရာဖြစ်လာသည်။

မွတ်စလင်အများစုက အခြားတိုင်းရင်းသားအဖွဲ့များကဲ့သို့ အခွင့်အရေးမရခြင်း၊ အထူးသဖြင့် ဘာသာရေးနှင့်ပတ်သက်ပြီး တန်းတူအခွင့်အရေး မရရှိခြင်းနှင့်ပတ်သက်၍ ၎င်းတို့၏စိုးရိမ်မှုများကို ထုတ်ဖော်ပြောခဲ့ကြသည်။ တာကရယ်(ပိုင်ကျုံ)မြို့နယ်၊ ပေါင်ကျေးရွာအုပ်စု၊ ဒ--- ကျေးရွာတွင် မွတ်စလင်များအနေဖြင့် လွတ်လပ်စွာ ကိုးကွယ်ခွင့်ရှိသော်လည်း ဘာသာရေးပွဲများ အထူးသဖြင့်နွားများကို သတ်ဖြတ်ပူဇော်ရသည့် အစ်နေ့အားကျင်းပသည့်အခါများတွင် မြန်မာအစိုးရထံမှ ခွင့်ပြုချက် တောင်းခံရသည်။ ဒ--- နှင့် အ--- ကျေးရွာနှစ်ခုလုံးတွင် အစိုးရမှ ၎င်းတို့အား ဗလီများဆောက်လုပ်ခြင်း သို့မဟုတ် ပြန်လည်ပြုပြင်ခြင်းကို ခွင့်မပြုပေ။ ခွင့်ပြုမိန့်အား တောင်းခံပြီးဖြစ်သော်လည်း ခွင့်ပြုမိန့်ကျလာရန်အတွက် စောင့်ဆိုင်းနေကြဆဲဖြစ်သည်။ အ--- ကျေးရွာမှ လူတွေ့မေးမြန်းခဲ့သူတစ်ဦးက ဤသို့ တင်းကြပ်မှုများနှင့် ပတ်သက်ပြီး သူ၏ခံစားချက်ကို ထုတ်ဖော်ပြောခဲ့သည်။ *"တကယ်လို့ ကျွန်တော်တို့က သူတို့ကိုမနာခံပဲ ဗလီဆောက်ခဲ့ရင် သူတို့က ကျွန်တော်တို့ကိုဖမ်းမယ်။ ကျွန်တော်က အခုအသက်ကြီးလာပြီ။ ကလေးမဟုတ်တော့ဘူး။ ကျွန်တော်ထောင်ထဲမှာ သွားမနေချင်ဘူး။ ဒါကြောင့် ကျွန်တော်တို့ အဲ့ဒီအဆောက်အဦးကို ပြန်ပြုပြင်တည်ဆောက်တာတွေမလုပ်ပဲ ဒီတိုင်းပစ်ထားလိုက်တယ်။"*

ဒေါ်ဖားခိုမြို့နယ်၊ သံတောင်မြို့သစ်တွင် ပိတ်ပင်မှုများမှာ ပိုမိုကြီးမားသည်။ *"တကယ်တော့ ကျွန်တော်တို့ကို ဘာမှလုပ်ခွင့်မပေးလို့ ကျွန်တော်တို့ ဘာမှမလုပ်ရဲဘူး။ ကျွန်တော်တို့တွေ ပွဲကျင်းပဖို့အတွက် လူစုလေ့ မရှိဘူး။ ပြီးတော့ ဒီမှာဘာသာရေးပွဲတွေလည်း မရှိဘူး။"* ဟု ရွာသားတစ်ဦးက ပြောသည်။ တောင်ငူမြို့ပေါ်ရှိဗလီများတွင် ကျင်းပပြုလုပ်သော အထူးဘာသာရေးပွဲတော်များသို့ ဝတ်ပြုနိုင်ရန်အတွက် သွားလာသောအခါ ၎င်းတို့သည် စစ်ဆေးမေးမြန်းခံရသည်။ *"တပ်မတော်က မြို့ထဲကိုမဝင်ခင် ဂိတ်မှာ လူတိုင်းကို မှတ်ပုံတင်စစ်တယ်။ တကယ်လို့ တစ်ယောက်ယောက်က မှတ်ပုံတင်မရှိတာကို တွေ့ရင် အဲ့ဒီလူကိုပြန်သွားခိုင်းတယ်။ ဒါမှမဟုတ် အဲ့ဒီနေရာကနေ အတင်းပြန်လှည့် ထွက်သွားခိုင်းတယ်။"* ၎င်းတို့၏ရွာထဲတွင်ပင် သတိထားပြီး နေရကြောင်းကို *"ကျွန်တော်တို့တွေ အိမ်မှာလည်း လူအများကြီးနဲ့ ဝတ်ပြုလို့မရဘူး။ ရဲတွေက ကျွန်တော်တို့ကို အမြဲစောင့်ကြည့်နေတယ်။""အထူးသဖြင့် ကျွန်တော်တို့ရဲ့ အစ္စလမ်ဘာသာယုံကြည်မှုတွေကို ရပ်တန့်ဖို့အတွက် သူတို့က အကုန်တားမြစ်ထားတယ်။ အခု ကျွန်တော်တို့တွေက အကြောက်တရားနဲ့ နေရတယ်။ ကျွန်တော့်အနေနဲ့ကတော့ လူတိုင်းကိုတန်းတူအခွင့်အရေး ရစေချင်တယ်။"* အခြားမွတ်စလင်တစ်ဦးက မွတ်စလင်များအနေဖြင့် တန်းတူအခွင့်အရေးမရခြင်းနှင့်ပတ်သက်ပြီး သူမ၏ခံစားချက်များကို ဖော်ပြခဲ့သည်။ *"သူတို့တွေက ကျွန်မတို့မရတဲ့ အခွင့်အရေးတွေရလို့ ကျွန်မဝမ်းနည်းတယ်။ ကျွန်မတို့က လူသားချင်းအတူတူပဲလေ။"*

[39] ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မှ ၂၀၁၅ ခုနှစ်တွင်ထုတ်ဝေခဲ့သော Pyidaungsu Hluttaw Law No. 8/2015 - The Ethnic Rights Protection Law တွင် ကြည့်ပါ။

## အပိုင်း(၂)။ ။အပစ်အခတ်ရပ်ဆဲရေးကာလတွင် တိုင်းရင်းသားတို့၏ ဝိသေသ လက္ခဏာများအား မြှင့်တင်ပေးခြင်း - လုပ်ဆောင်သည့်ပုံစံများနှင့် စိန်ခေါ်မှုများ

တိုင်းပြည်အား ၁၉၆၂ ခုနှစ်မှ ၂၀၁၁ ခုနှစ်အတွင်း အုပ်ချုပ်ခဲ့သော စစ်အစိုးရသည် မဟာဗမာလူမျိုးကြီးဝါဒ အားကျင့်သုံးပြီး ဥပဒေများ၊ မူဝါဒများနှင့် အခြားလုပ်ဆောင်မှုများကို အသုံးပြုခဲ့ကာ ဗမာ့ယဉ်ကျေးမှုနှင့် ဘာသာအား လက်ခံကျင့်သုံးလာစေရန်အတွက် တိုင်းရင်းသားလူနည်းစုအဖွဲ့များတွန်းအားပေးခဲ့ သည်။[40] ဦးသိန်းစိန်အစိုးရ အုပ်ချုပ်ခဲ့သော (၂၀၁၁ - ၂၀၁၆) ခုနှစ်များတွင် မြန်မာအစိုးရမှ တိုင်းရင်း သား အခွင့်အရေးကာကွယ်ခြင်းဥပဒေနှင့် စာသင်ကျောင်းများတွင် တိုင်းရင်းသားဘာသာစကား၊ သမိုင်းကြောင်းနှင့် ယဉ်ကျေးမှုများအား သင်ကြားနိုင်ရန် လမ်းဖွင့်ပေးခဲ့သော အမျိုးသားပညာရေး ဥပဒေအား ပြဋ္ဌာန်းခဲ့သည်။ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်သည် ၎င်း၏ အခြေခံမူအတိုင်း နိုင်ငံသားအားလုံးကို တန်းတူအခွင့်အရေးများရရှိအောင် အာမခံချက်ပေးထား သည်။ ဤသို့သော တိုးတက်ပြောင်းလဲမှုများကြောင့် အရပ်သားအစိုးရအဖြစ် ပြောင်းလဲခြင်းသည် တိုင်းရင်းသားလူနည်းစုများအတွက် အခွင့်အလမ်းများ ပိုမိုရရှိစေမည်ဖြစ်ပြီး ၎င်းတို့၏ ရိုးရာယဉ်ကျေးမှုကို မြှင့်တင်ရန် အခွင့်အလမ်းများ ပိုမိုရရှိနိုင်သည်ဟူသော မျှော်လင့်ခြင်းကို သယ်ဆောင်လာသည်။

သို့သော်လည်း KHRG မှလုပ်ဆောင်ခဲ့သော လူတွေ့မေးမြန်းခြင်းများအရ အချို့သော ဒေသများတွင် သိသာထင်ရှားသည့် တိုးတက်ပြောင်းလဲမှုများရှိနေသော်လည်း လက်ရှိအစိုးရမှ မဟာဗမာလူမျိုးကြီးဝါဒ ကိုအခြေခံသည့်မူဝါဒများအား အခြေအနေတစ်ခုထိကျင့်သုံးနေသည့်အတွက် တိုင်းရင်းသားနိုင်ငံသား များမှာမူ အခွင့်အရေးအပြည့်အဝ မရနိုင်ပေ။ ကရင်အသိုက်အဝန်းများသည်လည်း အခမ်းအနားကျင်းပ ခြင်း သို့မဟုတ် သမိုင်းဝင်ခေါင်းဆောင်များ၏ရုပ်ထုများ စိုက်ထူခြင်းနှင့် အချို့သောကျောင်းများအရှေ့ တွင် ၎င်းတို့၏ တိုင်းရင်းသားဝိသေသလက္ခဏာများကို ဖော်ပြနိုင်ရန်အတွက် တိုင်းရင်းသားအလံများကို စိုက်ထူသည့်အခါ ၎င်းတို့အနေဖြင့် ကန့်သတ်ချုပ်ချယ်မှုများနှင့် ရင်ဆိုင်နေကြရဆဲဖြစ်သည်။ ထို့အပြင် မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ကရင်လူမျိုးများ၏ အချို့သောနေရာဒေသ အမည်နာမများအား ဗမာ နာမည်သို့ ပြောင်းလဲခေါ်ဝေါ်ခြင်းကို လုပ်ဆောင်ကြသည်။ ဤလုပ်ဆောင်ချက်များမှာ ဆက်လက်ဖြစ် ပေါ်နေသောလုပ်ငန်းစဉ်တစ်ခု ဖြစ်သည်။

မြန်မာနိုင်ငံ သင်ရိုးညွှန်းတမ်းသည် ဗမာလူမျိုးကြီးဝါဒအတွက် အသုံးပြုခဲ့ကြသော အဓိကလက်နက်တစ် ခုဖြစ်သည့်အတွက် KHRG မှ လူတွေ့မေးမြန်းခဲ့သူအများစုက မြန်မာပညာရေးစနစ်အား တိုးချဲ့ခြင်းသည် တိုင်းရင်းသားတို့၏ ဖြစ်တည်မှုအပေါ် ခြိမ်းခြောက်ခြင်းဖြစ်သည်ဟု မြင်ကြသည်။ သင်ရိုးညွှန်းတမ်းအား ယခုကာလတွင် ပြန်လည်သုံးသပ်ခြင်းများပြုလုပ်သော်လည်း သင်ရိုးညွှန်းတမ်းသည် ဗမာလူမျိုးများအား အဓိကထားခြင်း၊ သမိုင်းကြောင်းနှင့်ပတ်သက်သည့်အခါတွင်လည်း ဗမာလူမျိုးများကိုသာ မြှင့်တင်ပေး လျက်ရှိသည်။ အစိုးရမှ သတ်မှတ်ထားသော ကရင်ပြည်နယ်အပါအဝင် အချို့သောပြည်နယ်နှင့်တိုင်း ဒေသကြီးများတွင် တိုင်းရင်းသားဘာသာစကား၊ ယဉ်ကျေးမှုနှင့် သမိုင်းများသင်ကြားနိုင်ရန်အတွက် တိုးတက်ပြောင်းလဲမှုများအနည်းငယ်ရှိသော်လည်း တိုင်းရင်းသားကျောင်းသားများအားလုံး ထိုသင်ခန်း စာများမှ အကျိုးခံစားခွင့်အပြည့်အဝရရှိရန်အတွက် လိုအပ်ချက်များစွာရှိနေသေးသည်။

---

[40] နော်ဝေနင်းကျော်နှင့် စိုးစိုးနွယ်တို့မှ ၂၀၁၉ ခုနှစ် Friedrich-Ebert-Stiftung & Peace Leadership and Research Institute တွင် ထုတ်ဝေခဲ့သော From Margin to Center: Experiences of Political and Social Marginalization of Ethnic Minorities in Karenni State တွင် ကြည့်ပါ။

## (က) အများပြည်သူရှေ့တွင် တိုင်းရင်းသားဝိသေသလက္ခဏာများအား ဖော်ပြခြင်း

### ၁) တိုင်းရင်းသားလူမျိုးစု အခမ်းအနားများကျင်းပနိုင်ခြင်း

တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေ အပိုဒ် (၄) (ဂ) တွင် ဖော်ပြထားသည်မှာ တိုင်းရင်းသားလူမျိုးစုများအနေဖြင့် "မိမိတို့၏ယဉ်ကျေးမှု ဓလေ့ထုံးတမ်းအရ ဆောင်ရွက်သောအခမ်းအနားများနှင့် နေ့ထူးနေ့မြတ်များကို လွတ်လပ်စွာ ကျင်းပခွင့်ရှိသည်။"[41] မေးခွန်းဖြေကြားသူအများအပြားက တပ်မတော်မှ ကရင်အခမ်းအနားများကို ပိတ်ပင်တားမြစ်လေ့ရှိသော်လည်း တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် ချုပ်ဆိုပြီးသည့်နောက်ပိုင်းတွင် အခြေအနေများတိုးတက်ကောင်းမွန်လာသည်ဟု ဖော်ပြခဲ့ကြသည်။ ဒူးသထူခရိုင်၊ ဘီးလင်းမြို့နယ်မှ နော်ဂ---က *"အရင်တုန်းကဆိုရင် ကျွန်မတို့ အာဇာနည်နေ့ [ကရင်အာဇာနည်နေ့၊ ဩဂုတ်လ ၁၂ ရက်နေ့] ကျင်းပတဲ့အခါ တပ်မတော်ကိုကြောက်ရတယ်။ ကျွန်မမှတ်မိသေးတယ်။ တစ်ခါက ကျွန်မတို့ အာဇာနည်နေ့ကျင်းပနေတဲ့အချိန် တပ်မတော်က ရွာထဲကိုရောက်လာတယ်။ [...] ကျွန်မတို့အားလုံး ထွက်ပြေးကြတယ်။ တကယ်လို့ ကျွန်မတို့တွေဆက်နေပြီး ပွဲကိုဆက်ကျင်းပရင် တပ်မတော်စစ်သားတွေက ကျွန်မတို့ကို နှိပ်စက်ပြီး ရိုက်နှက်မှာ။ အခုတော့ ကျွန်မတို့ ဒါကိုကြောက်စရာမလိုပဲ ကျင်းပနိုင်ပြီ။"*

မေးခွန်းဖြေကြားသူ အများစုက မည်သည့်တိုင်းရင်းသားလူမျိုးဖြစ်စေ ၎င်းတို့အနေဖြင့် မိမိတို့၏တိုင်းရင်းသားနေ့ထူးနေ့မြတ်များကို လွတ်လပ်စွာကျင်းပနိုင်ပြီဖြစ်ကြောင်း တင်ပြခဲ့ကြသည်။ ဒူးပလာယာခရိုင်၊ ကော်တရီ (ကော့ကရိတ်)မြို့နယ် မှ ပအိုဝ်လူမျိုးတစ်ဦးဖြစ်သူ ဦးခွန်စောဟ--- က *"အခုဆိုရင် ကျွန်တော်တို့ တောင်းဆိုတာထက် အခွင့်အရေးတွေပိုပိုပြီး ရလာတယ်။ ဒီနှစ်ဆိုရင် [မြန်မာအစိုးရ] အာဏာပိုင်တွေက ကျွန်တော်တို့ကိုတောသူး[ပအိုဝ်] အမျိုးသားနေ့ ကျင်းပခွင့်ပေးတယ်။ ကျွန်တော်တို့တွေအနေနဲ့ သူတို့တွေ တိုင်းရင်းသားလူနည်းစုတွေအပေါ် အသိအမှတ်ပြုတာကို အရမ်းကျေးဇူးတင်ရတယ်။"* အစိုးရအုပ်ချုပ်နယ်မြေနှင့် ရောနှောအုပ်ချုပ်ရာနယ်မြေများတွင် ဒေသခံများအနေဖြင့် ပွဲကျင်းပရန်အတွက် ဒေသတွင်းရှိ မြန်မာအစိုးရအာဏာပိုင်များအား ကြိုတင်အကြောင်းကြားရန်လိုအပ်သည်။ သို့သော်လည်း ဤသို့လုပ်ဆောင်ရာတွင် လုပ်ထုံးလုပ်နည်းအရ အသိပေးခြင်းသာဖြစ်ပြီး ဒေသတွင်းရှိ မြန်မာအာဏာပိုင်များက တစ်ခါတစ်ရံတွင် တိုင်းရင်းသားမျိုးနွယ်စု အခမ်းအနားများကျင်းပရာတွင် ကူညီထောက်ပံ့မှုများ ပြုလုပ်ပေးကြသည်။ ဒူးပလာယာခရိုင်၊ ဝေါ်ရေ (ဝင်းရေး) မြို့နယ်၊ ကရု [ကံ့ကူဝန်] ကျေးရွာအုပ်စုမှ မန်းဂျ--- က *"ကျွန်တော်တို့ ကရင်နှစ်သစ်ကူးကျင်းပတဲ့အချိန်ကျရင် အစိုးရကလည်း ကျွန်တော်တို့ကို ထောက်ပံ့မှုတွေ ပေးတယ်။"*

---

[41] ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်မှ ၂၀၁၅ ခုနှစ်တွင် ထုတ်ဝေခဲ့သော Pyidaungsu Hluttaw Law No. 8/2015 - The Ethnic Rights Protection Law တွင် ကြည့်ပါ။






လက်ဝဲဘက်ရှိပုံကို ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက်နေ့တွင် ပဲခူးနယ်ပယ်ဒေသ [မြန်မာအစိုးအုပ်ချုပ်နယ်မြေ]၊ ပဲခူးတွင် ရိုက်ယူခဲ့ပါသည်။ ဤဓာတ်ပုံသည် ဒေသခံကရင်လူမျိုးများမှ ကရင်လက်ချည်ပွဲကို ပဲခူးမြို့တော်ခန်းမတွင်ကျင်းပနေခြင်းကို ဖော်ပြထားသည်။ လက်ယာဘက်ရှိပုံသည် ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက်နေ့တွင် မူတြော်ခရိုင်၊ ဘူးသိုမြို့နယ်၊ မယ်က လောကျေးရွာအုပ်စု၊ ဝေမုံကျေးရွာတွင် ရိုက်ယူခဲ့ပါသည်။ ဤဓာတ်ပုံသည် ဒေသခံများမှ ရှမ်းနှစ်သစ်ကူးပွဲတော်တက်ရောက် ခဲ့သောပုံကို ဖော်ပြထားခြင်းဖြစ်သည်။ *(ဓာတ်ပုံ - KHRG)*

သို့သော်လည်း မကြာသေးမီက ဖြစ်ပွားခဲ့သော အခြေအနေများအရ မြန်မာအစိုးရအနေဖြင့် အချို့သော တိုင်းရင်းသားအခမ်းအနားများ အထူးသဖြင့် အမျိုးသားရေးခေါင်းဆောင်များအတွက် ကျင်းပသည့် အခမ်းအနားများကို ပိတ်ပင်တားမြစ်ရန် ရည်ရွယ်ချက်ရှိနေသေးသည်။ ကရင်အာဇာနည်နေ့သည် ကရင်ပဋိပက္ခများအတွင်းကျဆုံးသွားသော ကရင်တော်လှန်ရေးခေါင်းဆောင်များဖြစ်သည့် စောဘဦး ကြီးအပါအဝင် အခြားသောကရင်ခေါင်းဆောင်များအား သတိတရဖြင့်ဂုဏ်ပြုသော အခမ်းအနားပွဲဖြစ် သည်။ ထိုနေ့ရက်ကို ကရင်ပြည်နယ်ရှိဒေသများတွင် ကျယ်ကျယ်ပြန့်ပြန့် ကျင်းပကြပြီး ၂၀၁၂ ခုနှစ် ပဏာမအပစ်အခတ်ရပ်စဲရေးသဘောတူညီချက်စာချုပ်[42] ချုပ်ဆိုပြီးသည့်အချိန်မှစ၍ နှစ်ပတ်လည် အထိမ်းအမှတ်ပွဲများကိုလည်း ရန်ကုန်မြို့တွင် ကျင်းပခဲ့သည်။ သို့သော်လည်း မြန်မာအစိုးရအနေဖြင့် မကြာသေးမီက ဤသို့သောအခမ်းအနားများတွင် အာဇာနည်ဆိုသည့်အသုံးအနှုန်းကို အသုံးပြုခြင်းအား တားမြစ်ရန်ဆုံးဖြတ်ခဲ့ကြပြီး အချို့သောဒေသတွင်းရှိ အာဏာပိုင်များမှ ၂၀၁၉ ခုနှစ်မှစ၍ ကရင်အမျိုး သားအာဇာနည်နေ့ကျင်းပခြင်းကို စတင်ပိတ်ပင်လာကြသည်။[43]

ဒူးပလာယာခရိုင်မှ ကရင်အမျိုးသမီးအစည်းအရုံး၏ အဖွဲ့ဝင်တစ်ဦးက KHRG အား သူမတို့၏ ဒေသတွင် ကရင်အာဇာနည်နေ့အား လျှို့ဝှက်ကျင်းပရကြောင်း ပြောသည်။ *"သူတို့က ကျွန်မတို့ကို အာဇာနည်နေ့ ကျင်းပခွင့်မပေးဘူး။ ဘာလို့လဲဆိုတော့ ဒါဟာ ကရင်သူပုန်အဖွဲ့ရဲ့ သူရဲကောင်းတွေအတွက်ဖြစ်တယ် လို့ သူတို့ကပြောတယ်။ [...] ဒါကြောင့် ကျွန်မတို့တွေအနေနဲ့ ဒါကိုတရားဝင်မဟုတ်ပဲ လျှို့ဝှက်ပြီး ကျင်းပရတယ်။"* ဤသို့ဖြစ်ရခြင်းမှာ သူမတို့အနေဖြင့် ဗဟိုအစိုးရကိုဆန့်ကျင်တော်လှန်သည့် ခေါင်း

---

42 ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်နေ့တွင် KNU နှင့် မြန်မာအစိုးရတို့သည် ပဏာမအပစ်အခတ်ရပ်စဲရေးစာချုပ်ကို ဘားအံတွင် လက်မှတ်ရေးထိုးခဲ့ကြသည်။ ရေရှည်တည်တံ့သည့်ငြိမ်းချမ်းရေးအစီအစဉ်အတွက် ဆွေးနွေးမှုများသည် ဆက်လက်ပြုလုပ်လျက်ရှိသည်။

43 ငြိမ်းငြိမ်းမှ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ The Irrawaddy တွင် ထုတ်ဝေခဲ့သော "Karen Martyrs' Day Case Shows Ethnic Rights in Retreat Under Present Myanmar Govt" တွင် ကြည့်ပါ။

ဆောင်များကို အရိုအသေပေးခြင်းအား ဒေသခံအာဏာပိုင်များက ခွင့်မပြုလိုသောကြောင့်ဖြစ်သည်ဟု သူမက ရှင်းပြခဲ့သည်။ *"သူတို့က KNU ကို သူပုန်အဖွဲ့လို့မြင်ပြီးတော့ ကိုယ့်ကိုကိုယ်ပေးဆပ်ပြီး သေဆုံးတဲ့သူတွေကို သူပုန်လို့မြင်တယ်။ သူတို့က ကျွန်မတို့ ကရင်အာဇာနည်တွေနဲ့ ကျွန်မတို့ရဲ့ ခေါင်းဆောင်တွေကို အသိအမှတ်မပြုကြဘူး။ ဒါဟာ သူပုန်အဖွဲ့ဖြစ်တဲ့အတွက် သူတို့အနေနဲ့ သူပုန် ဒါမှမဟုတ် ရန်သူတွေနဲ့ပတ်သက်ပြီး လုပ်တဲ့ကိစ္စမှန်သမျှကို ဖျက်စီးခွင့်ရှိတယ်လို့ သူတို့ကပြောတယ်။"*

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်တွင် အာဏာပိုင်များက လွတ်လပ်စွာစုဝေးခွင့်အား ဆန့်ကျင်ကာ တရားဥပဒေအရ တားမြစ်ပိတ်ပင်ခဲ့ပြီး ကရင်အာဇာနည်နေ့ပွဲစီစဉ်ခဲ့သူများကို ပြစ်မှုဆိုင်ရာ စွဲချက်တင်ခဲ့သည်။ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလတွင် လူ့အခွင့်အရေးတက်ကြွလှုပ်ရှားသူ ကရင်လူမျိုးနော်အုန်းလှ နှင့် အခြားကရင်လူငယ်ခေါင်းဆောင်နှစ်ဦးတို့သည် ၂၀၁၉ ခုနှစ်၊ ဩဂုတ်လတွင် ကျင်းပပြုလုပ်သော ၆၉ ခုနှစ်မြောက် ကရင်အာဇာနည်နေ့တွင် အာဇာနည်ဟူသည့် စကားလုံးအသုံးပြုမှုကြောင့် ထောင် ၁၅ ရက်ကျခံခဲ့ရသည်။[44] အလားတူပင် ၂၀၂၀ ခုနှစ်၊ ဩဂုတ်လတွင်လည်း ရန်ကုန်မြို့တွင် ၇၀ နှစ်မြောက် ကရင်အာဇာနည်နေ့ကျင်းပသည့်အတွက် ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာဥပဒေအား ချိုးဖောက်မှုဖြင့် ကရင်လူငယ်နှစ်ဦးမှာ စွဲချက်တင်ခံခဲ့ကြရသည်။ မြန်မာ့ရဲ တပ်ဖွဲ့က ၎င်းတို့အနေဖြင့် ဒေသခံအာဏာပိုင်များထံပို့သည့် အသိပေးစာတွင် မပါသောစကားလုံးများ အသုံးပြုသည့်အတွက် ဥပဒေချိုးဖောက်ခြင်းဖြစ်ကြောင်း စွပ်စွဲခဲ့သည်။[45]

နော်အုန်းလှအား ဖမ်းဆီးမှုနှင့်ပတ်သက်ပြီး မေးမြန်းသည့်အခါတွင် ဦးခွန်စောဟ--- ကဲ့သို့ပင် အခြား လူတွေ့မေးမြန်းခဲ့သူအများစုက လက်ရှိအခြေအနေကို သက်သေခံခဲ့ကြသည်။ *"ဒါက ကရင်လူမျိုးတွေကို ဖိနှိပ်ခြင်းတစ်မျိုးပဲ။တကယ်လို့ ကျွန်တော်တို့က ကျွန်တော်တို့ရဲ့အမျိုးသားနေ့ကို တောရွာတွေမှာပဲ ကျင်းပလို့ရမယ်ဆိုရင် တခြားလူတွေရှေ့မှာ ကျွန်တော်တို့တွေက ကရင်လူမျိုးကို ဘယ်လိုကိုယ်စားပြု နိုင်တော့မှာလဲ။ ဒီနေ့ရက်နဲ့ပတ်သက်ပြီးတော့ လူတချို့ကပဲသိပြီး ပါဝင်လာကြတော့မယ်။ မြို့ပေါ်မှာ လည်း ကရင်တွေအများကြီးရှိတယ်။ ကျွန်တော်တို့တွေအနေနဲ့ အဲ့ဒီမှာ ကျင်းပချင်ပေမယ့် ကျွန်တော်တို့ မလုပ်နိုင်ဘူး။"* ဒူးပလာယာခရိုင်မှ စောက---က ဗမာဖြစ်စေ၊ ကရင်ဖြစ်စေ ၎င်းတို့၏ကိုယ်ပိုင်ပွဲတော်များ အား လွတ်လပ်စွာကျင်းပနိုင်ခွင့် ရစေချင်ကြောင်းကို အလေးထားပြောခဲ့သည်။ *"ကျွန်တော်တို့တွေက ကိုယ့်ရဲ့ နေ့ထူးနေ့မြတ်တွေကိုကျင်းပဖို့ ခွင့်ပြုချက်မရတဲ့အခါကျရင်ကိုယ့်ရဲ့ လူမျိုးအတွက် စိတ်မ ကောင်းဖြစ်တယ်။ တကယ်လို့သူတို့ကို ကျွန်တော်တို့က သူတို့ရဲ့နေ့ထူးနေ့မြတ်တွေကို မကျင်းပနိုင် အောင်ပိတ်ပင်ရင်ကော သူတို့စိတ်ကောင်းမလား။ ကျွန်တော်တို့ တစ်ဖွဲ့နဲ့တစ်ဖွဲ့ မပိတ်ပင်သင့်ဘူး။"*

## ၂) တိုင်းရင်းသားအလံအား အသုံးပြုခြင်း

မြန်မာပြည်အရှေ့တောင်ပိုင်းရှိ တိုင်းရင်းသားလူမျိုးများသည် ၎င်းတို့၏ တိုင်းရင်းသားအလံများကို သေချာသတ်မှတ်ထားပြီး ၎င်းကို မိမိတို့ဖြစ်တည်မှု၏ အဓိကအစိတ်အပိုင်းအဖြစ် မြင်မှတ်ကြသည်။ အထူးသဖြင့် မြန်မာနိုင်ငံအလံသည် ယခင်စစ်အစိုးရနှင့် ပတ်သက်ဆက်နွယ်နေသည့်အတွက်ကြောင့်

---

[44] ဇော်ဇော်ထွေးမှ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလတွင် The Irrawaddy တွင် ထုတ်ဝေခဲ့သော "Activists Found Guilty for Marking Karen Martyrs' Day in Myanmar" တွင် ကြည့်ပါ။

[45] ဇော်ဇော်ထွေးမှ ၂၀၂၀ ခုနှစ်၊ ဩဂုတ်လ် The Irrawaddy တွင် ထုတ်ဝေခဲ့သော "Three Activists Charged for Unlawful Assembly Over Karen Martyrs' Day Event in Myanmar" တွင် ကြည့်ပါ။

ဖြစ်ပြီး နိုင်ငံအတွင်းရှိ တိုင်းရင်းသားလူနည်းစုများအား ကိုယ်စားပြုခြင်းမရှိသည့်အတွက် ဖြစ်သည်။ ၂၀၁၀ ခုနှစ်၊ အောက်တိုဘာလတွင် စတင်အသုံးပြုခဲ့သော ထိုအလံနှင့်ပတ်သက်၍ အထူးသဖြင့်ယခင်အလံတွင်ပါရှိသော ကြယ်များအစား ကြယ်ဖြူတစ်လုံးသာ ထည့်သွင်းခြင်းနှင့်ပတ်သက်ပြီး တိုင်းရင်းသားကိုယ်စားလှယ်များ၏ ဝေဖန်မှုများကို ကြုံခဲ့ရသည်။ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများက ဖက်ဒရယ်စနစ်ကို တောင်းဆိုနေချိန်တွင် ဤသင်္ကေတက မြန်မာနိုင်ငံအား တစ်ပြည်ထောင်စုစနစ်အဖြစ် စိတ်ကူး ပုံဖော်ထားလျက်ရှိသည်။[46]

ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးမတိုင်မီအချိန်တွင် အစိုးရအနေဖြင့် ကရင်အမျိုးသားအလံအား ပိုင်ဆိုင်ခြင်း၊ အသုံးပြုခြင်းများကို ပိတ်ပင်တားမြစ်လေ့ရှိသည်။ အဘယ်ကြောင့်ဆိုသော် ကရင်ပြည်သူလူထုများမှ KNU အား ထောက်ခံနေသည့် လက္ခဏာဖြစ်ကြောင်း ယူဆသောကြောင့်ဖြစ်သည်။ ခလယ်လွီထူ (ညောင်လေးပင်) ခရိုင်၊ လယ်ဒို (ကျောက်ကြီး)မြို့နယ်မှ နော်လ--- က အခြေအနေများ ပြောင်းလဲလာခြင်းနှင့်ပတ်သက်ပြီး ရှင်းပြခဲ့သည်။ *"အရင်ကဆို ကျွန်မတို့ကရင်အလံအသုံးပြုတာနဲ့ ပတ်သက်ပြီး တားမြစ်တာတွေခံရတယ်။ အရင်က [ဖြတ်လေးဖြတ်ကာလများတွင်] ကရင်အလံကို ကျွန်မတို့ မသိမ်းထားရဲဘူး။ ဒါပေမယ့်အခုဆိုရင် အလံကို ကျွန်မတို့အိမ်မှာထားလို့ရပြီး။ ကရင်နှစ်သစ်ကူးဆိုရင်လည်း သုံးလို့ရတယ်။"* ဤသို့သော အပေါင်းလက္ခဏာဆောင်သည့် ပြောင်းလဲတိုးတက်မှုများရှိစေကာမူ ဒေသတစ်ခုနှင့်တစ်ခု အခြေအနေကွာခြားသော်လည်း တိုင်းရင်းသားအလံများအား အစိုးရနှင့်ရောနှောအုပ်ချုပ်ရာဒေသရှိကျောင်းများတွင် အသုံးပြုခြင်းကို တားမြစ်ပိတ်ပင်မှုများရှိနေသေးသည်ဟု လူတွေ့မေးမြန်းသူအတော်များများက ထောက်ပြခဲ့ကြသည်။[47] ထိုသို့သောပိတ်ပင်မှုခံရသည့် လူမှုအသိုက်အဝန်းများအတွက်မူ ဤသို့တွေ့ကြုံရခြင်းများကို ၎င်းတို့၏ တိုင်းရင်းသားဝိသေသလက္ခဏာများအား ငြင်းပယ်ခြင်းဟု မြင်ကြသည်။ ဒူးပလာယာခရိုင်မှ နော်မ---က ဤသို့ရှင်းပြခဲ့သည်။ *"ကျွန်မအမြင်ကတော့ တန်းတူညီမျှမှုလုံးဝမရှိဘူး။ ကရင်လူမျိုးတွေကို အသိအမှတ်ပြုခြင်းမရှိဘူး။ ကျွန်မတို့က သူတို့ရဲ့အုပ်ချုပ်မှုအောက်မှာ နေကြရတယ်။"*

KHRG မှ ပြုလုပ်ခဲ့သော လူတွေ့မေးမြန်းခြင်းများအရ ကရင်လူမှုအသိုက်အဝန်းအနေဖြင့် ၎င်းတို့၏ အလံအား ကျောင်းများရှေ့တွင်စိုက်ထူနိုင်ရန်မှာ ဒေသ၏ အာဏာခွဲဝေမှုပေါ်တွင်လည်း မူတည်သည်။ ဗဟိုအစိုးရအနေဖြင့် တိုင်းရင်းသားအလံများအသုံးပြုခြင်းကို ပစ်မှတ်ထားခြင်း မရှိသော်လည်း တိုင်းရင်းသားလူနည်းစုများအား ၎င်းတို့၏ဝိသေသလက္ခဏာများကို မြှင့်တင်ရန်အတွက် အခြေအနေများကို ဖန်တီး ပေးလိုသည့် သဘောထားလည်းမရှိပါ။ အမှန်စင်စစ် အချို့သောဒေသတွင်း ခေါင်းဆောင်များသည် ကရင်အလံအား လွှင့်ထူခြင်းကြောင့် တင်းမာမှုများဖြစ်စေနိုင်မည်ကို ကြောက်ရွံ့သည့်အတွက် ၎င်းတို့အနေဖြင့် စိုက်ထူခြင်းမပြုရန် ရွေးချယ်ကြသည်။ ကရင်ပညာရေးနှင့် ယဉ်ကျေးမှုဌာန ဝန်ထမ်းတစ်ဦးအား KHRG မှ လူတွေ့မေးမြန်းခဲ့ခြင်းအပေါ် ထိုအခြေအနေသည် အထူးသဖြင့် တပ်မတော်အင်အားကောင်းသည့်နေရာများတွင် ဖြစ်လေ့ရှိသည်။ ဆန့်ကျင်ဘက်အနေနှင့် မူတြော်ခရိုင်၊ ဒွယ်လိုးမြို့နယ်မှ စောန--- က သူ၏ဒေသတွင်း ကရင်ကျေးရွာများရှိ အစိုးရကျောင်းများတွင် ကရင်အလံလွှင့်ထူနိုင်ကြောင်း ပြောသည်။ *"ကရင်ရွာတွေမှာရှိတဲ့ ကျောင်းတွေမှာ ကရင်အလံကော ဗမာအလံကိုကော တတန်းတည်းထားပြီး လွှင့်ကြတယ်။"*

---

[46] The Irrawaddy မှ ၂၀၁၀ ခုနှစ်၊ အောက်တိုဘာလတွင် ထုတ်ဝေခဲ့သော "New Flag Flying in Burma" တွင် ကြည့်ပါ။

[47] ကရင်ပညာရေးနှင့်ယဉ်ကျေးမှုဌာန၏ ကျောင်းဆရာ၊ ဆရာမများနှင့် မြန်မာအစိုးရ ကျောင်းဆရာ၊ ဆရာမများ နှစ်ဖွဲ့လုံးရှိသည့်ကျောင်းများကို ရောနှောအုပ်ချုပ်သည့်ကျောင်းများအဖြစ် သတ်မှတ်ထားသည်။

နိုင်ငံတော်အလံ ဥပဒေ အပိုဒ် ၁၃ (ဂ) တွင် “မည်သည့်ဒေသခံအဖွဲ့အစည်း၏အလံကိုမျှ နိုင်ငံတော်အလံ၏ အထက်၌ဖြစ်စေ၊ တန်းတူဖြစ်စေ လွှင့်ထူခြင်းကို တားမြစ်ထားသည်။”[48] သို့သော်လည်း ဤအစီရင်ခံစာအတွက် လူတွေ့မေးမြန်းမှုများတွင် ဤတားမြစ်ချက်အား အမြဲလိုက်နာခြင်းမရှိကြောင်း တွေ့ရသည်။ မေးခွန်းဖြေကြားသူအများစုက ဤသို့ မြန်မာနိုင်ငံတော်အလံသည် အခြားသော တိုင်းရင်းသားအလံများအထက်တွင် ရှိနေရမည်ဟူသောအချက်ကို လက်ခံခြင်းမရှိပါ။ အဘယ်ကြောင့်ဆိုသော် ဤလုပ်ရပ်သည် တန်းတူအခွင့်အရေးအား ချိုးဖောက်ရာမြောက်သည်ဟု ထောက်ပြခဲ့ကြသည်။ ဒူးပလာယာခရိုင်၊ နို့တကောမြို့နယ်မှ စောဝ--- ၏ တင်ပြချက်အရ *“သူတို့ [တပ်မတော်]က ကျွန်တော်တို့ကို ကရင်အလံကို မြန်မာအလံအောက် တစ်ပေနိမ့်ဖို့ ပြောတယ်။ ဒါပေမယ့် ကျွန်တော်တို့အနေနဲ့ ဒါကို မလုပ်နိုင်ဘူး။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့က တန်းတူညီမျှတယ်လို့ ကျွန်တော်တို့ ယုံတယ်။”* ဒူးပလာယာခရိုင်၊ ဝေါ်ရေမြို့နယ်မှ စောပ--- ကလည်း အလားတူအမြင်သဘောထားကို ဝေမျှခဲ့သည်။ *“မြန်မာအလံက တခြားတိုင်းရင်းသားအလံတွေရဲ့ အပေါ်မှာရှိရမယ်လို့ပြောပေမဲ့ ကျွန်တော်တို့အနေနဲ့ တူညီတဲ့အခွင့်အရေးရသင့်တယ်လို့ ကျွန်တော်က ပြောလိုက်တယ်။”* သူ့အနေဖြင့် ကြာအင်းဆိပ်ကြီးမြို့နယ်မှ မြန်မာအာဏာပိုင်များက ကရင်အလံကို မြန်မာအလံအောက်နိမ့်ရန် ခိုင်းစေခြင်းကို ငြင်းဆန်ခဲ့ကြောင်း ရှင်းပြခဲ့သည်။




ဤဓာတ်ပုံကို ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်နေ့တွင် နေပြည်တော် ပြည်တောင်စုနယ်မြေ [မြန်မာအစိုးရအုပ်ချုပ်နယ်မြေ]၊ ပျဉ်းမနားမြို့နယ်၊ မယ်ပေါ်ကျေးရွာအုပ်စု၊ ဂမုန်းတောင်ကျေးရွာတွင် ရိုက်ယူခဲ့ပါသည်။ ထိုနေ့တွင် အနီးအနားရှိကျေးရွာများမှ မြောက်မြားစွာသောလူများသည် ၂၇၅၉ ခုနှစ် ကရင်နှစ်သစ်ကူးနှစ်ကိုအတူတကွတက်ရောက်ကျင်းပခြင်းဖြစ်သည်။ ဒေသခံကရင်နှစ်သစ်ကူးကော်မတီဥက္ကဋ္ဌမှ ၎င်းတို့သည် ကရင်အလံကို မြန်မာအလံထက်ပိုမြင့်စွာလွှင့်ထူရန် ခွင့်ပြုချက်မရရှိကြောင်း KHRG ကို ပြောပြခဲ့သည်။ မြောက်မြားစွာသော ကရင်ရွာသူရွာသားများသည် ဤဆုံးဖြတ် ချက်ကို မနှစ်မြို့ကြောင်းကို တင်ပြခဲ့ကြသည်။ *(ဓာတ်ပုံ - KHRG)*

အချို့သောဒေသများတွင် ကျောင်းဆရာများအကြား တင်းမာမှုများ ဖြစ်ပေါ်စေသည်ဟု ဒူးပလာယာခရိုင်၊ ကော်တရီမြို့နယ်မှ နော်ကျ--- က တင်ပြခဲ့သည်။ *“ကျွန်မတို့ ကရင်ပညာရေးနဲ့ ယဉ်ကျေးမှုဌာနမှာ ကျွန်မတို့က ကိုယ့်အလံကိုယ်ထူတယ်။ သူတို့လည်း သူတို့အလံကို သူတို့ထူတယ်။ ကျွန်မတို့အစည်းအဝေးထဲကျတော့ အလံကိစ္စနဲ့ပတ်သက်ပြီး ကျွန်မကပြောတော့ ကျွန်မတို့ စကားများကြရတယ်။ အဲ့ဒီကစပြီးတော့ ကျွန်မတို့တွေရဲ့ ဆက်ဆံရေးက အရင်ကလိုမကောင်းတော့ဘူး။”* အခြားသောနေရာများတွင် တပ်မတော်စစ်သားများမှ ကရင်အမျိုးသားအလံများအား ဒေသတွင်းရှိကျောင်းများမှ ဖြုတ်ချခဲ့ကြသည်။ KNU ၏ ဒူးပလာခရိုင်၊ ဝေါ်ရေမြို့နယ်မှူးက ထိုသို့သောကိစ္စနှင့်ပတ်သက်ပြီး အဖြစ်အပျက်တစ်ခုကို ပြန်လည်ပြောပြခဲ့သည်။ *“ကျုံခဝန်ရွာမှာ တပ်မတော်ကနေပြီး ကျောင်းမှာရှိတဲ့ ကရင်အလံကို ဖြုတ်ချခဲ့တယ်။ ဒါပေမယ့် နောက်တစ်ခေါက် အလံပြန်တင်ပြီးတော့ သူတို့က ဘာမှမလုပ်တော့ဘူး။ ဘာလို့လည်းဆိုတော့ သူတို့လုပ်ရပ်ကမမှန်ဘူးဆိုတာကို သိသွားလို့ပဲ။”*

---

[48] ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်မှ ၂၀၁၀ ခုနှစ်တွင် ထုတ်ဝေခဲ့သော The State Peace and Development Council Law No. 8 / 2010 - The Union Flag Law တွင် ကြည့်ပါ။

KHRG မှ မြိတ်-ထားဝယ်ခရိုင်၊ တနင်္သာရီမြို့နယ်ရှိ အလားတူအဖြစ်အပျက်ကို မှတ်တမ်းတင်ခဲ့သည်။ ၂၀၂၀ ခုနှစ်၊ ဇန်နဝါရီလတွင် ခြေမြန်တပ်ရင်း အမှတ်(၂၆၅)မှ တပ်မတော်စစ်သားများက ဒေသခံများအား ကျောင်းတွင် ကရင်အလံလွှင့်ထူခြင်းကို တားမြစ်ခဲ့သည်။ ၎င်းတို့က ရွာသားများ ပြုလုပ်ထားသည့် အလံတိုင်နှင့် အထိမ်းအမှတ်ကျောက်တိုင်အား ဒေသခံများ၏ ခွင့်ပြုချက်မပါပဲ ဖယ်ရှားခဲ့သည်။ သို့သော်လည်း ဒေသခံကျောင်းဆရာမတစ်ဦးက KHRG အား သူမအနေဖြင့် တပ်မတော်မှ တားမြစ်ထားသော်လည်း ကရင်အလံကိုစိုက်ထူရန် ဆုံးဖြတ်ထားကြောင်း ပြောခဲ့သည်။ *"ကျွန်မက ဒါနဲ့ပတ်သက်ပြီး အရမ်းဝမ်းနည်းတယ်။ ဒါပေမယ့် နောက်တစ်ခေါက်ထပ်လုပ်ဖို့ စိတ်အားထက်သန်တယ်။ ကျွန်မ ကျောင်းရှေ့မှာ ကရင်အလံကိုထူနိုင်ဖို့ ကြိုးစားမယ်။ နောက်တစ်ခေါက်မရရင် နောက်တစ်ခေါက်။ မရမချင်း ရတဲ့အထိကျွန်မကြိုးစားမယ်။"* [49]






ဤဓာတ်ပုံများကို ၂၀၂၀ ခုနှစ်၊ ဇန်နဝါရီလတွင် မြိတ်-ထားဝယ်ခရိုင်၊ တနောသရီ(တနင်္သာရီ)မြို့နယ်၊ အန--- ကျေး ရွာရှိ ဒေသခံကျောင်းတစ်ကျောင်းရှေ့တွင် ရိုက်ယူခဲ့ခြင်းဖြစ်သည်။ ဒေသခံရွာသူရွာသားများမှ ကရင်အလံကို မလွှင့်ထူနိုင်ရန် တပ်မတော်မှ အလံတိုင်နှင့်အုတ်မြစ်ကို ၂၀၂၀ခုနှစ်၊ ဇန်နဝါရီလ ၂ရက်နေ့တွင် ဖျက်ဆီးခဲ့သည့်ပုံကို ဖော်ပြထားခြင်းဖြစ်သည်။ *(ဓာတ်ပုံ - ဒေသခံများ)*

## ၃) နေရာဒေသများ၏ အမည်နာမအား ဗမာမှုပြုခြင်း

နေရာဒေသများ၏ အမည်နာမများအား ဗမာမှုပြုခြင်းသည် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးမတိုင်မီ ကာလများက ဖြစ်ပွားခဲ့သည်။ ၁၉၈၉ ခုနှစ်၊ ဇွန်လတွင် စစ်အစိုးရက နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုဥပဒေအား ပြဋ္ဌာန်းပြီး ကိုလိုနီအမွေအနှစ်အား ပယ်ဖျက်သည့်အနေဖြင့် အင်္ဂလိပ်အမည်ဖြစ်သော ဗမာနိုင်ငံကို မြန်မာနိုင်ငံအဖြစ်သို့ ပြောင်းခဲ့သည်။[50] ထိုဥပဒေက အစိုးရအား အင်္ဂလိပ်အမည်ဖြင့် မှည့်ဆိုထားသော အုပ်ချုပ်ရေးဆိုင်ရာ နာမည်များကို ဗမာအသံထွက်ဖြင့် ပြန်လည်ပြောင်းလဲခေါ်ဆိုခွင့် ပေးထားသည်။ 'Karen' ကို 'Kayin' ကရင်ပြည်နယ်သို့ ပြောင်းလဲခဲ့သည်။ ထိုသို့ပြောင်းလဲခြင်းကို ကရင်လူထုအများစုက လက်မခံပဲ ဗြိတိသျှတို့မှည့်ထားသော အမည်များကိုသာ ဆက်လက်သုံးစွဲလျက်ရှိသည်။

---

[49] KHRG မှ ၂၀၂၀ ခုနှစ်၊ ဇွန်လတွင်ထုတ်ဝေခဲ့သော "Mergui-Tavoy District Interviews: Tatmadaw soldiers prevented Karen villagers from displaying their ethnic flag in front of their local school in Ta Naw Th'Ree Township, January 2020" တွင် ကြည့်ပါ။

[50] ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်မှ ၁၉၈၉ ခုနှစ်တွင် ထုတ်ဝေခဲ့သော The State Law and Order Restoration Council Law No. 15/89 - The Adaptation of Expressions Law တွင် ကြည့်ပါ။

အလားတူပင် လူတွေ့မေးမြန်းခဲ့သောကရင်လူမျိုးအများစုက ၎င်းတို့၏ဒေသတွင် ကရင်ရွာနာမည်များသည် ဗမာအမည်များအဖြစ်သို့ ပြောင်းသွားကြောင်းနှင့်ပတ်သက်ပြီး တင်ပြခဲ့ကြသည်။ မူတြော်ခရိုင်၊ ဒွယ်လိုးမြို့နယ်၊ ရ--- ကျေးရွာမှ စောန--- က *"တချို့ကရင်ရွာနာမည်တွေက ဗမာနာမည်ကိုပြောင်းသွားတယ်။ ဥပမာဆိုရင် "ကရင်လို တပိုကလားရွာက ဗမာနာမည်ကိုင်းတောဆိုပြီး ပြောင်းသွားတယ်။ ကရင်လို ခေါ်ဝထရွာက ရှမ်းရွာလို့ ဗမာလိုပြောင်းသွားတယ်။"* ဒူးပလာယာခရိုင်၊ စ--- ကျေးရွာမှ နော်မ--- ကလည်း သူမ၏ အလားတူအမြင်ကို ပြောခဲ့သည်။ *"ဒီဒေသမှာဆိုရင် ကရင်နာမည်နဲ့ နေရာအများစုက ဗမာလိုပြောင်းသွားတယ်။"* ထိုသို့သော ပြောင်းလဲမှုများကို အစိုးရဝန်ထမ်းများ၊ တပ်မတော်အရာရှိများနှင့် ကရင်မဟုတ်သောရွာသားများမှ ပြုလုပ်ခဲ့ကြခြင်းဖြစ်သည်။ ထိုအမည်များကို ဒေသခံ မြန်မာအုပ်ချုပ်ရေး ဌာနမှ အသိအမှတ်ပြုကာ အသုံးပြုခဲ့ကြပြီး ထိုသို့သောလုပ်ဆောင်မှုများက တိုင်းရင်းသားနယ်မြေများအတွင်း အုပ်ချုပ်ရေးလုပ်ငန်းများအား ချဲ့ထွင်သည့် လုပ်ငန်းစဉ်များဆက်လက် လုပ်ဆောင်သည့်အသွင် ပေါ်စေသည်။

ကရင်လူမျိုးများသည် နေရာဒေသများ၏ အမည်များကို မှည့်ဆိုသည့်အခါတွင် ၎င်းတို့၏ သမိုင်းကြောင်း၊ ဒဏ္ဍာရီများနှင့် ဒေသ၏သဘာဝပတ်ဝန်းကျင် ကြင်အင်လက္ခဏာများအပေါ်အခြေခံပြီး အမည်ပေးလေ့ရှိသည်။ သို့သော်လည်း အချို့သောဗမာအမည်အသစ်များမှာ ၎င်းတို့၏အမွေအနှစ်များကို လုံးဝလျစ်လျူရှုထားကြောင်း ဒူးပလာယာခရိုင်၊ ဝေါ်ရေမြို့နယ်၊ တ--- ကျေးရွာမှ စောပ--- က ရှင်းပြခဲ့သည်။ *"ဒီနေရာက အရင်ကဆိုရင် လယ်ကွင်းတွေပဲရှိတယ်။ တောင်ပေါ်မှာတော့ ကန်တစ်ကန်ရှိတယ်။ ဒါကြောင့် သူတို့က ဒီနေရာကို နို့ဖထော [ကန်ကြီး] လို့ခေါ်တယ်။ လူတွေက ဒီကိုလာပြီး လယ်လုပ်တယ်။ တမေပင်[သပြေပင်] တွေနဲ့ တောင်ပေါ်မှာ တဲဆောက်ကြတယ်။ ဗမာတွေလာတဲ့အခါကျတော့ သူတို့က တောင်ပေါ်မှာသပြေပင်တွေအများကြီးတွေ့လို့ သပြေကုန်းဆိုပြီး ခေါ်လိုက်တယ်။"* ထိုခရိုင်အတွင်းတွင်ပဲ ဟိုထိုလော်နှင့် ခေါဟီးကျေးရွာများကိုလည်း အလားတူပင် အနန်းကွင်းနှင့် တည်ငင်ကျေးရွာများဟု ပြန်လည်ခေါ်ဝေါ်ခဲ့ကြသည်။

အချို့မေးခွန်းဖြေကြားသူများက ကရင်နေရာဒေသများ၏အမည်များကို ဗမာမှုပြုခြင်းသည် တိုင်းရင်းသားလူနည်းစုတို့၏ ဝိသေသလက္ခဏာများကို အားနည်းအောင်ဆောင်ရွက်ရာတွင် အရေးပါသော အစိုးရ၏ နည်းဗျူဟာအစိတ်အပိုင်းတစ်ခုဖြစ်ကြောင်း ပြောခဲ့သည်။ နော်မ--- က ဤသို့လုပ်ဆောင်ခြင်းသည် ဗမာလူမျိုးအများစုကို အလေးပေးသောသမိုင်းကြောင်းတစ်ခု ပြန်လည်ရေးသားရန်အတွက် လုပ်ဆောင် ခြင်းဖြစ်သည်ဟု ယူဆသည်။ *"သူတို့တွေက အဲ့ဒီရွာတွေအားလုံးအပေါ် လွှမ်းမိုးချင်တယ်။ [...] တကယ် လို့ အဲ့ဒီရွာတွေကို ဗမာနာမည်ပေးထားတယ်ဆိုရင် ရွာကိုတည်ထားတဲ့သူက ဗမာလူမျိုးလို့ ထင်စရာဖြစ် နေမယ်။ [...] ဒီကရင်ရွာတွေက ကရင်နာမည်ရှိပေမယ့်လည်း ဗမာနာမည်မပေးထားတဲ့ ရွာတစ်ရွာမှ မရှိဘူး။"*

ကျေးရွာများအား နာမည်ပြောင်းရခြင်းမှာ အစိုးရအုပ်ချုပ်ရေးမှ ဗမာအမည်အသုံးပြုရန်အတွက် ဖိအားပေးမှုများကြောင့်ဖြစ်သည်ဟု စောပ--- က KHRG အား ပြောခဲ့သည်။ *"ကျွန်တော်တို့ရဲ့ ကလေးတွေ မြို့ပေါ်မှာ ကျောင်းသွားနေရင် သူတို့က သပြေကုန်းရွာကလို့ပြောရတယ်။ တကယ်လို့ နို့ဖထောရွာက လို့ပြောရင် အဆူခံရတယ်။"* သူ၏ ပြောဆိုချက်အရ အစိုးရ၏ ရည်ရွယ်ချက်မှာ ကရင်လူမျိုးများအား ဗမာယဉ်ကျေးမှုအောက် သို့ သွတ်သွင်းရန်ဖြစ်သည်။ *"ဗမာတွေက ကရင်တွေကို ဗမာဖြစ်ခိုင်းစေချင်တယ်။ သူတို့က ဖိနှိပ်ပြီးတော့ ကရင်လူမျိုးတွေကို ပျောက်သွားစေချင်ကြတယ်။"* ထိုသို့သော ကြောက်ရွံ့မှုမျိုးကို

ဒူးပလာခရိုင်၊ ဥ--- ကျေးရွာမှ စောက--- ကလည်း ဝေမျှခဲ့သည်။ နေရာဒေသ၏ အမည်များအား ပြောင်းလဲခြင်းက ကရင်လူမျိုးများအား ခွဲခြားဆက်ဆံခြင်း ဟုတ်မဟုတ် မေးမြန်းသည့် အခါတွင် သူက ဤသို့ပြန်လည် ဖြေကြားခဲ့သည်။ *"ဟုတ်တာပေါ့။ သူတို့တွေ ရွာနာမည်တွေကို ဗမာလိုပြောင်းတယ်ဆိုကတည်းက အဲ့ဒါက ခွဲခြားတာဟုတ်လိမ့်မယ်။ သူတို့က ဖြည်းဖြည်းချင်း အဲ့ဒါကိုလုပ်လိမ့်မယ်။ သူတို့က ဒါကိုဆက်လုပ်နေရင် ကရင်လူမျိုးတွေ ပျောက်ကုန်လိမ့်မယ်။"*

မြန်မာပြည်အရှေ့တောင်ပိုင်းမှ ကရင်လူမျိုးများက ကျေးရွာအမည်များအား ဗမာအမည်သို့ ပြောင်းခြင်းကို အတိအလင်းကန့်ကွက်ကြကြောင်း ဒူးသထူခရိုင်၊ ဘီးလင်းမြို့နယ်၊ ဆ---ကျေးရွာမှ စောဗ--- က ရှင်းပြခဲ့သည်။ *"ဒါက မတရားဘူးလို့ ကျွန်တော်ထင်တယ်။ အဲ့ဒီနေရာမှာ ဟိုးမူလကတည်းက နေလာကြတဲ့ ဒေသခံတွေ ပေးခဲ့တဲ့နာမည်ကို သူတို့က အလေးမထားကြဘူး။"* ဒူးသထူခရိုင်၊ ဘီးလင်းမြို့နယ်၊ ယ---ကျေးရွာမှ နော်ဇ---က အလားတူအမြင်ကို တင်ပြခဲ့သည်။ *"ကျွန်မတို့ရဲ့ ဘိုးဘေးတွေပေးထားတဲ့ နာမည်ကို ပိုသဘောကျတယ်။ အဲဒီနာမည်တွေပြောင်းတာကို ကျွန်မတို့ မလိုလားဘူး။"* ထိုသဘောထားမှတ်ချက်ကို ဒူးသထူခရိုင်၊ ဘီးလင်းမြို့နယ်ရှိ ကရင်အသိုက်အဝန်းတွင် နေထိုင်သော တပ်မတော်သားဟောင်း ဗမာလူမျိုးတစ်ဦးဖြစ်သူ ဦးဂ--- ကလည်း ထပ်လောင်းပြောခဲ့သည်။ *"ကျွန်တော့်အနေနဲ့ကတော့ ဒေသခံတွေရဲ့ သဘောတူညီချက်မပါပဲ ဒီလိုမျိုးနာမည်တွေပြောင်းတာကို မကြိုက်ဘူး။ မြန်မာနိုင်ငံရဲ့မြေပုံပေါ်မှာ ကရင်ပြည်နယ်မှာရှိတဲ့ ရွာတွေရဲ့နာမည်ဟာ ကရင်လိုပဲဖြစ်နေရမယ်။ […] ကျွန်တော်ကတော့ ရှိနေပြီးသားမြို့နဲ့ ပြည်နယ်တွေရဲ့နာမည်တွေကို မပြောင်းစေချင်ဘူး။"*

သို့သော်လည်း ရွာသားများအနေဖြင့် မြန်မာအစိုးရ၏ကျေးရွာများအား အမည်ပြောင်းခြင်းကို ပွင့်ပွင့်လင်းလင်း ကန့်ကွက်နိုင်ရန်အတွက် ကြောက်ရွံ့ပြီး လုပ်ဆောင်နိုင်စွမ်းမရှိကြောင်း မကြာခဏ ခံစားရလျက်ရှိသည်။ ဤသို့သော ခံစားချက်ကို ဒူးပလာယာခရိုင်၊ ကော်တရီမြို့နယ်၊ ကျော့ထ ကျေးရွာအုပ်စုမှ ကရင်/ပအိုဝ့်လူမျိုး ဦးခွန်စောဟ--- က ထိုခံစားချက်ကို ရင်ဖွင့်ခဲ့သည်။ *"ကျွန်တော်တို့ရဲ့ ရွာနာမည်က ကရင်လို ကျော့ထ။ ကျွန်တော်တို့ဒါကို ဗမာနာမည် အဇင်းလို့မခေါ်စေချင်ဘူး။ အခုကျတော့ ဆိုင်းဘုတ်ပေါ်မှာ ရွာနာမည်ကို ဗမာလိုပဲရေးထားတယ်။ ကျွန်တော်တို့တွေ ဒါကို ကရင်လိုပြချင်တယ်။ ဒါပေမယ့် အဲ့လိုလုပ်ဖို့ ခွင့်ပြုချက် ရပ့်မလားမသိဘူး။ ကျွန်တော်တို့ရဲ့ ရွာနာမည်က ဗမာလိုပြောင်းသွားတော့ ဒါကို ကျွန်တော်တို့ငြင်းပယ်လို့ မရဘူး။ ဘာကြောင့်လဲဆိုတော့ ဒီနိုင်ငံကို မြန်မာအစိုးရက အုပ်ချုပ်နေတာ။ […] တကယ်လို့ ကျွန်တော်တို့တွေ ပြန်ပြီးပြောင်းချင်တယ်ဆိုရင်တော့ ကျွန်တော်တို့ မလုပ်နိုင်ဘူး။ […] ကျွန်တော်တို့က ရွာသားတွေပဲဆိုတော့ ဘာမှမလုပ်နိုင်ဘူး။"*

သို့သော်လည်းတိုင်းရင်းသားခေါင်းဆောင်များနှင့် ကရင်ရွာသားများသည် ၎င်းတို့၏ကရင်အမွေအနှစ်များကို ခိုင်မာစွာကာကွယ်ခြင်းဖြင့် ဗမာမှုပြုခြင်းလုပ်ငန်းစဉ်အား ကြိုးစားပြီးဆန့်ကျင်ကြသည်။ ဒူးသထူခရိုင်၊ ဘီးလင်းမြို့နယ်၊ ပြောင်းပြကျေးရွာအုပ်စု၊ အခ--- ကျေးရွာမှ စောအဘ--- က ရှင်းပြထားသည်မှာ *"ကျွန်တော်တို့တွေအနေနဲ့ ကရင်တွေ ကရင်ဘာသာစကားနဲ့ ကရင်သင်္ကေတတွေကို အသုံးပြုတာပိုပြီးတွေ့ချင်တယ်။ မြို့နယ်အုပ်ချုပ်ရေးမှူးက ကျွန်တော်တို့ကိုပြောတယ်။ ကျွန်တော်တို့ရဲ့ ကျေးရွာအုပ်စု မှာ တစ်ရွာနဲ့တစ်ရွာကြားမှာ ကရင်လိုရေးထားတဲ့ဆိုင်းဘုတ်တွေ ထောင်ရမယ်။"* သူ၏ ဒေသခံများအ နေဖြင့် ၎င်းတို့၏ ရွာနာမည်အား ပြောင်းလဲရန်ကြိုးစားပါက ငြင်းပယ်ကြလိမ့်မည်ဟုလည်း ထပ်ပြီး သေချာအောင် ပြောခဲ့သည်။ *"ခုထက်ထိ ကျွန်တော်တို့ရဲ့ ဒေသမှာရှိတဲ့ ရွာနာမည်ကို မပြောင်းသေးဘူး။ သူတို့ပြောင်းမယ်ဆိုရင်လည်း ကျွန်တော်တို့ လက်ခံမှာမဟုတ်ဘူး။ ဘာလို့လည်းဆိုတော့*

*ကျွန်တော်တို့တွေ မူလရွာနာမည်တွေကို ဒီအတိုင်းပဲထားမယ်။ ကျွန်တော်တို့ရဲ့ ဘိုးဘေးတွေ ပေးထားတဲ့နာမည်ဖြစ်လို့ ကျွန်တော်တို့ ဒီအတိုင်းပဲထားချင်တယ်။"*

## ၄) တိုင်းရင်းသားခေါင်းဆောင်များအား အရိုအသေပေးခြင်း

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)[51] အာဏာတည်သည့်အချိန်မှစ၍ အာဏာပိုင်များက ဗိုလ်ချုပ်အောင်ဆန်း၏ရုပ်ထုများအား နိုင်ငံတစ်ဝှမ်းတွင် စိုက်ထူလာကြသည်။ ဤသို့လုပ်ဆောင်ရသည့် နောက်ခံအကြောင်းအရင်းမှာ ရှင်းလင်းမှုမရှိသော်လည်း[52] ယခင်အစိုးရလက်ထက်က ဗိုလ်ချုပ်အောင်ဆန်းအား တရားဝင်အသိအမှတ်ပြုမှုများကို လုံးဝဥသုံ့ပယ်ဖျက်မည့် အခြေအနေမှ ပြန်လည်အဖတ်ဆယ်ရန်အတွက် ဖြစ်ပုံပေါ်သည်။[53] အဓိကဆောက်လုပ်ရေးလုပ်ငန်းစဉ်များကိုလည်း ၎င်း၏အမည်ပေးခဲ့ကာ[54] ၂၀၂၀ ခုနှစ်၊ ဇန်နဝါရီလထုတ်ငွေစက္ကူအသစ်များတွင်လည်း သူ၏ပုံကို ထည့်သွင်းအသုံးပြုခဲ့သည်။[55] အများပြည်သူပိုင်နေရာများတွင် ဗိုလ်ချုပ်အောင်ဆန်းရုပ်ထုများ စိုက်ထူခြင်းသည် အချို့သောတိုင်းရင်းသားများအတွက်မူ မဟာဗမာလူမျိုးကြီးဝါဒအတွက်အသုံးပြုသော နောက်ဆုံးပုံစံဖြစ်သည်ဟု ယူဆကြသည်။ ဒူးသထူခရိုင်၊ ဘီးလင်းမြို့နယ်မှ နော်ဇ--- က *"မြန်မာအစိုးရက ဒီရုပ်ထုတွေကို ထူပြီးဒီနေရာတွေက သူတို့နဲ့ ဆိုင်တယ်လို့ပြချင်တဲ့အတွက် လုပ်တာဖြစ်တယ်။"*

ဤသို့ ရုပ်ထုများအား လွတ်လပ်စွာစိုက်ထူခြင်းများကို တိုင်းရင်းသားဒေသများတွင် ကန့်ကွက်ကြသည်။ အထူးသဖြင့် ၂၀၁၇ ခုနှစ်အတွင်းက ကချင်ပြည်နယ် မြစ်ကြီးနားနှင့် မွန်ပြည်နယ် မုဒုံမြို့များတွင် ဖြစ်ခဲ့သည်။[56]

၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ကယားပြည်နယ်၊ လွိုင်ကော်မြို့တွင် အောင်ဆန်းရုပ်ထု စိုက်ထူမှုအား ကန့်ကွက်ဆန္ဒပြသူထောင်ချီကို မြန်မာရဲတပ်ဖွဲ့က အကြမ်းဖက်ဖြိုခွင်းခဲ့သည်။[57] ဗမာလူမျိုးအများစုအတွက် ဗိုလ်ချုပ်အောင်ဆန်းသည် လွတ်လပ်ရေးဖခင်ကြီးဟု ထင်မြင်ကြသော်လည်း တိုင်းရင်းသားအုပ်စုများအတွင်းတွင်မူ အငြင်းပွားဖွယ် ပုံရိပ်တစ်ခုဖြစ်သည်။ ထိုအကြောင်းနှင့်ပတ်သက်ပြီး ကရင်အမျိုးသမီးအစည်းအရုံး၏ကြေညာချက်တွင် "ဗမာတိုင်းရင်းသားများအနေဖြင့် ဗိုလ်ချုပ်အား သူရဲကောင်းတစ်ယောက်နှင့် လွတ်လပ်ရေးဖခင်ကြီးတစ်ဦးအဖြစ် သတ်မှတ်ထားသည်ကို ကျမတို့ [...] အနေဖြင့် နား

[51] အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) သည် လက်ရှိမြန်မာအစိုးရ၏ နိုင်ငံရေးပါတီတစ်ခုဖြစ်သည်။ ဒေါ်အောင်ဆန်းစုကြည် ဦးစီးဦးဆောင်ခဲ့ပြီး၊ ၂၀၁၅ ခုနှစ်ရွေးကောက်ပွဲတွင် NLD မှ အနိုင်ရရှိခဲ့ပြီးနောက် ၂၀၁၆ ခုနှစ်တွင် အာဏာရရှိခဲ့သည်။

[52] Oliver Slow, "Analysts: Myanmar Government Statue Drive Risks Alienating Ethnic Groups", VOA News, September 2018.

[53] Noel Caballero, New statues of Suu Kyi's father irk ethnic minorities in Myanmar, EFE, February 2019.

[54] Lun Min Mang, "Bogyoke Aung San Bridge opens amidst controversy over name", The Myanmar Times, April 2017.

[55] Oliver Slow မှ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ VOA News တွင် ထုတ်ဝေခဲ့သော "Analysts: Myanmar Government Statue Drive Risks Alienating Ethnic Groups" တွင် ကြည့်ပါ။

[56] နန်းလွင်နှင်းပွင့် မှ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလတွင် The Irrawaddy တွင် ထုတ်ဝေခဲ့သော "Kachin, Mon Oppose Statues of General Aung San" တွင် ကြည့်ပါ။

[57] Frontier Myanmar မှ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ထုတ်ဝေခဲ့သော "Police crack down on protest in Loikaw against divisive statue" တွင် ကြည့်ပါ။

လည်နိုင်သည်။ သို့သော်လည်း ဌာနေတိုင်းရင်းသားများကမူ သူ့အား ဤသို့မမြင်ပါ။ သူသည် ဗမာတပ်မတော်မှ ဗိုလ်ချုပ်တစ်ယောက်သာဖြစ်ခဲ့သည်။ ထိုတပ်မတော်သည် ပြည်သူများအား တိုက်ခိုက်သော၊ စစ်ပွဲများတွင် အဓမ္မပြုကျင့်ခြင်းကို လက်နက်သဖွယ်အသုံးပြုသော၊ ကျေးရွာများအား မီးရှို့ဖျက်စီးသော တပ်မတော် တစ်ခုတည်းဖြစ်သည်။" [58]

ပြည်သူပိုင်နေရာများတွင် အောင်ဆန်း၏ ပုံရိပ်မြှင့်တင်ခြင်းများအပေါ် တိုင်းရင်းသားများ၏ ဆန့်ကျင်နေမှုတစ်ခုမှာ သူသည်ဗမာလူမျိုးများ၏ သင်္ကေတဖြစ်သည်။ ဒူးသထူခရိုင်၊ ဘီးလင်းမြို့နယ် ကရင်အသိုက်အဝန်းတွင်နေထိုင်သော ဗမာလူမျိုး ဦးဆ--- က တိုင်းရင်းသားလူမျိုးများအနေဖြင့် ၎င်းတို့၏သူရဲကောင်းများကို လေးစားသင့်ကြောင်းရှင်းပြခဲ့သည်။ *"သူတို့တွေအနေနဲ့ တကယ်လို့ ဒေသခံရွာသားတွေက မလိုလားဘူးဆိုရင် အဲ့ဒီနေရာမှာ [ရုပ်တု] မဆောက်သင့်ဘူး။ တိုင်းရင်းသားတိုင်းမှာ သူတို့ရဲ့ အာဇာနည်တွေရှိတယ်။ ဒါကြောင့် သူတို့လည်း ကိုယ့်ရဲ့ အာဇာနည်ရဲ့ ရုပ်တုကို လိုချင်ကြမှာပဲ။"* ထိုအကြောင်းကို ခလယ်လွီထူခရိုင်၊ ဆောထီ (ရွှေကျင်) မြို့နယ်တွင် နေထိုင်သော စောအဒ--- က ထပ်မံတင်ပြခဲ့သည်။ အောင်ဆန်းသည် ဗမာလူမျိုးအများစုအတွက် အရေးကြီးကြောင်းကို သူ့အနေဖြင့် အသိအမှတ်ပြုသော်လည်း သူ၏ဒေသတွင် ကရင်သူရဲကောင်းများအား အရိုအသေပေးသည့် မှတ်ကျောက်ကို မြင်ချင်ကြောင်း သူ၏ဆန္ဒကိုဖော်ပြခဲ့သည်။ *"သူတို့ရဲ့ အမြင်မှာတော့ ဒီရုပ်တုတွေကို 'လွတ်လပ်ရေးဖခင်ကြီး' အဖြစ် လေးစားတဲ့အနေနဲ့ ထားတဲ့ လက္ခဏာတစ်ခုအဖြစ် သတ်မှတ်မှာပေါ့။ ကျွန်တော်တို့လည်း ကိုယ့်ကရင်ဒေသမှာ ကိုယ်ပိုင်ရုပ်ထု ထူထားချင်တယ်။"*

သို့သော်လည်း မြန်မာစစ်တပ်အနေဖြင့် ကရင်အမျိုးသားခေါင်းဆောင်၏ရုပ်တုအား စိုက်ထူခြင်းကို ငြင်းပယ်ခဲ့ပြီး ကရင်လူမျိုးများမှ ၎င်းတို့အား အရိုအသေပေးခြင်းမှ တားဆီးပိတ်ပင်ခဲ့သည်။ စောဘဦးကြီး၏ ရုပ်ထုစိုက်ထူခြင်းနှင့်ပတ်သက်ပြီး တပ်မတော်မှ လာရောက်တားဆီးခဲ့သည့် အဖြစ်အပျက်နှစ်ခုကို ဒူးပလာယာခရိုင်မှ KNU ၏ မြို့နယ်မှူးတစ်ဦးမှ KHRG အား ပြောခဲ့သည်။ *"၂၀၁၈ ခုနှစ်တုန်းက ကျွန်တော်တို့တွေ ကရင်နှစ်သစ်ကူးကို ဟိုသဲဖလယ် [ဘုရားသုံးဆူ]မှာ ကျင်းပခဲ့တယ်။ ကျွန်တော်တို့တွေ စောဘဦးကြီးရဲ့ ရုပ်တုကို စိုက်ထူချင်တယ်။ ဒါပေမယ့် တပ်မတော်က ဒါကိုငြင်းပယ်တယ်။ သူတို့က ကျွန်တော်တို့ရဲ့ လုပ်ပိုင်ခွင့်ကို အသိအမှတ်မပြုပဲ ချိုးဖောက်တယ်။ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီ ၁၁ ရက်နေ့မှာတော့ ကျွန်တော်တို့တွေရဲ့ မြို့နယ်ရုံးမှာ စောဘဦးကြီးရဲ့ ရုပ်ထုကို စိုက်ထူဖို့လုပ်ခဲ့ကြတယ်။ ဒါပေမယ့် တပ်မတော်ကလာပြီး တားမြစ်တယ်။ ကျွန်တော်တို့အနေနဲ့ ကိုယ့်အခွင့်အရေးကို ချိုးဖောက်ခံရတယ်လို့ ခံစားရတယ်။ ကျွန်တော်တို့တွေ ဒီလိုဖိနှိပ်မှုတွေကို အခုထက်ထိ ခံစားနေကြရတုန်းပဲ။"*

ဤအခြေအနေက ဒေသခံကရင်ရွာသားများအကြား တရားမျှတမှုမရှိခြင်းကို ခံစားရစေသည်။ ၎င်းတို့အနေဖြင့် အခြားသောဗမာလူမျိုးများကဲ့သို့ အခွင့်အရေးတန်းတူမရသကဲ့သို့ ခံစားနေကြရသည်။ ကော်တရိမြို့နယ်မှ စောအအိ--- က *"သူတို့ဒီလိုမလုပ်သင့်ဘူးလို့ ကျွန်တော်ထင်တယ်။ ဘာကြောင့်လဲဆိုတော့ သူတို့တွေက သူတို့ခေါင်းဆောင်ရဲ့ ရုပ်ထုကို စိုက်သလို ကျွန်တော်တို့လည်း ကိုယ့်ခေါင်းဆောင်ရဲ့ ရုပ်ထုကို စိုက်ထူပြချင်တယ်။ ဒါကတရားမျှတမှုမရှိဘူး။ ကျွန်တော်တို့က တရားမျှတမှု ရှိစေချင်တယ်။"* အချို့သူများကမူ ထိုသို့လုပ်ဆောင်ခြင်းက တိုင်းရင်းသားအုပ်စုများအကြား တန်းတူညီမျှမှုအပေါ် အခြေခံသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ ရေရှည်တည်တံ့မှုအား ယုတ်လျော့စေသည်ဟု ယူဆကြသည်။

[58] Karen News မှ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ထုတ်ဝေခဲ့သော "Ethnic People Protest General Aung San's Statue – Police Respond with Violence" တွင် ကြည့်ပါ။

*အဂ--- ကျေးရွာမှ စောအဖ--- က “ကျွန်တော်တို့တွေအနေနဲ့ ကရင်အမျိုးသားနေ့ကို ကျင်းပပြီး စောဘဦးကြီးရဲ့ရုပ်တုကို အမှတ်တရအဖြစ်စိုက်ထူချင်တယ်။ သူတို့ [ မြန်မာအစိုးရက ] ဒါကိုပိတ်ပင်တော့ ကျွန်တော်တို့စိတ်မကောင်းဘူး။ သူတို့တွေ ကျွန်တော်တို့နဲ့လုပ်ထားတဲ့ ငြိမ်းချမ်းရေး သဘောတူညီချက်က စိတ်ရင်းမှန်နဲ့ဟုတ်ရဲ့လားတောင် သံသယဝင်မိတယ်။ ဒါကကျွန်တော်တို့ရဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ်ထားတဲ့ စိတ်ရင်းမှန်နဲ့ ကျွန်တော်တို့ရဲ့ယုံကြည်မှုကို အားလျော့စေတယ်။”* [59]







လက်ဝဲဘက်ရှိဓာတ်ပုံကို ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်နေ့တွင် ဒူးပလာယာခရိုင်၊ ဝေါ်ရေ (ဝင်းရေး)မြို့နယ်၊ ခိုသဲဖလယ် (ဘုရားသုံးဆူ)တွင် ရိုက်ယူခဲ့ပါသည်။ ဤအုတ်မြစ်သည် KNU မှစောဘဦးကြီး၏ရုပ်ထုပုံကိုတပ်ဆင်ရန် တည်ဆောက်ထားသည့်ပုံဖြစ်သည်။ လက်ယာဘက်ရှိဓာတ်ပုံကို ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်နေ့တွင် ဒူးပလာယာခရိုင်၊ နို့တကောမြို့နယ်၊ မယ်ကသာကျေး ရွာအုပ်စုတွင် ရိုက်ယူခဲ့ပါသည်။ ဤပုံသည် ဒေသခံ KNLA ခရိုင်ဌာနချုပ်အနီး ခြံတစ်ခြံထဲတွင်ရှိသော စောဘဦးကြီး၏ရုပ်ထုပုံကို ဖော်ပြထားခြင်းဖြစ်သည်။ ၎င်းကို ခိုသဲဖလယ်တွင်တပ်ဆင်ရန် တပ်မတော်မှကန့်ကွက်ခဲ့ပြီးနောက် ထိုနေရာသို့ပြန်လည်ယူဆောင်ခဲ့ခြင်းဖြစ်သည်။ *(ဓာတ်ပုံ - KHRG)*

## (ခ) ဘာသာစကားနှင့် ပညာရေး

### ၁) မြန်မာ့ကျောင်းပညာရေးစနစ်အားတိုးချဲ့ခြင်း။ ။တိုင်းရင်းသားများ၏ဝိသေသလက္ခဏာအားခြိမ်းခြောက်ခြင်းလော။

အရင်းအမြစ်မရှိခြင်းနှင့် တိုင်းရင်းသားလက်နက်ကိုင်များ၏ ထိန်းချုပ်ရာဒေသများအား မရောက်ရှိနိုင်မှုများကြောင့် မြန်မာအစိုးရ၏ ပညာရေးစနစ်သည် နိုင်ငံတဝှမ်းရှိ တိုင်းရင်းသားဒေသအားလုံးများသို့ ရောက်ရှိနိုင်ခြင်း မရှိပါ။ မြန်မာပြည်အရှေ့တောင်ပိုင်းတွင် KNU မှ ကရင်ကလေးငယ်များအား မိခင်ဘာသာစကားပညာရေးကို ကရင်ပညာရေး ဌာန (ကရင်ပညာရေးဌာန သည်နောက်ပိုင်းတွင် ကရင်ပညာရေးနှင့်ယဉ်ကျေးမှုဌာနဖြစ်လာသည်) မှတဆင့် ထိုလိုအပ်ချက်အား ဖြည့်ဆည်းပေးခဲ့သည်။ ၂၀၁၂ ခုနှစ် ပဏာမ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်စာချုပ်နှင့် နောက်ဆက်တွဲ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ချုပ်ဆိုခြင်းအပြင် ပြည်သူများ၏ပညာရေးအား ရင်းနှီး

[59] ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA) သည် ကရင်အမျိုးသားအစည်းအရုံး (KNU)၏ လက်နက်ကိုင်တပ်ဖွဲ့ဖြစ်သည်။

မြှပ်နှံမှုပိုမိုတိုးမြှင့်ခဲ့သည်။ လွန်ခဲ့သည့်နှစ်များတွင် အစိုးရ၏ပညာရေးကွန်ယက်ကို ကရင်ပြည်နယ် ဒေသများသို့ ၂၀၁၁/၂၀၁၂ ပညာသင်စနစ်တွင် ၃၁၀ ဘီလီယံကျပ်မှ ၂၀၁၉/၂၀၂၀ ပညာသင်နှစ်များတွင် ၂၆၈၆ ဘီလီယံကျပ်သို့ တိုးမြှင့်ခြင်းများအပြင် ကရင်ပညာရေးနှင့် ယဉ်ကျေးမှုဌာနအားပူးပေါင်းကာ ကျောင်းများ၊ အဆောက်အဦးသစ်များ တည်ဆောက်ခြင်းဖြင့် တိုးချဲ့ခွင့်ပေးခဲ့သည်။[60]

ကရင်ပညာရေးနှင့် ယဉ်ကျေးမှုဌာန၏ ဒု-အတွင်းရေးမှူးက လက်ရှိတွင် ၎င်းတို့ဌာနလှုပ်ရှားသော နယ်မြေအတွင်း ကျောင်းပေါင်း ၁၄၉၅ ကျောင်းရှိကြောင်းနှင့် ထိုကျောင်းများမှ ၃၈၂ ကျောင်းမှာ KECD စီမံခန့်ခွဲသော ကျောင်းများဖြစ်ပြီး ၇၄၃ ကျောင်းသည် ရောထွေးအုပ်ချုပ်သည့်ကျောင်းဖြစ်ကာ ကျန်ကျောင်း ၃၇၀ မှာ မြန်မာအစိုးရ၏ ကျောင်းများဖြစ်သည်ဟု ရှင်းပြခဲ့သည်။ *"၂၀၁၂ ခုနှစ် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မတိုင်ခင်ကတော့ အဲ့ဒီကျောင်းတွေအားလုံးက တကယ်တန်း KECD ရဲ့ ကျောင်းတွေပါ။ အဲ့ဒီနေရာဒေသတွေမှာ ကျွန်တော်တို့ ကောင်းကောင်းလုပ်ငန်းတွေလုပ်လို့ ရခဲ့တယ်။"* KECD ၏ အတွင်းရေးမှူးပြောကြားချက်အရ မြန်မာအစိုးရသည် ၂၀၁၂ ခုနှစ်တွင် KECD လုပ်ငန်းနယ်မြေများသို့ ကျောင်းဆရာများစေလွှတ်ခဲ့ပြီး KECD ၏ကျောင်းများကို စီမံအုပ်ချုပ်မှု ရယူခဲ့သည်။ *"ဒါက ၂၀၁၃ ခုနှစ်နဲ့ ၂၀၁၅ ခုနှစ်အတွင်းမှာ အများဆုံးဖြစ်ခဲ့ပြီးတော့ အပြောင်းအလဲ ကြီးကြီးမားမားဖြစ်ခဲ့တယ်။ အခုထိလည်း မြန်မာအစိုးရက ကျောင်းဆရာတွေကို စေလွှတ်နေတုန်းပဲ။ ဒါပေမယ့် သူတို့ရဲ့ လုပ်ဆောင်ချက်တွေက အရင်ကလောက် ထင်သာမြင်သာမဟုတ်တော့ဘူး။"*

မေးခွန်းဖြေကြားသူအများစုက တပ်မတော်အနေဖြင့် ဤလုပ်ငန်းစဉ်သည် အရေးကြီးသည့်အခန်းကဏ္ဍတွင် ပါဝင်နေကြောင်း ထောက်ပြခဲ့သည်။ KTWG ၏ အဖွဲ့ဝင်တစ်ဦးက ဤသို့ရှင်းပြခဲ့သည်။ *"မြန်မာအစိုးရနဲ့ တပ်မတော်တို့က ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကနေပြီးတော့ အခွင့်ကောင်းယူကြတယ်။ သူတို့က သူတို့ရဲ့စစ်တပ်အနီးအနားမှာရှိတဲ့ ကျောင်းတွေနဲ့ ဆရာဦးရေတွေကို စာရင်းကောက်ပြီး သူတို့ရဲ့စခန်းတွေမှာ ဆရာတွေချပေးဖို့ နေပြည်တော်ကိုလှမ်းတောင်းပြီး သူတို့ရဲ့နယ်မြေကိုချဲ့ထွင်နေတာဖြစ်တယ်။ [...] ဒါက အရပ်ဖက်ကကျောင်းတွေအားလုံးကို သူတို့ရဲ့ အုပ်ချုပ်မှုအောက်သွင်းဖို့အတွက် သုံးတဲ့နည်းလမ်းတစ်ခုဖြစ်တယ်။"* ဒူးပလာယာခရိုင်မှ ကရင်အမျိုးသမီးအစည်းအရုံး၏ အဖွဲ့ဝင်တစ်ဦးက သူမ၏အမြင်တွင်ဤသို့လုပ်ဆောင်နေခြင်းမှာ နယ်မြေချဲ့ထွင်ခြင်းသာဖြစ်ကြောင်း KHRG အား ပြောခဲ့သည်။ *"သူတို့က [တပ်မတော်] ဘယ်ကိုရောက်ရောက် သူတို့ရဲ့ တပ်စခန်းတွေ၊ ကျောင်းတွေနဲ့ ဆေးရုံတွေ ရှိရတယ်။"*

KHRG ၏ လူတွေ့မေးမြန်းခဲ့မှုများအရ အစိုးရသည် ၎င်းတို့၏ဒေသတွင်းရှိကျောင်းများအား မြန်မာအစိုးရကျောင်းအဖြစ် ပြောင်းလဲဖွင့်လှစ်နိုင်ရန်အတွက် ပစ္စည်းအထောက်အပံ့များ၊ သင်ထောက်ကူများနှင့် ဒေသခံဆရာများအား ပိုမိုကောင်းမွန်သည့်လစာများပေးကာ တိုင်းရင်းသားလူမှုအသိုက်အဝန်းကို ဆွဲဆောင်မှုများပြုလုပ်ခဲ့သည်။ သို့သော်လည်း အချို့သောအသိုက်အဝန်းများက ပြောင်းလဲရန် ငြင်းဆန်ကြကြောင်း ဘားအံခရိုင်၊ တနေးဆားမြို့နယ်၊ ဝေါ်လေကျေးရွာအုပ်စုနှင့် အဟ--- ကျေးရွာမှ KECD ဆရာမတစ်ဦးက ရှင်းပြခဲ့သည်မှာ *"အဲ့ဒါက လွန်ခဲ့သောသုံးနှစ်လေးနှစ်ကျော်တုန်းက ဖြစ်ခဲ့တာ။*

60 Salem-Gervais နှင့် Raynaud မှ ၂၀၂၀ ခုနှစ် Konrad-Adenauer Stiftung & Urbanize: Policy Institute for Urban and Regional Planning တွင် ထုတ်ဝေခဲ့သော Teaching ethnic minority languages in government schools and developing the local curriculum: Elements of decentralization in language-in-education policy, ၏ စာမျက်နှာ ၆၄ တွင် ကြည့်ပါ။

*အဒိ--- ကျောင်းအုပ်ပေါင်းက လာပြီးတော့ [မြန်မာအစိုးရကျောင်း] ကျောင်းဆောက်ဖို့ပြောတယ်။ သူက ကျွန်မတို့ကို အထောက်အပံ့တွေပေးပြီး ဆွဲဆောင်တယ်။ ဒါပေမယ့် လူတွေက လက်မခံဘူး။ နောက်ပိုင်း ကျွန်မတို့လည်း ဒါနဲ့ပတ်သက်ပြီး ဘာမှမကြားတော့ဘူး။"* ထိုသို့သော ဆုံးဖြတ်ချက်များမှာ ကရင်အသိုက်အဝန်းများမှ KECD အနေဖြင့် အရည်အသွေးပြည့်ဝသောပညာရေးကို မြန်မာအစိုးရထက် ပိုမို ပေးနိုင်သည့်အဖွဲ့ဟု မြင်သည့်အတွက်ဖြစ်သည်။

ဤအစိုးရ၏ စနစ်သစ်ပညာရေးမူဝါဒသည် မြန်မာပြည်အရှေ့တောင်ပိုင်းတွင် ပညာရေးအား ပိုမိုလက်လှမ်းမီစေသော်လည်း အစိုးရ၏ကျောင်းဆရာ/မများ ရောက်ရှိလာခြင်းကြောင့် အစိုးရနှင့်ပူးပေါင်းပြီး ဖွင့်လှစ်ထားသည့် အချို့သော KECD ကျောင်းများနှင့် ဒေသတွင်းကျောင်းများတွင် မိခင်ဘာသာစကား အသုံးပြုသင်ကြားသည့်စနစ်အပြင် စကောကရင်စာပေသင်ကြားမှုများကို နှောင့်ယှက်ခြင်း ရပ်တန့်ခြင်းများ ဖြစ်စေသည်။[61] ထိုနည်းတူစွာ ဒူးပလာယာခရိုင်၊ ကော်တရိမြို့နယ်မှ ပအို့ဝ်ဆရာမတစ်ဦးက သူမ၏ ကိုယ်ထူကိုယ်ထကျောင်းကလေးမှာ မြန်မာအစိုးရကျောင်းအဖြစ် လွန်ခဲ့သည့်ခြောက်နှစ်က ပြောင်းခဲ့ကြောင်း KHRG အား ပြောခဲ့သည်။ သူမ၏ အမြင်တွင် သူမတို့၏ ဒေသအတွင်း မြန်မာအစိုးရ၏ ဆရာ/ဆရာမများတိုးလာခြင်းသည် ဒေသခံ ပအို့ဝ်လူမျိုးများ၏ ဝိသေသလက္ခဏာအား ရေရှည်ထိန်းသိမ်းထားနိုင်ရန်အတွက် စိန်ခေါ်မှုတစ်ရပ်ဖြစ်ကြောင်း ထောက်ပြခဲ့သည်။ *"အရင်က ကျွန်မတို့ဆီမှာ တိုင်းရင်းသား ကျောင်းဆရာ လေးယောက်ကနေ ငါးယောက်ရှိတယ်။ ဒါပေမယ့် အခုတော့ နှစ်ယောက်ပဲ ကျန်တယ်။ တခြားရွာတွေမှာလည်း တိုင်းရင်းသားကျောင်းဆရာတွေ မရှိကြတော့ဘူး။ ကျွန်မတို့အနေနဲ့ ကျောင်းမှာ တိုင်းရင်းသားဆရာတွေ ပိုပြီးခန့်စေချင်တယ်။ ကျွန်မတို့က ကိုယ့်ရဲ့ [ပအိုဝ့်] ရိုးရာယဉ်ကျေးမှုတွေ ပျောက်ကုန်မှာကြောက်တယ်။"*







လက်ဝဲဘက်ရှိဓာတ်ပုံကို ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့တွင် တောအူးခရိုင်၊ ဒေါ်ဖားခိုမြို့နယ်၊ ကူပေါင်းကျေးရွာတွင် ရိုက်ယူခဲ့ပါသည်။ လက်ယာဘက်ရှိပုံကို ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက်နေ့တွင် တောအူးခရိုင်၊ ဒေါ်ဖားခိုမြို့နယ်၊ တာပူမြို့၊ မာဒေးကျေးရွာတွင် ရိုက်ယူခဲ့ပါ သည်။ ဤကျောင်းနှစ်ကျောင်းလုံးသည် ဒေသခံများ၏ကျောင်းဖြစ်ခဲ့ဖူးပါသည်။ နောက်ဆုံးတွင် ၎င်းတို့သည် (မြန်မာ)အစိုးရကျောင်းများ ဖြစ်လာခဲ့သော်လည်း၊ ဒေသခံများမှကျောင်းများကို ပြန်လည်ပြုပြင်မွမ်းမံဆောက်လုပ်ရန်လိုအပ်သည့်ပစ္စည်းများနှင့်ထောက်ပံ့ကြေးများကို ပညာရေးဝန်ကြီးဌာနမှကူညီပေးကမ်းဆောင်ရွက်ခြင်း တစ်စုံတစ်ရာမျှမရှိပေ။ *(ဓာတ်ပုံ - KHRG)*

[61] Kim Jolliffee နှင့် Emily Speers Mears မှ ၂၀၁၆ခုနှစ် The Asia Foundation တွင် ထုတ်ဝေခဲ့သော Strength in Diversity: Towards Universal Education in Myanmar's Ethnic Areas ၏ စာမျက်နှာ ၁၉ တွင် ကြည့်ပါ။

အစိုးရကျောင်းများတွင် တစ်နိုင်ငံလုံးအတွက် သင်ရိုးညွှန်းတမ်းတစ်ခုကိုသာ အသုံးပြုသည့်အတွက် ဤမူဝါဒသည် ၎င်းတို့၏တိုင်းရင်းသားဖြစ်တည်မှုအပေါ် ခြိမ်းခြောက်မှု ဖြစ်စေနိုင်ကြောင်းကို လူတွေ့မေး မြန်းမှုလုပ်ခဲ့သော မတူကွဲပြားသည့် တိုင်းရင်းသားလူမျိုးများက KHRG အား ပြောခဲ့သည်။ ဒူးသထူခရိုင်၊ ဘီးလင်းမြို့နယ်မှ ကရင်ဆရာမတစ်ဦး၏ ပြောကြားချက်အရ *"ဒါက ကျွန်မတို့လူမျိုးတွေအတွက် ခြိမ်း ခြောက်မှုတစ်ခုဖြစ်တယ်။ မြန်မာအစိုးရကစပြီးတော့ တာဝန်ယူလိုက်တာနဲ့ ကျွန်မတို့တွေ KECD ရဲ့ သင်ရိုးညွှန်းတမ်းကို သုံးဖို့အခွင့်အရေးမရှိတော့ဘူး။ ဒါက ကျွန်မတို့ရဲ့ သမိုင်းနဲ့ ဘာသာစကားကို သင် ယူဖို့အတွက် အခွင့်အလမ်းလျော့နည်းစေလိမ့်မယ်။"*

မူတြော်ခရိုင်၊ ဒွဲလိုမြို့နယ်၊ အက--- ကျေးရွာမှ လူတွေ့မေးမြန်းခဲ့သော ရှမ်းလူမျိုး စိုင်းအဂ--- က အစိုးရအနေဖြင့် တိုင်းရင်းသား ဘာသာစကားသင်ကြားမှုကို သင်ရိုးညွှန်းတမ်းများတွင် ထည့်သွင်းခြင်း မရှိပါက သူ၏တိုင်းရင်းသားမျိုးနွယ်များ၏ ဝိသေသလက္ခဏာတွေ ပျောက်ကွယ်သွားမည်ဟု အလေး ပေးပြောခဲ့သည်။ *"ကျွန်တော်တို့ရဲ့ တိုင်းရင်းသားမျိုးနွယ်စု ပျောက်ကွယ်သွားလိမ့်မယ်။ တိုင်းရင်းသား လူမျိုးတွေအနေနဲ့ သူတို့ရဲ့စာပေနဲ့ ဘာသာစကားတွေကို သင်ယူခြင်းမရှိရင် ဒါတွေ ပျောက်ကွယ်သွား လိမ့်မယ်။ ပညာမတတ်တဲ့သူတွေများရင် ကျွန်တော်တို့ရဲ့ တိုင်းရင်းသားမျိုးနွယ်စုပါ ပျောက်သွားလိမ့် မယ်။"* သို့သော်လည်း တိုင်းရင်းသားလူမျိုးများစွာ ပေါင်းစည်းနေထိုင်သည့် ကျေးရွာတွင် နေထိုင်သူဖြစ် သည့်အတွက် တိုင်းရင်းသားအဖွဲ့များအနေဖြင့် ဤမူဝါဒမှ အကျိုးကျေးဇူးများ ရရှိသင့်သည်ဟု ရှင်းရှင်း လင်းလင်းပြောခဲ့သည်။ *"ကျွန်တော်တို့တွေက ပညာရေးဌာနကို တိုင်းရင်းသားတွေရဲ့ ယဉ်ကျေးမှုကို မြှင့်တင်စေချင်တယ်။ ဒါမှသာလျှင် တိုင်းရင်းသားတွေအနေနဲ့သူတို့ရဲ့ ဘာသာစကားနဲ့စာပေကို ထိန်း သိမ်းနိုင်မယ်။ တကယ်လို့ သူတို့က မကူညီဘူးဆိုရင်တော့ သူတို့က တိုင်းရင်းသားဖြစ်တည်မှုတွေကို နောက်မှာချန်ထားတာပဲ။"*

## ၂) တိုင်းရင်းသားဘာသာစကားနှင့် သမိုင်းကြောင်း၏ အရေးပါမှု

တိုင်းရင်းသားလူမျိုးများ၏အခွင့်အရေးကာကွယ်စောင့်ရှောက်သည့်ဥပဒေတွင် တိုင်းရင်းသားအဖွဲ့များအ နေဖြင့် *"နိုင်ငံတော်၏ပညာရေးမူဝါဒကို ထိခိုက်မှုမရှိလျှင် မိမိတို့၏စကား၊စာပေတို့ကို လေ့လာသင်ကြား ရန်"* နှင့် *"မိမိတို့ တိုင်းရင်းသားများ၏ သမိုင်းဖြစ်စဉ်ကို ထုတ်ဖော်ခွင့်နှင့် အမွေအနှစ်များကို ဥပဒေနှင့် အညီ ထိန်းသိမ်းကာကွယ်ရန်"* အခွင့်ရှိသည်ဟု ဖော်ပြထားသည်။[62] ဤဥပဒေ၏ အဓိက အားနည်းချက် မှာ ဤဥပဒေအနေဖြင့် အစိုးရမှအသိအမှတ်ပြုထားသော တိုင်းရင်းသားအဖွဲ့များ၏ အခွင့်အရေးကိုသာ ကာကွယ်စောင့်ရှောက်သည်။ မြန်မာပြည်အရှေ့တောင်ပိုင်းတွင် နေထိုင်သော မွတ်စလင်များသည် ထိုစာရင်းထဲတွင် မပါပေ။ မေးခွန်းဖြေကြားသည့် အချို့သောမွတ်စလင်များက ၎င်းတို့၏ ဘာသာစကား [ကလေးများအား ဗလီတွင်သင်ကြားသည့်ဘာသာရပ်ဖြစ်သည့်အတွက် အာရဗီ စကားဖြစ်နိုင်သည်။] နှင့် သမိုင်းကြောင်း၏ သင်ယူခြင်းအရေးပါပုံကို ဖော်ပြခဲ့ကြသည်။

အခြားတိုင်းရင်းသားလူမျိုး မေးခွန်းဖြေကြားသူများက ဘာသာစကားနှင့် သမိုင်းကြောင်းများသည် ၎င်း တို့၏ တိုင်းရင်းသားဖြစ်တည်မှု၏ အခြေခံအုတ်မြစ်ဖြစ်ကြောင်း KHRG အား ပြောခဲ့သည်။ KECD ၏ ဒု-အတွင်းရေးမှူးက ဘာသာစကားနှင့် သမိုင်းကြောင်းများသည် ကရင့်ယဉ်ကျေးမှု၏အရေးကြီးဆုံးသော

[62] ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်မှ ၂၀၁၅ ခုနှစ်တွင် ထုတ်ဝေခဲ့သော Pyidaungsu Hluttaw Law No. 8/2015 - The Ethnic Rights Protection Law တွင် ကြည့်ပါ။

အရာများဖြစ်ကြောင်း အလေးပေးဖော်ပြခဲ့သည်။ *"ဘာသာစကားဆိုတာက ကျွန်မတို့ကရင်လူမျိုးရဲ့ အဓိက သင်္ကေတတွေထဲက တစ်ခုဖြစ်တယ်။ "ဘာသာပျောက်လျှင် လူမျိုးပျောက်မည်" ဆိုတဲ့ စကားပုံအတိုင်း ကျွန်မတို့ရဲ့ လူမျိုးစုသမိုင်းကြောင်းနဲ့ သင်္ကေတတွေမရှိရင်တော့ အသက်ရှင်ရတာ အဓိပ္ပါယ်မရှိဘူး။"* ဤအချက်ကို ဒူးပလာယာခရိုင်၊ ကော်တရိမြို့နယ်မှ ကရင်ဆရာမတစ်ဦးကလည်း ထပ်လောင်းပြောခဲ့သည်။ *"တကယ်လို့ရှင်က ကိုယ့်ကိုကိုယ် ကရင်လို့ခံယူပေမယ့် ကိုယ့်ရဲ့ ဘာသာစကားကို မပြောတတ် မဖတ်တတ် မရေးတတ်ဘူးဆိုရင် ဒါမှမဟုတ် ကိုယ့်ရဲ့သမိုင်းအကြောင်း မသိဘူးဆိုရင် ရှင်က ကရင်လူမျိုးတစ်ယောက်အနေနဲ့ သေလူဖြစ်သွားပြီ။ ဒါကြောင့် ကျွန်မအနေနဲ့ တိုင်းရင်းသားကျောင်းတွေမှာ ကရင့်သမိုင်းနဲ့ ဘာသာစကားတွေ [တိုင်းရင်းသားတွေတက်တဲ့ကျောင်းမှာ] ထည့်သွင်းတာက အရမ်းအရေးကြီးတယ်လို့ မြင်တယ်။"*

ဒူးပလာယာခရိုင်၊ နို့တကောမြို့နယ်မှ မြန်မာအစိုးရကျောင်းတွင် စာသင်သည့် ကရင်လူမျိုးဆရာတစ်ဦးက ၎င်း၏ဒေသအတွင်းရှိ မျိုးဆက်သစ်လူငယ်များ အထူးသဖြင့် ငါးတန်းအထက် ကျောင်းသားများအနေဖြင့် ကရင်ဘာသာစကားအား ကောင်းစွာတတ်မြောက်မှုမရှိကြောင်း ထောက်ပြခဲ့သည်။ ထို့ပြင် မြန်မာအစိုးရ၏ကျောင်းများတွင် ကရင်ဘာသာစကား သင်ရန်လုံလောက်သည့် အချိန် ချပေးရန် အရေးကြီးကြောင်းကို အလေးပေးပြောခဲ့သည်။ *"ဒါက အရေးကြီးတယ်။ ဘာကြောင့်လဲဆိုတော့ ကရင်ကလေးတွေက သူတို့ရဲ့ ဘာသာစကားကို လုံးဝမသိတော့ဘူး။ သူတို့က အခြေခံပညာရပ်တွေဖြစ်တဲ့ စာလုံးပေါင်းတာတို့၊ အရေးအဖတ်တွေကိုတောင် မလုပ်နိုင်ကြတော့ဘူး။ ဒီအတွက် သူတို့ကိုလည်း အပြစ်တင်လို့မရဘူး။ ဘာကြောင့်လည်းဆိုတော့ သူတို့က ဒါကိုကောင်းကောင်း သင်ယူခွင့်မရှိခဲ့ဘူး။"*

ဤအမြင်သဘောထားကို ဒူးပလာယာခရိုင်၊ ကော်တရိမြို့နယ်မှ နော်ကျ--- က *"ကျွန်မတို့ မိခင်ဘာသာစကားကို သင်ယူဖို့ အရေးကြီးတယ်။ တကယ်လို့ ကျွန်မတို့တွေ စာဖတ်နိုင်တယ်၊ ရေးနိုင်တယ်ဆိုရင် ကျွန်မတို့ ရှုံးမှာမဟုတ်ဘူး။ ကျွန်မတို့ဆီမှာ ကိုယ်ပိုင်သမိုင်းကြောင်းရှိတယ်။ ဒါကြောင့် ကျွန်မတို့ ဒါကို သင်ယူမယ်ဆိုရင် ကျွန်မတို့ရဲ့ သမိုင်းကို ထိန်းသိမ်းနိုင်ရမယ်။ ကျွန်မတို့တွေ ကိုယ့်သမိုင်းကြောင်းကို ကိုယ်သင်ယူဖို့ အရေးကြီးတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်မတို့က လူနည်းစုဖြစ်တဲ့အတွက် ခွဲခြားဆက်ဆံမှုတွေ ခံရတယ်။ တကယ်လို့ ကျွန်မတို့တွေ မသင်ယူဘူးဆိုရင် ကိုယ့်ရဲ့ဖြစ်တည်မှုပျောက်သွားလိမ့်မယ်။"* မြန်မာအစိုးရ၏ ကျောင်းပညာရေးစနစ်များအား တိုးချဲ့ခြင်းသည် မြန်မာပြည်အရှေ့တောင်ပိုင်းတွင်နေထိုင်သည့် တိုင်းရင်းသားအဖွဲ့များ၏ ဖြစ်တည်မှုကို ခြိမ်းခြောက်ခြင်းမရှိစေရန်အတွက် နိုင်ငံတော်၏ သင်ရိုးညွှန်းတမ်းတွင် တိုင်းရင်းသားဘာသာစကားနှင့် သမိုင်းကို ထည့်သွင်းပေးရန် အရေးကြီးသည်။ တိုင်းရင်းသားလူမျိုးစုများအားလုံးမှ ကလေးများအနေဖြင့် ဤပညာရေးစနစ်မှတဆင့် တန်းတူအကျိုးအမြတ်ရရှိစေရန်နှင့် အဖွဲ့တစ်ဖွဲ့၏အခွင့်အရေးကိုသာ မြှင့်တင်ပေးခြင်း မဖြစ်စေရန်အတွက်လည်း သေချာအောင်ပြုလုပ်ရမည်။ ဤသဘောတရားကို အခြေခံ၍ ကြိုးစားမှုများရှိသော်လည်း အခြားလိုအပ်ချက်အများအပြားရှိနေသေးသည်။

## (က) အစိုးရကျောင်းများမှ တိုင်းရင်းသားများ၏ သမိုင်းကြောင်း။ အငြင်းပွားဖွယ်ရာ ကိစ္စရပ်များ

မြန်မာအစိုးရအနေဖြင့် ကျောင်းသင်ရိုးညွှန်းတမ်းများကို နိုင်ငံတော်တည်ဆောက်ရေးအတွက် အသုံးပြုကာ ဗမာဗဟိုပြုသော နိုင်ငံသမိုင်းအား မြှင့်တင်ပေးလျက်ရှိသည်။ ဒူးပလာယာခရိုင်၊ နို့တကောမြို့နယ်မှ ပအို့ဝ်ရွာသားတစ်ဦးဖြစ်သည့် ခွန်အမ--- က ရှင်းပြခဲ့သည်မှာ *"ကျွန်တော်တို့တွေ ပအို့ဝ်သမိုင်း*

*ဒါမှမဟုတ် ကရင်သမိုင်းတွေကို ကျောင်းမှာတခါမှ မသင်ဖူးဘူး။ မကြားဖူးဘူး။ ကျွန်တော်တို့တွေ အောင်ဆန်းကောင်းကြောင်းတွေကိုပဲ သင်ယူခဲ့ရတယ်။ တခြား တိုင်းရင်းသားတွေရဲ့ သမိုင်းကြောင်းကို မသင်ခဲ့ရဘူး။ ဒါက ဗမာလူမျိုးကြီးဝါဒရဲ့ လွှမ်းမိုးမှုလို ဖြစ်နေတယ်။ တိုင်းရင်းသား လူနည်းစုတွေက သူတို့ရဲ့ သမိုင်းကြောင်းကို သင်ယူခွင့်မရှိဘူး။"* ထိုအချက်ကို KECD ၏ ဒု-အတွင်းရေးမှူးကလည်း ၎င်း၏ ကလေးဘဝအတွေ့အကြုံပေါ် အခြေခံကာ အတည်ပြုခဲ့သည်။ *"ဥပမာအားဖြင့် သူတို့က သူတို့ရဲ့ သမိုင်းမှာ KNU ကို သူပုန်တွေ၊ ငပွေးအဖွဲ့တွေလို့ သတ်မှတ်ခဲ့ကြတယ်။ ဒါကို ကျွန်တော်ကျောင်းမှာ သင်ယူခဲ့တယ်။"*

မြန်မာအစိုးရအနေဖြင့် သင်ရိုးညွှန်းတမ်းအသစ်များအား ၂၀၁၇ ခုနှစ်မှစ၍ ထုတ်ပြန်ခဲ့သော်လည်း သမိုင်းဘာသာရပ်တွင် ဗမာလူမျိုးရာဇဝင်သူရဲကောင်းများနှင့် ဗိုလ်ချုပ်အောင်ဆန်းကဲ့သို့သော စံပြပုဂ္ဂိုလ်များကို ဗဟိုပြုချဉ်းကပ်ထားသည်။[63] ကရင်ယဉ်ကျေးမှုနှင့် ပညာရေးဌာနအပါအဝင် တိုင်းရင်းသား ပညာရေးအဖွဲ့များကလည်း ၎င်းတို့၏သမိုင်းကြောင်းကို ဖော်ပြသည့်သင်ရိုးများကို ရေးဆွဲခဲ့ကြသည်။ ဤသို့အတိတ်နှင့်ပတ်သက်ပြီး အမြင်များမှာ နိုင်ငံအတွင်းဖြစ်ပျက်နေသော တိုင်းရင်းသားပဋိပက္ခများကြောင့် တစ်ဖွဲ့နှင့်တစ်ဖွဲ့ဆန့်ကျင်ဘက်ဖြစ်နိုင်သည်။ ထို့ကြောင့် အားလုံးသဘောတူညီသော သမိုင်းသင်ရိုးညွှန်းတမ်းတစ်ခုကို ရေးသားရန်မှာ အဓိကစိန်ခေါ်မှုတစ်ရပ်ဖြစ်သည်။

သို့သော်လည်း KECD ၏ ဒု-အတွင်းရေးမှူးက ကရင်လူမျိုးများအနေဖြင့် အစိုးရကျောင်းများတွင် ၎င်းတို့၏သမိုင်းကို သင်ကြားခွင့်ရရှိရန် လိုအပ်ကြောင်းနှင့် တိုင်းရင်းသားအချင်းချင်းကြားတွင် တန်းတူညီမျှမှုရှိရန် လိုအပ်ကြောင်း အလေးထားပြောခဲ့သည်။ *"အခုချိန်မှာ ကျွန်တော်တို့တွေ ကရင်ဘာသာစကားကို တချို့အတန်းတွေမှာ သင်ခွင့်ရတာ ကောင်းတယ်။ ဒါပေမယ့်လည်း ကရင်သမိုင်းကြောင်းနဲ့ ရိုးရာတွေကို သင်ခွင့်ရစေချင်တယ်။ ဒါမှပဲ ကလေးတွေအနေနဲ့ သူတို့ ဘိုးဘေးတွေရဲ့ သမိုင်းကြောင်းကို ဖတ်နိုင်မယ်။ ကျွန်တော်တို့တွေက အစိုးရကို ဒီအတွက် ခွင့်ပြုစေချင်တယ်။ လက်ရှိပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးက ငြိမ်းချမ်းရေးတည်ဆောက်ဖို့အတွက်ဖြစ်တယ်။ ဒါကြောင့် ကျွန်တော်တို့တွေ တန်းတူညီမျှရေးအတွက် ဒါကိုလုပ်ရမယ်။"*

၂၀၁၄ ခုနှစ် အမျိုးသားပညာရေးဥပဒေအား ၂၀၁၅ ခုနှစ် ပြင်ဆင်ဖြည့်စွက်ချက်တွင် *"သင်ရိုးညွှန်းတမ်းသည် တိုင်းရင်းသားအဖွဲ့တစ်ဖွဲ့ချင်းစီ၏ သမိုင်းဝင်အမွေအနှစ်များအား ဖော်ထုတ်နိုင်ရမည်"* ဟု ဖော်ပြထားသည်။[64] ထိုအချက်သည် တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွက် တိုင်းရင်းသား ဘာသာစကားနှင့် သမိုင်းကြောင်းများပါဝင်သည့် ဒေသခံသင်ရိုးညွှန်းတမ်းကို ရေးဆွဲနိုင်ရန် လမ်းခင်းပေးထားသည်။ ထိုအကြောင်းအရာကိုကြည့်ခြင်းအားဖြင့် တိုင်းနှင့်ပြည်နယ်အဆင့်တွင်ရှိသော တိုင်းရင်းသားအဖွဲ့များအားလုံးကို ကိုယ်စားမပြုပေ။ အကြောင်းရင်းမှာ ထိုကဲ့သို့သောချဉ်းကပ်မှုသည် အသိအမှတ်ပြု မခံရသော

---

[63] Salem-Gervais နှင့် Raynaud မှ ၂၀၂၀ ခုနှစ် Konrad-Adenauer Stiftung & Urbanize: Policy Institute for Urban and Regional Planning တွင် ထုတ်ဝေခဲ့သော Teaching ethnic minority languages in government schools and developing the local curriculum: Elements of decentralization in language-in-education policy,၏ စာမျက်နှာ ၁၆၂ တွင် ကြည့်ပါ။

[64] ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မှ ၂၀၁၄ ခုနှစ်တွင် ထုတ်ဝေခဲ့သော Pyidaungsu Hluttaw Law No. 41/2014 - The National Education Law တွင် ကြည့်ပါ။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်မှ ၂၀၁၅ ခုနှစ်တွင် ထုတ်ဝေခဲ့သော Pyidaungsu Hluttaw Law No. 38/2015 – The Law Amending the National Education Law တွင် ကြည့်ပါ။

မွတ်စလင် လူမျိုးများကိုပင်မဆိုထားနှင့် ဒေသခံလူနည်းစုအဖွဲ့များပင်လျှင် ဤလုပ်ငန်းစဉ်မှ ဖယ်ထားခြင်းခံရမှုကို သက်ရောက်စေသည်။ အစိုးရသတ်မှတ်ထားသည့် ကရင်ပြည်နယ်အပါအဝင် ပြည်နယ် ၅ ခုသည် ယခုအချိန်တွင် အစမ်းသဘောဖြင့် ဒေသတွင်းသင်ရိုးညွှန်းတမ်းကို ဖော်ထုတ်ရေးသားလျက်ရှိသည်။ သို့သော်လည်း ကရင်သမိုင်းမှ အာဇာနည်များအား ဒေသတွင်းသင်ရိုးညွှန်းတမ်းထဲတွင် ထည့်သွင်းရန်ကြိုးပမ်းမှုမှာ အစိုးရနှင့်ကရင်အဖွဲ့များ အထူးသဖြင့် KNU အား ထောက်ခံသူများနှင့် ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော် (DKBA)[65] အား ထောက်ခံသူများကြား ကွဲပြားမှုများကို ဖြစ်စေနိုင်သဖြင့် ရပ်တန့်လျက်ရှိသည်။[66]

ရလာဒ်အနေဖြင့် အစိုးရသတ်မှတ်နယ်မြေဖြစ်သည့် ကရင်ပြည်နယ်အတွင်းရှိ ကရင်ကျောင်းသားများမှာ အစိုးရပုံဖော်ထားသည့်သမိုင်းနှင့် ထပ်တူညီခြင်းမရှိသော တိုင်းရင်းသားသမိုင်းကြောင်းအား သင်ယူနိုင်ခွင့် မရှိတော့ပေ။ ဒူးပလာယာခရိုင်၊ နို့တကောမြို့နယ်မှ အသက် ၁၇ နှစ် အရွယ် ကျောင်းသူတစ်ဦးက KHRG အား ဤသို့ပြောခဲ့သည်။ *"သုံးတန်းအောက် ကလေးတွေပဲ ကရင်စာသင်ခွင့်ရတယ်။ သူတို့က သမိုင်းသင်ဖို့အတွက် အရမ်းငယ်သေးတယ်။ ဒါကြောင့် သူတို့ကို ကရင်စာအခြေခံကို သင်ပေးတယ်။ သူတို့က ကရင်သမိုင်းအကြောင်း လုံးဝမသင်ရသေးဘူး။ [...] ကျွန်မအနေနဲ့ကတော့ ကရင်သမိုင်းကို သိပ်မသိဘူး။ ဘာကြောင့်လဲဆိုတော့ အဲ့ဒါကို ကျွန်မကျောင်းမှာ ဘယ်တုန်းကမှ မသင်ခဲ့ရဘူး။"* ကရင့်သမိုင်းကြောင်းကို သင်ယူနိုင်ရန်အတွက် KECD ကျောင်းများ ပိုမိုရှိစေချင်ကြောင်း သူမ၏ဆန္ဒကို ဖော်ပြခဲ့သည်။ *"KECD ကျောင်းတွေပိုရှိသင့်တယ်။ ဒါမှ ကျောင်းသားတွေအနေနဲ့ ကရင်ဘာသာစကားနဲ့ သမိုင်းတွေကို အတန်းကြီးတဲ့အထိ သင်နိုင်မှာ။"*

အခြားသော မေးခွန်းဖြေကြားသူများကလည်း ၎င်းတို့၏ ဒေသတွင်းရှိ ကျောင်းများတွင် တိုင်းရင်းသားသမိုင်းကြောင်းများအကြောင်းကို သင်ပေးခြင်းမရှိကြောင်း တင်ပြခဲ့ကြသည်။ မူတြော်ခရိုင်၊ ဒွဲလိုမြို့နယ်၊ ရ--- ကျေးရွာမှ စောန--- က *"ကျောင်းမှာက မြန်မာအစိုးရက ထုတ်ထားတဲ့ သင်ရိုးညွှန်းတမ်းကိုသင်တယ်။ [...] သူတို့ရဲ့ သင်ရိုးညွှန်းတမ်းထဲမှာ ကရင်သမိုင်းနဲ့ပတ်သက်ပြီး ဘာအချက်အလက်မှ မပါဘူး။"* ထိုအချက်ကို ဒူးပလာယာခရိုင်၊ ကော်တရိမြို့နယ်မှ မြန်မာအစိုးရ၏ ပအို့ဝ်ဆရာတစ်ဦးဖြစ်သူ ခွန်အဝ--- က ထပ်လောင်းပြောကြားခဲ့သည်။ *"ဟင်အင်း။ ကျွန်တော်တို့တွေ ဒီလိုဟာတွေကို သင်လို့မရ သေးဘူး။ [...] ဘယ်သင်ရိုးကမှ ဒီဟာတွေကို ကျောင်းမှာသင်နိုင်ဖို့အတွက် မစီစဉ်ထားဘူး။"* ထို့ကြောင့် မြန်မာအစိုးရမှ ထိုဘာသာရပ်များကို သင်ကြားခွင့်ပေးရန်အတွက် သူကတောင်းဆိုခဲ့သည်။ *"ကျွန်တော်တို့တွေ ပအို့ဝ်တိုင်းရင်းသားတွေရဲ့ သမိုင်းကြောင်းကို သင်ပေးချင်တယ်။ ကိုယ့်သမိုင်းကြောင်းကို သင်နိုင်ဖို့အတွက်က ခွင့်ပြုမိန့်လိုတယ်။ [...] ကျွန်တော်တို့ရဲ့ မျိုးဆက်တွေက ဒါတွေကိုမသင်ရရင် သူတို့ရဲ့ သမိုင်းကို သိကြမှာမဟုတ်ဘူး။ သူတို့ကို ကျွန်တော်တို့လူမျိုးစုရဲ့ သမိုင်းကြောင်းကို သင်ပေးရ*

---

65 တိုးတက်သောဗုဒ္ဓဘာသာကရင်အမျိုးသားတပ်မတော် (DKBA) သည် ၁၉၉၄ ခုနှစ်တွင် KNLA မှဘာသာရေးအယူအဆကြောင့်ခွဲထွက်ခဲ့သည်။ ၂၀၁၀ ခုနှစ်တွင် DKBA အဖွဲ့၏ တပ်ဖွဲ့ဝင်အများစုမှာ နယ်ခြားစောင့်တပ် (BGF) အဖြစ်သို့ အသွင်ပြောင်းသွားခဲ့သော်လည်း ကျန်အဖွဲ့တစ်ဖွဲ့မှာ BGF သို့ မဝင်ပဲ ၎င်းတို့၏အမည်အား ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော် (DKBA) ဟူ၍ ၂၀၁၂ ခုနှစ်တွင် ပြောင်းလဲဖွဲ့စည်းခဲ့သည်။ ၎င်းတို့အဖွဲ့မှာ ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလတွင် မြန်မာအစိုးရနှင့် NCA လက်မှတ်ရေးထိုးခဲ့သည်။

66 Salem-Gervais နှင့် Raynaud မှ ၂၀၂၀ခုနှစ် Konrad-Adenauer Stiftung & Urbanize: Policy Institute for Urban and Regional Planning တွင် ထုတ်ဝေခဲ့သော Teaching ethnic minority languages in government schools and developing the local curriculum: Elements of decentralization in language-in-education policy, ၏ စာမျက်နှာ ၁၆၄ တွင် ကြည့်ပါ။

*မယ်။ ဒါမှ သူတို့ရဲ့ သမိုင်းကြောင်းနဲ့ ယဉ်ကျေးမှုကို သူတို့သိကြမှာဖြစ်တယ်။"*

## (ခ) အစိုးရကျောင်းများတွင် တိုင်းရင်းသားဘာသာစကားသင်ကြားခြင်း။ ။လုပ်ငန်းဆောင်ရွက်ဆဲကာလ

တိုင်းရင်းသားဘာသာစကားများအား ပညာရေးစနစ်တွင် စတင်မိတ်ဆက်ပေးရန်အတွက် ဦးသိန်းစိန်အစိုးရမှစတင်ကာ ကြိုးပမ်းလုပ်ဆောင်ခဲ့သည်။ ၂၀၁၅ ခုနှစ်တွင် အတည်ပြုခဲ့သော ၂၀၁၄ ခုနှစ် ပညာရေးဥပဒေက တိုင်းရင်းသားဘာသာစကားများအား ကျောင်းများတွင် ဘာသာရပ်တစ်ခုအနေနှင့် သင်ကြားရန်နှင့် အမျိုးသားသင်ရိုးညွှန်းတမ်းအား ရှင်းပြရာတွင် လိုအပ်ပါက စာသင်ခန်းသုံးဘာသာစကားအဖြစ် အသုံးပြုရန် ခွင့်ပြုခဲ့သည်။ ၂၀၁၇ - ၂၀၁၈ ခုနှစ်များတွင် NLD အစိုးရက ဤရည်မှန်းချက် ၂ ခု ပြည့်မီရန်အတွက် တိုင်းရင်းသားသင်ထောက်ကူဆရာများကို စတင်ခန့်အပ်ခဲ့သည်။ ၂၀၁၉-၂၀၂၀ ခုနှစ်တွင် တစ်နိုင်ငံလုံးရှိ သင်ထောက်ကူဆရာများ ဦးရေပေါင်းမှာ ၁၁၇၁၈ ဦးရှိသည်။[67] ၎င်းတို့အနေဖြင့် ၎င်းတို့၏ တိုင်းရင်းသားဘာသာစကားများကို ကျွမ်းကျင်ရမည်ဖြစ်သော်လည်း သူမ၏ ကျောင်းတွင်ရှိသော ကရင်ဘာသာရပ်သင်ထောက်ကူဆရာမမှာ ကရင်ဘာသာအား ရေးနိုင်ဖတ်နိုင်ခြင်း မရှိကြောင်း ဒူးပလာယာခရိုင်၊ ကော်တရိမြို့နယ်မှ ဆရာမတစ်ဦးက ထောက်ပြခဲ့သည်။

တိုင်းရင်းသားဘာသာစကားများအား သင်ကြားခြင်းသည် ၂၀၁၃-၂၀၁၄ ခုနှစ်ကတည်းက ပိုမိုတိုးမြင့်လာသော်လည်း ၂၀၁၈-၂၀၁၉ ခုနှစ်အထိ ဘာသာရပ်အတန်းများမှာ စာသင်ချိန်ပြင်ပတွင်သာ သင်ကြားခဲ့ကြသည်။ ၂၀၁၉- ၂၀၂၀ ခုနှစ်များတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ရေးဆွဲခဲ့သော ဒေသတွင်းဘာသာရပ် သင်ရိုးညွှန်းတမ်းများကို စာသင်ချိန်များအတွင်း ထည့်သွင်းသင်ကြားစေသည်။ မူလတန်းအဆင့်တွင် တစ်ပတ်လျှင် ၅ ကြိမ် (၁၂၀ နာရီ) နှင့် အလယ်တန်းတွင် တစ်ပတ်လျှင် ၄ ကြိမ် (၁၀၈ နာရီ) သင်ကြားစေသည်။[68] ဒေသတွင်းသင်ရိုးညွှန်းတန်းတွင်မူ တိုင်းရင်းသားတို့၏သမိုင်းနှင့် ရိုးရာယဉ်ကျေးမှုများ ပါဝင်နိုင်သော်လည်း ဤအသစ်ချမှတ်ထားသော အချိန်ဇယားများသည် တိုင်းရင်းသားဘာသာစကားများအား သင်ကြားရန်သာဖြစ်သည်။[69]

အချို့သော လူတွေ့မေးမြန်းခဲ့သူများက အစိုးရအနေဖြင့် တိုင်းရင်းသားဘာသာရပ်များအား သင်ကြားနိုင်ရန်အတွက် အချိန်အနည်းငယ်သာပေးသောကြောင့် မကျေနပ်ကြောင်းကို ဒူးပလာယာခရိုင် ကော်တရိမြို့နယ်မှ ပအိုဝ်ကျောင်းဆရာတစ်ဦးမှ အလားတူမှတ်ချက်ပေးခဲ့သည်။ *"ကျွန်တော်က တိုင်းရင်းသားဘာသာစကားကို မနက်တစ်ကြိမ် နေ့လည်တစ်ကြိမ် သင်ချင်တယ်။ အခုကျတော့ ကျွန်တော် နေ့လည်တစ်ချိန်ပဲ သင်ခွင့်ရှိတယ်။"* ဒူးပလာယာခရိုင်၊ နိုတကောမြို့နယ်မှ ပအိုဝ်ရွာသား တစ်ဦးက ပအိုဝ်ဘာသာအား တစ်ပတ်လျှင်တစ်ရက်သာ သင်နိုင်ကြောင်း ပြောသည်။ မူတြော်ခရိုင်မှ ရှမ်းအမျိုးသားဖြစ်သည့် စိုင်းအဂ--- က တစ်ရက်လျှင် တစ်ခန်းသာသင်ခြင်းက လုံလောက်မှုမရှိကြောင်း တင်ပြခဲ့သည်။ *"ကျောင်းသားတွေအနေနဲ့ ကျောင်းမှာ သူတို့ရဲ့တိုင်းရင်းသားစာပေနဲ့ ဘာသာစကားကို အပြည့်အဝ သင်ယူခွင့် မရဘူး။ သူတို့က တစ်ပတ်ကို တစ်ရက်၊ တစ်ရက်မှာ ၄၅ မိနစ်ပဲ အချိန်ပေးတယ်။"* သို့သော်လည်း မေးခွန်းဖြေကြားသူအများစုက တိုင်းရင်းသား ဘာသာစကားများအား ၎င်းတို့ဒေသရှိ

[67] အထက်ဖော်ပြပါ အောက်ခြေမှတ်စု ၆၆ မှ စာမျက်နှာ ၁၇ တွင် ကြည့်ပါ။
[68] အထက်ဖော်ပြပါ အောက်ခြေမှတ်စု ၆၆ မှ စာမျက်နှာ ၁၅၁ မှ ၁၅၂ တွင် ကြည့်ပါ။
[69] အထက်ဖော်ပြပါ အောက်ခြေမှတ်စု ၆၆ မှ စာမျက်နှာ ၈၄ တွင် ကြည့်ပါ။

မူလတန်းကျောင်းများတွင် ကျောင်းချိန်အတွင်း သင်ကြားလျက်ရှိကြောင်း အများစုက အတည်ပြုခဲ့ကြသည်။ ဒူးပလာယာခရိုင်၊ ဝေါ်ရေမြို့နယ်မှ စောပ--- က ရှင်းပြခဲ့သည်မှာ *"ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး [သဘောတူညီမှုလက်မှတ်ထိုးပြီး] ပထမနှစ်တွေတုန်းကတော့ ကျောင်းချိန်အတွင်းမှာ သင်ဖို့ ခွင့်ပြုချက်မရခဲ့ဘူး။ ကျွန်တော်တို့တွေ မနက် ၉ နာရီ ကျောင်းမစခင် အချိန်တစ်ချိန်ယူပြီး သင်ခဲ့ရတယ်။ နောက်ပိုင်းကြတော့ သူတို့တွေက ကျွန်တော်တို့ကို ကျောင်းချိန်အတွင်း တစ်ချိန်ပေးတယ်။ ကျွန်တော်တို့ တဖြည်းဖြည်းချင်း အခွင့်အရေးတွေပိုရလာတယ်။"* သို့သော်လည်း KECD ဝန်ထမ်းတစ်ဦးက မူဝါဒအသစ်အား တသမတ်တည်းအသုံးပြုခြင်းမရှိကြောင်း ထောက်ပြခဲ့သည်။ *"ဒါက သူတို့ရဲ့ ကျောင်းမူဝါဒတွေနဲ့လည်း ဆိုင်တယ်။ ဘာကြောင့်လည်းဆိုတော့ တချို့ကျောင်းတွေက ကျောင်းချိန်အတွင်းမှာ ကရင်စာသင်ဖို့ခွင့်ပြုပေမယ့် တချို့ကတော့ ကျောင်းချိန်မတိုင်မီနဲ့ ကျောင်းချိန်နောက်ပိုင်းတွေမှ သင်ခွင့်ပေးတယ်။"*

မေးခွန်းဖြေကြားသူ အများစုက ၎င်းတို့ဒေသတွင်းရှိ ကျောင်းများတွင် တိုင်းရင်းသား ဘာသာရပ်များအား အမှန်တကယ်တွင် သင်ကြားခြင်းမရှိကြောင်းကို KHRG အား ပြောခဲ့သည်။ ဒူးသထူခရိုင်၊ ဘီးလင်းမြို့နယ်မှ ကရင်ရွာသားတစ်ဦးဖြစ်သည့် စောအဘ--- က ထိုအခြေအနေနှင့် ပတ်သက်ပြီး သူ၏ဒေါသကို ဖော်ပြခဲ့သည်။ *"သူတို့က တိုင်းရင်းသားလူမျိုးစုတွေကို သူတို့တွေရဲ့ စာပေယဉ်ကျေးမှုတွေနဲ့ ပတ်သက်ပြီး အမွေအနှစ်တွေကို စောင့်ရှောက်နိုင်ဖို့အတွက် အခွင့်အရေးတွေပေးနေတယ်လို့ပြောတယ်။ ဒါပေမယ့် တကယ်တမ်းတော့ တချို့ကျောင်းတွေမှာ ကရင်စာပေးသင်ဖို့ အခွင့်မပေးဘူး။ [...] သူတို့က လူတွေကိုပြောတာနဲ့ လုပ်တာတွေက ကိုက်ညီမှုရှိတယ်လို့ ကျွန်တော်မထင်ဘူး။"* ထို့အပြင် KHRG ပြုလုပ်ခဲ့သည့် လူတွေ့မေးမြန်းခန်းများအရ တိုင်းရင်းသားဘာသာရပ်များအား သုံးတန်းအထိသာသင်ကြောင်းဖော်ပြထားပါသည်။ သို့သော်လည်း ထိုအချိန်ကာလများက အတန်းကြီးများအတွက် သင်ရိုးညွှန်းတမ်းအသစ်များ မထွက်ရှိသေးသည့်အတွက်လည်း ဖြစ်နိုင်သည်။[70]

အလယ်တန်းကျောင်းသားများအနေဖြင့် ၎င်းတို့မူလတန်းတက်သည့်အချိန်များတွင် တိုင်းရင်းသားဘာသာစကား အတန်းများမရှိသဖြင့် အချို့သော အလယ်တန်းကျောင်းသားများသည် ၎င်းတို့၏ တိုင်းရင်းသားဘာသာစကားကို တတ်ကျွမ်းခြင်း မရှိကြပါ။ ညောင်လေးပင်ခရိုင်၊ ဆောထီးမြို့နယ်မှ ကရင်ရွာသားတစ်ဦးဖြစ်သူ စောအပ--- က ထိုအကြောင်းနှင့် ပတ်သက်ပြီး *"သူတို့က [မူလတန်းကျောင်းသားတွေက] ကရင်စာကို နွေလည်ခင်းမှာသင်ခွင့်ရတယ်။ သူတို့က ကရင်လိုကျွမ်းတယ်။ ဒါပေမယ့်အဲ့ဒါက ကျောင်းသားလေးတွေအတွက်ပဲ။ ၁၀ တန်းကျောင်းသားတွေကျတော့ ဒီလိုကရင်စာသင်ဖို့အခွင့်အရေးမရတော့ဘူး။ ဒါကြောင့် သူတို့က ကရင်စာသိပ်မရကြဘူး။"* လာမည့်မျိုးဆက်သစ်ကျောင်းသားများအနေဖြင့် အခြေခံပညာရေးသင်ကြားသည့် ကာလတစ်လျှောက်တွင် ထိုအတန်းများမှ အကျိုးကျေးဇူးများ ရရှိနိုင်စေရန်အတွက် တိုင်းရင်းသားဘာသာရပ်များအား အတန်းကြီးများအထိ မြန်နိုင်သမျှမြန်မြန် သင်ကြားနိုင်စေရန်အတွက် အရေးကြီးသည်။

[70] Burma News International မှ ၂၀၂၀ ခုနှစ်၊ ဇွန်လ Myanmar government schools started teaching the new Grade 4 curriculum in 2020/2021 တွင် ထုတ်ဝေခဲ့သော "New Education System Getting Started for Grade-4 Students" တွင် ကြည့်ပါ။

ထို့အပြင် ဒူးပလာယာခရိုင်၊ နို့တကောမြို့နယ်မှ ပအိုဝ့်လူမျိုး မေးခွန်းဖြေကြားသူတစ်ဦးက မြန်မာသင်ရိုးညွှန်းတမ်းအား တိုင်းရင်းသားဘာသာစကားဖြင့် ရှင်းပြခြင်းအား အလေ့အထမရှိသေးကြောင်းနှင့် ပတ်သက်ပြီး *"ဒေသခံဆရာတွေက ဗမာစကားနားမလည်တဲ့ ကလေးငယ်လေးတွေအတွက် သင်ခန်းစာတွေကို ကရင်လို ဒါမှမဟုတ် ပအို့ဝ်လို ရှင်းပြလို့ရတယ်။ ဒါပေမယ့် သူတို့မလုပ်ဘူး။ သူတို့က ဗမာလိုပဲ ပြောပြီး ရှင်းပြကြတယ်။"* တိုင်းရင်းသားဒေသများရှိ ၇၀ ရာခိုင်နှုန်းခန့်သော ဆရာများမှာ ဒေသခံဘာသာစကား မပြောတတ်ပေ။[71] ထို့အတွက်ကြောင့် ဗမာစကားမပြောတတ်သော ကျောင်းသားများအတွက် သင်ခန်းစာများအား နားလည်စေရန် အခက်တွေ့စေပြီး ကျောင်းထွက်နှုန်းကို တိုးမြှင့်လာစေနိုင်သည်။ မေးခွန်းဖြေကြားသူများမှ တင်ပြလာသည့် အခြားသောကိစ္စရပ်မှာ ကျောင်းဆရာမရှိခြင်းနှင့် တိုင်းရင်းသားဘာသာစကားသင်ကြားရန် ပုံနှိပ်စာအုပ် မရှိခြင်းတို့ဖြစ်သည်။

မတူညီသည့်ဘာသာစကားပြောသော နေရာဒေသတွင် နေထိုင်ကြသော အချို့ကျောင်းသားများအတွက် တိုင်းရင်းသားဘာသာစကားသင်ကြားနိုင်ရန်အတွက် အခက်အခဲဖြစ်စေသည်။ ဒူးပလာယာခရိုင်၊ ကော်တရိမြို့နယ်မှ ပအို့ဝ်ဆရာတစ်ဦးက *"ပအို့ဝ်ကျောင်းသားတွေက သူတို့ရဲ့စာပေကို သင်ယူနိုင်ကြပေမယ့် ကရင်ကျောင်းသားတွေကတော့ သူတို့ရဲ့စာပေကိုလေ့လာဖို့ တခြားရွာကို သွားရတယ်။ ဘာကြောင့်လည်းဆိုတော့ ဒီရွာမှာက ပအိုဝ့်လူမျိုးကော ကရင်လူမျိုးကော နေကြပေမယ့် ဒါက ပအို့ဝ်ရွာဖြစ်တယ်။"* သူမက ရှမ်းတိုင်းရင်းသား ကျောင်းသားများသည်လည်း ရှမ်းစကားပြောသည့် ဆရာမရှိသဖြင့် ၎င်းတို့၏ဘာသာစကားကို သင်ယူနိုင်ခွင့် မရှိကြောင်း KHRG အားပြောခဲ့သည်။ ညောင်လေးပင်ခရိုင်၊ ဆောထီးမြို့နယ်မှ ကရင်ရွာသားတစ်ဦး ဖြစ်သော စောအက--- ကလည်း ထိုအကြောင်းအရာအား တင်ပြခဲ့သည်။ *"အခုတော့ ကရင်ကျောင်းသားလေးငါးယောက်ပဲ ရှိတယ်။ ဒါကြောင့် သူတို့က ဘာသာစကားသင်တဲ့ဆရာကို မငှါးတော့ဘူး။"* ဤတင်ပြချက်များကို ကြည့်ခြင်းအားဖြင့် တိုင်းရင်းသားကျောင်းသား ကလေးငယ်များအားလုံးအနေဖြင့် အစိုးရကျောင်းများတွင် ၎င်းတို့၏ တိုင်းရင်းသားဘာသာစကားအား သင်ကြားခွင့်ရရန်အတွက် လူ့အရင်းအမြစ်များ ပိုမိုလိုအပ်သည်။

---

71 Salem-Gervais နှင့် Raynaud မှ ၂၀၂၀ ခုနှစ် Konrad-Adenauer Stiftung & Urbanize: Policy Institute for Urban and Regional Planning တွင် ထုတ်ဝေခဲ့သော Teaching ethnic minority languages in government schools and developing the local curriculum: Elements of decentralization in language-in-education policy, ၏ စာမျက်နှာ ၁၀၁ တွင် ကြည့်ပါ။

## နိဂုံး

၂၀၁၅ ခုနှစ်၊ တိုင်းရင်းသားအခွင့်အရေး ကာကွယ်ရေးဥပဒေနှင့် ၂၀၁၄ ခုနှစ် အမျိုးသားပညာရေး ဥပဒေပြဋ္ဌာန်းပြီးနောက်ပိုင်း တိုင်းရင်းသားလူနည်းစု၏ ရိုးရာယဉ်ကျေးမှုဆိုင်ရာအခွင့်အရေး ပိုမိုများပြားလာခဲ့ပါသည်။ သို့သော် ကျောင်းများတွင် ဗမာမဟုတ်သူများ၏သမိုင်းကြောင်းနှင့် လူနည်းစုတို့၏ ဘာသာစကားနှင့် ယဉ်ကျေးမှုတို့ကိုဗဟိုပြုသည့်ပညာရေးအား လက်လှမ်းမီနိုင်ခြင်းအပါအဝင် ၎င်းတို့၏ပြည်နယ်နှင့်တိုင်းဒေသများအတွင်း တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုများနှင့် သမိုင်းကြောင်းများကို ကျင်းပဖော်ပြနိုင်သည့်အခွင့်အရေးများအား ရရှိရန်အတွက် ဒေသခံအသိုက်အဝန်းများအတွင်း ဆက်လက်ကြိုးပမ်းရမည်ဖြစ်ပါသည်။ ထိုအကြောင်းအရင်းကြောင့် ဤဥပဒေများကိုကျင့်သုံးနိုင်ရန် အတားအဆီးရှိနေသေးသည်ဟူသောအချက်သည် ရှင်းလင်းပြတ်သားသည့်အချက်တစ်ချက်ပင်ဖြစ်ကြောင်း မြင်တွေ့နိုင်ပါသည်။ မြန်မာအစိုးရ၏ မဟာဗမာလူမျိုးကြီးမူဝါဒသည် တိုင်းရင်းသားပြည်သူလူထုတို့၏အခန်းကဏ္ဍများအပေါ် လွှမ်းမိုးနေလျှက်ရှိပါသည်။ အကြောင်းမှာ တိုင်းရင်းသားလူနည်းစုနေထိုင်ရာဒေသများ၏အမည်နာမများကို ဗမာနာမည်သို့ပြောင်းလဲပေးသည့်အပြင် တိုင်းရင်းသားလူနည်းစုများ မှတ်ပုံတင် ပြုလုပ်သည့်အခါ နိုင်ငံသားစီစစ်ရေးကတ်ပြားတွင် ၎င်းတို့အားကိုယ်စားပြုသည့် အမည်နာမများကိုချန်လှပ်ပြီး ဗမာမှုပြုခြင်းများရှိနေသည်ကိုလည်း တွေ့ရှိရပါသည်။

ပြည်သူ့အခွင့်အရေးများအား ကာကွယ်ပေးရာတွင် လိုအပ်မှုကြီးမားစွာရှိနေပါသည်။ အဘယ်ကြောင့်ဆိုသော် နိုင်ငံသားအဖြစ်ခံယူခွင့်ရှိသူများသည် တရားဝင်စာရွက်စာတမ်းများရရှိရန် မစွမ်းဆောင်နိုင်ခြင်းနှင့် ၎င်းတို့၏အခွင့်အရေးများ ကျယ်ပြန့်စွာ ချန်လှပ်ထားခံရခြင်းတို့ကြောင့်ဖြစ်ပါသည်။ နိုင်ငံရေးနှင့် ယဉ်ကျေးမှုဆိုင်ရာအခွင့်အရေးများသည် အမှန်တကယ် ဆက်နွယ်နေပြီး ယင်းတို့နှစ်ခုစလုံးကို ကာကွယ်ရန် လိုအပ်သည်။ ဒေသခံခေါင်းဆောင်များ၊ တိုင်းရင်းသားအဖွဲ့အစည်းများနှင့် ရွာသားများသည် တိုင်းရင်းသားလူနည်းစုတို့၏ နိုင်ငံသားအခွင့်အရေးအားကာကွယ်ရာတွင် အကူအညီပေးရန် မဟာဗျူဟာများကို ကျင့်သုံးလျက်ရှိသည်။ သို့သော် ၎င်းတို့၏ကာကွယ်ရေးနည်းဗျူဟာများသည် တန်းတူညီမျှမှု၏အခြေခံမှုများကို အမှန်တကယ်အသိအမှတ်ပြုရန်နှင့် အကောင်အထည်ဖော်ရန် ပျက်ကွက်သည့်စနစ်တစ်ခုအောက်တွင် ရှိနေပါသည်။ အမှန်တွင် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ၂၀၁၅ တိုင်းရင်းသားများလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့်ဥပဒေတို့တွင် တန်းတူညီမျှမှုရှိရန်အတွက် မှီငြမ်းထားသော်လည်း အစိုးရမှ မြန်မာနိုင်ငံရှိ တိုင်းရင်းသားလူမျိုးများအဖြစ်အသိအမှတ်ပြုခံထားရသော လူမျိုးစုများအကြားတွင် မညီမျှမှုများဖြစ်ပေါ်နိုင်သည့် နေရာများသိသိသာသာရှိနေသည်။ နိုင်ငံတော်၏ဥပဒေတွင် “နိုင်ငံတော်အား မဆန့်ကျင်လျှင်” သီးသန့်အခွင့်အရေးရှိနေနိုင်သည်ဟူ၍ ကြိမ်ဖန်များစွာ ဖော်ပြနေခြင်းသည် ဗမာတိုင်းရင်းသားအခွင့်အရေးများ၊ ဩဇာအာဏာနှင့်မဟာ ဗမာလူမျိုးကြီးစိုးရေး မူဝါဒများကို အနည်းနှင့်အများ အာမခံပေးကာကွယ်ပေးရာ ရောက်ပါသည်။ သို့သော်လည်း တိုင်းရင်းသားအဖွဲ့များ၏အမှန်တကယ်ရသင့်သည့် မည်သည့်အခွင့်အရေးကိုမဆို လုံးဝချန်လှပ်ထားခံနေရဆဲ ဖြစ်နေပါသည်။

ထိုမျှသာမက မြန်မာနိုင်ငံတွင် မတူကွဲပြားသောတိုင်းရင်းသားလူမျိုးများနှင့် ယုံကြည်ကိုးကွယ်သည့် ဘာသာများစွာရှိနေခြင်းသည်လည်း စိန်ခေါ်မှုတစ်ရပ်ဖြစ်နေပါသည်။ မြန်မာအစိုးရ၏မူဝါဒများသည် အင်အားနည်းသောလူမျိုးစုများကို အင်အားကြီးသောလူမျိုးစုများက ဖိနှိပ်သော “might makes right” (မှားခြင်းမှန်ခြင်းများသည် အင်အားကြီးသူကသာ ဆုံးဖြတ်ခြင်း) ပုံစံနှင့်အလားသဏ္ဍာန်တူသည်။ လူဦး

ရေပမာဏ၊ နိုင်ငံရေးအရ တရားဝင်အသိအမှတ်ပြုခံရမှုနှင့် ရပိုင်ခွင့်တို့အကြား ဆက်စပ်နေမှုအပေါ် ယူဆချက်များကို ဆန့်ကျင်ရမည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ထိုအရာများသည်အနာဂတ်ငြိမ်းချမ်းရေးတည်ဆောက်မှုကို ထိခိုက်စေနိုင်သော လူအများစု ဗမာလူမျိုးတို့အားအာဏာပေးထားမှုနှင့် တိုင်းရင်းသားလူမျိုးတစ်ခုနှင့် တစ်ခုအကြားရှိနေသော ကွာဟမှုတို့ကို ဖြစ်ပေါ်စေသောကြောင့်ဖြစ်သည်။ စာရေးဆရာခလ(ခ်) (Clarke) နှင့်အခြားစာရေးဆရာများမှ မှတ်ချက်ချသည်မှာ မြန်မာအစိုးရ၏မူဝါဒများနှင့်စပ်လျဉ်း၍ *"တိုင်းရင်းသားလူမျိုးများသည် မည်သည့်အရပ်ဖက်အဖွဲ့အစည်း၌နေသည်ဖြစ်စေ၊ မည်သည့်နိုင်ငံရေးအဖွဲ့ဝင်ဖြစ်စေ၊ သို့မဟုတ် မည်သည့်တိုင်းသားလက်နက်ကိုင်အဖွဲ့အစည်းဖြစ်စေ၊ လက်တွေ့တွင် အဖွဲ့အသီးသီးအတွင်း ၎င်းတို့၏မတူကွဲပြားမှုများအပေါ် ဖြစ်ပွားလာသောတန်ပြန်သက်ရောက်မှုများတွင် ပါဝင်ဆောင်ရွက်ရန်နှင့် လူမျိုးစု၏လက္ခဏာသည် အချိန်တိုင်းတည်မြဲနေရန်လိုအပ်ပါသည်။"* [72]

KNU မှ ၎င်း၏အုပ်ချုပ်မှုအောက်တွင်နေထိုင်လျက်ရှိသော လူမှုအသိုက်အဝန်းအားလုံး၏ အခွင့်အရေးကို ကာကွယ်ပေးမည်ဖြစ်ကြောင်း ခိုင်မာစွာကတိကဝတ်ပြုခဲ့ပါသည်။ KNU ၏ဗဟိုအလုပ်အမှုဆောင်ကော်မတီအဖွဲ့ဝင်တစ်ဦးမှ ဤကဲ့သို့တင်ပြခဲ့သည်။ *"မြစ်ဝကျွန်းပေါ်ဒေသတွေမှာနေထိုင်တဲ့ ကရင်လူမှုအသိုက်အဝန်းတွေရှိတယ်။ သူတို့တွေဟာ ကရင်ဘာသာစကားကို မပြောတတ်ပေမဲ့ ကရင်လူမျိုးတွေဖြစ်ကြတယ်။ ကရင်လူမှုအသိုက်အဝန်းတွေမှာ ကွဲပြားခြားနားမှုတွေ အများကြီးရှိနေပေမဲ့ ကျွန်တော်တို့က သူတို့အားလုံးကို ကာကွယ်ဖို့အတွက်လိုအပ်တယ်။ ဒါပေမဲ့ မြန်မာနိုင်ငံမှာနေထိုင်တဲ့အခြားတိုင်းရင်းသားလူမျိုးတွေအပေါ် ခွဲခြားဆက်ဆံမှုမရှိဖို့အတွက်လည်း ကျွန်တော်တို့လိုလားပါတယ်။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ ဖက်ဒရယ်စနစ်လိုလားတယ်လို့ ပြောတဲ့အခါမှာ ဒါကကရင်လူမျိုးတွေရဲ့ကောင်းကျိုးအတွက်ပဲဆိုပြီးတော့ ပြောနေတာမဟုတ်ဘူး။ ဖက်ဒရယ်စနစ်က လူတွေအားလုံးတန်းတူညီမျှစွာ ဆက်ဆံခံရစေဖို့ လမ်းကြောင်းတစ်ခုပြင်ဆင်ပေးလိမ့်မယ်။"* [73] ထိုကဲ့သို့ ဖြစ်ပေါ်လာစေရန်အတွက် KNU ခေါင်းဆောင်များနှင့် အခြားသောတိုင်းရင်းသားခေါင်းဆောင်များမှ အားလုံး၏အသံသည် ကျေးရွာအဆင့်မှဗဟိုအဆင့်အထိကြားနိုင်ရန် သေချာစွာလုပ်ဆောင်ရန်လိုအပ်ပါသည်။ ပအို့၊ ရှမ်း၊ မွန်နှင့် မွတ်စလင်ရွာသားများအပါအဝင် အခြားသောတိုင်းရင်းသားလူမျိုးများအားလုံးသည် ဆုံးဖြတ်ချက်ပြုလုပ်သည့်အဆင့်တိုင်းတွင် ပါဝင်ခွင့်ရှိရန် လိုအပ်ပါသည်။ သို့မှသာ ဖက်ဒရယ်စနစ်သည် မြန်မာနိုင်ငံအတွင်းနေထိုင်သောတိုင်းရင်းသားလူနည်းစုအားလုံးအတွက် အကြွင်းမဲ့အောင်မြင်မှု ဖြစ်ပါလိမ့်မည်။

ဤကဲ့သို့သော ကတိကဝတ်အား အကောင်အထည်ဖော်ရန် နိုင်ငံရေးတွင် ပါဝင်လုပ်ဆောင်သူများအားလုံးသည် အတူတကွ ပူးပေါင်းလုပ်ဆောင်ကြရန် လိုအပ်ပါသည်။ သို့သော်လည်း မြန်မာအစိုးရအနေဖြင့် တိုင်းရင်းသားများ၏အခွင့်အရေးနှင့်တန်းတူညီမျှရှိမှုတို့အပေါ် ၎င်းတို့၏ချဉ်းကပ်ပုံကို ပထမဦးစွာ ပြန်လည်သုံးသပ်ရန်လိုအပ်ပါသည်။ ဤအစီရင်ခံစာတွင် တိုင်းရင်းသားလူနည်းစုအားလုံး၏ အခွင့်အရေးအား ကာကွယ်ပေးရမည့်အရေးကြီးမှုများကို အလေးပေးဖော်ပြထားပါသည်။ အဘယ်ကြောင့်ဆိုသော် ထိုကဲ့သို့ပြုလုပ်ခြင်းမရှိပါဘဲ တိုင်းရင်းသားလူမျိုးစုတစ်စုအတွက်သာ ၎င်းတို့၏အခွင့်အရေးများကို ကောင်းမွန်စွာတိုးမြှင့်ဆောင်ရွက်ပါက တိုင်းရင်းသားများလူမျိုးစုများအတွင်း ဖြစ်နိုင်ချေရှိသောတင်းမာမှုများကို မီးစပွင့်စေနိုင်သလို အားလုံးတွက်လည်း အန္တရာယ်ဖြစ်စေနိုင်ပါသည်။

---

72 Sarah L. CLARKE, Seng Aung Sein Myint, Zabra Yu Siwa မှ ၂၀၁၉ခုနှစ် Centre for Peace and Conflict Studies တွင် ထုတ်ဝေခဲ့သော Re-Examining Ethnic Identity in Myanmar ၏ စာမျက်နှာ ၁၁၅ တွင် ကြည့်ပါ။

73 အထက်ဖော်ပြပါ အောက်ခြေမှတ်စု ၇၁ စာမျက်နှာ ၁၀၁ တွင် ကြည့်ပါ။

# အကြံပြုချက်များ

အောက်ပါအကြံပြုချက်များသည် မြန်မာအစိုးရသို့ပေးသော အကြံပြုချက်များ ဖြစ်ပါသည်။ အစီရင်ခံစာမှ သုတေသနပြုချက်၊ သုံးသပ်ချက်များ၊ အဓိကရှာဖွေတွေ့ရှိချက်များအပေါ် အခြေခံပြီး ပေးထားသော အကြံပြုချက်များ ဖြစ်ပါသည်။

### *နိုင်ငံသားဖြစ်မှု*

- မတူကွဲပြားသည့်တိုင်းရင်းသားလူမျိုးစုများကို ပိုမိုထင်ဟပ်စေရန် နိုင်ငံအတွင်းရှိ မှီတင်းနေထိုင်သော တိုင်းရင်းသားများအားလုံးကို တိုင်းရင်းသားလူမျိုးများအဖြစ် တရားဝင်အသိအမှတ်ပြုပေးရန်။
- ၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေအား အစားထိုးပြီး နိုင်ငံသားဥပဒေအသစ်တစ်ခု အတည်ပြုပြဌာန်းရန်။ အတည်ပြုပြဌာန်းမည့် အဆိုပါဥပဒေအသစ်အား အောက်ပါအချက်များပါဝင်အောင် သေချာစွာ လုပ်ဆောင်ပေးရန်။

    ၁) ခွဲခြားဆက်ဆံမှုမရှိစေရန်အတွက် ထိရောက်မှုရှိသောကျင့်သုံးမှုများဖြစ်ပြီး နိုင်ငံတကာလူ့အခွင့်အရေးစံချိန်စံနှုန်းနှင့် ကိုက်ညီရမည်ဖြစ်သည်။
    ၂) မတူကွဲပြားသည့် နိုင်ငံသားအမျိုးအစားကို ပိုင်းခြားသတ်မှတ်ခြင်းအား ဖျက်သိမ်းပေးရမည်။
    ၃) တိုင်းရင်းသားလူမျိုးစုနှင့် ယုံကြည်ကိုးကွယ်သည့်ဘာသာအား အခြေခံခြင်းမပြုဘဲ မြန်မာနိုင်ငံအတွင်း မွေးဖွားသူအားလုံးကို မြန်မာနိုင်ငံသားဖြစ်ခွင့်ပေးရမည်။
    ၄) နိုင်ငံသားအဖြစ် ခံယူမှုအပေါ်ရှိနေသော တင်းကျပ်မှုများအား ပယ်ဖျက်ပေးရန်။

- လူသားအားလုံး၏အခွင့်အရေးအား တရားဝင်ကာကွယ်ပေးသည့်အနေဖြင့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် "အခြေခံအခွင့်အရေး" အား ကျဉ်းမြောင်းစွာ အဓိပ္ပါယ်ဖွင့်ဆိုထားခြင်းအပေါ် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၃၄တွင် ဖော်ပြထားသော "နိုင်ငံသား" ဟူသော စကားလုံးအား "မည်သူမဆို" ဟူသောစကားလုံးဖြင့် အကျယ်ချဲ့ပြန်လည်အဓိပ္ပါယ်ဖွင့်ဆိုပေးရန်။
- နိုင်ငံသား စီစစ်ရေးကတ်ပြားရရှိအောင် ပြုလုပ်ပေးသည့်အခါ အုပ်ချုပ်ရေးဆိုင်ရာ လိုအပ်မှုများကို ဂရုတစိုက်ဖြေလျှော့ပေးရန်။ ကျေးလက်ဒေသအတွင်းနှင့် ပဋိပက္ခဒဏ်သင့်သည့်ဒေသတွင် နေထိုင်သည့် တိုင်းရင်းသားလူမျိုးများအပေါ် တိတိကျကျချမှတ်ထားသော တင်းကျပ်မှုများကို ပြန်လည်စဉ်းစားသုံးသပ်ပေးရမည်။
- ကျေးလက်ဒေသတွင်ရှိသော တိုင်းရင်းသားလူမှုအသိုက်အဝန်းများအတွက် အုပ်ချုပ်ရေးဆိုင်ရာ တရားဝင်စာရွက်စာတမ်းများရရှိအောင် ဝန်ဆောင်မှုများပေးသည့်အခါ ကူညီထောက်ပံ့မှုများ ပေးရန်နှင့် တိုင်းရင်းသားဘာသာစကားများ ပိုမိုပါဝင်လာအောင် လုပ်ဆောင်ပေးရန်။
- ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံးတွင်ရှိသော တိုင်းရင်းသားလူနည်းစုများအား တရားဝင်စာရွက်စာတမ်းနှင့် ဥပဒေဆိုင်ရာဆောင်ရွက်ချက်များ လုပ်ဆောင်ပေးသည့်အခါ ၎င်းတို့ကို ကိုယ်စားပြုသည့် အမည်နာမများ ထည့်သွင်းသုံးစွဲခွင့်ပေးရန်။ တရားဝင်စာရွက်စာတမ်း (မှတ်ပုံတင်)တွင် မိမိ၏တိုင်းရင်းသားအုပ်စုအား ကိုယ်စားပြုသည့်ပြဌာန်းချက်ကို မှန်ကန်စွာထည့်သွင်းဖော်ပြပေးရန်။
- တရားဝင်စာရွက်စာတမ်း(မှတ်ပုံတင်)ပေါ်တွင် ကိုင်ဆောင်သူ၏ ကိုးကွယ်ယုံကြည်သော ဘာသာအား မရေးထည့်ရန်။

- တစ်နိုင်ငံလုံးတွင်ရှိသော မွတ်စလင်အသိုက်အဝန်းများ ရင်ဆိုင်ရသည့် ခွဲခြားဆက်ဆံခြင်းများ ဘေးသို့ဖယ်ကျဉ်ခံထားရခြင်းနှင့် စနစ်တကျခွဲခြားဆက်ဆံခြင်းများကို ကိုင်တွယ်ဖြေရှင်းရန်အတွက် မူဝါဒတစ်ရပ်အား ရေးဆွဲအကောင်အထည်ဖော်ပေးရန်။

***အများပြည်သူနေရာတွင် တိုင်းရင်းသားနှင့်ဘာသာရေးဆိုင်ရာ အသွင်လက္ခဏာများအား ထုတ်ဖော်ပြသခြင်း***

- ၂၀၁၁ ခုနှစ် ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေပြဌာန်းချက်ကို နိုင်ငံတကာစံချိန်စံနှုန်းနှင့်အညီ ပြင်ဆင်ဖြည့်စွက်ပေးခြင်းအပါအဝင် တိုင်းရင်းသားလူနည်းစုများမှ ၎င်းတို့ရိုးရာယဉ်ကျေးမှုအခမ်းအနားများနှင့် နေ့ထူးနေ့မြတ်များကို ကျင်းပပြုလုပ်နိုင်ရန်အတွက် လုံခြုံစိတ်ချပြီး အထောက်အကူပေးနိုင်သောပတ်ဝန်းကျင်တစ်ရပ် ဖန်တီးပေးရန်။
- ကရင်အာဇာနည်နေ့ကို ကျင်းပပြုလုပ်သည့်အခါ "အာဇာနည်" ဆိုသည့် အသုံးအနှုန်းကို သုံးစွဲခွင့်ပေးရန်နှင့် ကရင်အာဇာနည်နေ့အခမ်းအနားအား စီစဉ်ကျင်းပသူများအပေါ် တရားစွဲဆိုမှုများ မပြုလုပ်ရန်။
- ဘာသာရေးဆိုင်ရာ ကိုးကွယ်ယုံကြည်မှုအစဉ်အလာများကို လွတ်လပ်စွာကျင့်သုံးနိုင်ရန်အတွက် ကာကွယ်ပေးသည့်အခွင့်အရေးတစ်ရပ်အား ဥပဒေတွင်ထည့်သွင်းပြဌာန်းထားရန်နှင့် ၎င်းအခွင့်အရေးများသည် မြန်မာနိုင်ငံသားများသာမက မြန်မာပြည်အတွင်းနေထိုင်ကြသည့်လူသားအားလုံးအတွက် အကျုံးဝင်သည်။
- တိုင်းရင်းသားအများစုနေထိုင်သည့်နေရာဒေသရှိ စာသင်ကျောင်းများတွင်သော်လည်းကောင်း၊ အခြားသောအများပြည်သူအသုံးပြုသည့် အဆောက်အဦးများတွင်သော်လည်းကောင်း တိုင်းရင်းသားအလံများကို နိုင်ငံတော်အလံနှင့်အတူ တန်းတူညီမျှစွာ လွှင့်ထူနိုင်ရန်အတွက် နိုင်ငံတော်အလံဥပဒေအား ပြင်ဆင်ဖြည့်စွက်ပေးရန်။
- တိုင်းရင်းသားမှ ခေါ်ဝေါ်သုံးနှုန်းထားသော နယ်မြေဒေသများ၏အမည်နာမများကို အသိအမှတ်ပြုပေးရန်အတွက် လိုအပ်သောလုပ်ဆောင်ချက်များအား ဆောင်ရွက်ပေးရန်၊ ၎င်းတို့သုံးနှုန်းခေါ်ဝေါ်သည့် အမည်နာမများကို တရားဥပဒေနှင့်အညီ ကာကွယ်ပေးရန်၊ တိုင်းရင်းသားများ ခေါ်ဝေါ်သည့် နာမည်များနှင့် ဗမာနာမည်များရှိသော နေရာဒေသများအားလုံးတွင် ထိုနာမည်များအား တရားဝင်အသုံးပြုနိုင်ရန်အတွက် (multilingual) ဘာသာစကားနှစ်မျိုးထက် သုံးစွဲနိုင်သည့်မူဝါဒများကို ချမှတ်ထားပေးရန်။
- တိုင်းရင်းသားအများစုနေထိုင်သည့်နေရာဒေသတွင် တိုင်းရင်းသားများ လိုလားခြင်းမရှိသော ရုပ်ထုများအား စိုက်ထူခြင်းရပ်တန့်ရန်၊ မြန်မာ့သမိုင်းတွင်ရှိသည့် လူပုဂ္ဂိုလ်နာမည်များကိုအသုံးပြု၍ တိုင်းရင်းသားများအသုံးပြုသည့်လမ်း၊ တံတားစသည့်အရာများအား နာမည်ကင်ပွန်းတပ်ခေါ်ဆိုခြင်းအား ရပ်တန့်ရန်နှင့် ရုပ်ထုများအားစိုက်ထူခြင်းနှင့် လမ်း၊ တံတားစသည့်အရာများအား နာမည်ကင်ပွန်းတပ်ခေါ်ဆိုခြင်းအား တိုင်းရင်းသားများကိုသာ ဆုံးဖြတ်ပိုင်ခွင့်ပေးရန်။
- တိုင်းရင်းသားများနယ်မြေဒေသတွင် ဗမာရိုးရာယဉ်ကျေးမှု သို့မဟုတ် သမိုင်းနှင့်ပတ်သတ်ပြီး ကျင်းပပြုလုပ်သည့်အရာများအား ဆန့်ကျင်၍ ငြိမ်းချမ်းစွာဆန္ဒပြနေသော တိုင်းရင်းသားများအပေါ် အကြမ်းဖက်ခြင်း မပြုရန်။

- အများပြည်သူရှေ့တွင် တိုင်းရင်းသားများမှ ၎င်းတို့လေးစားတန်ဖိုးထားသော သမိုင်းတွင်မှတ်ကျောက်တင်သည့် လူပုဂ္ဂိုလ်များအား ချီးမွမ်းဂုဏ်ပြုခွင့်များပေးရန်။ ထို့ပြင် ၎င်းတို့လေးစားမြတ်နိုးသည့်လူပုဂ္ဂိုလ်များအား ရုပ်ထုပြုလုပ်၍စိုက်ထူခြင်း သို့မဟုတ် အောက်မေ့ဖွယ်အခမ်းအနားများကျင်းပရာတွင် လုံခြုံရေးတပ်ဖွဲ့ သို့မဟုတ် မြန်မာအစိုးရအာဏာပိုင်များမှ နှောက်ယှက်ခြင်းများမပြုလုပ်ရန်။

*ဘာသာစကားနှင့်ပညာရေး*

- ဗမာကိုဗဟိုပြုသော နိုင်ငံ့သမိုင်းသင်ရိုးညွှန်းတမ်းမှ နိုင်ငံတွင်းရှိ အခြားလူမျိုးစုများ၏ အတွေ့အကြုံနှင့် မတူကွဲပြားမှုများကို ထင်ဟပ်စေမည့်သင်ရိုးအဖြစ်သို့ပြောင်းရန်အတွက် သက်ဆိုင်ရာလူမျိုးစုများနှင့်တွေ့ဆုံ ဆွေးနွေးရန်။
- ပြည်နယ်နှင့်တိုင်းဒေသများအတွင်းရှိလူမျိုးကွဲပြားမှုများကိုထင်ဟပ်စေမည့်ပညာရေးစနစ်များပေါ်ထွက်လာရန်အတွက် သင်ရိုးညွှန်းတမ်းများရေးဆွဲရာတွင် ဒေသတွင်းရှိလူမျိုးစုအားလုံး၏ကိုယ်စားလှယ်များကို ပါဝင်စေရန်။
- အစိုးရကျောင်းများတွင် တိုင်းရင်းသားဘာသာစကားသင်ကြားမည့်အချိန်များတိုးပေးရန်၊ တိုင်းရင်းသားဒေသတွင်းရှိကျောင်းများတွင် တိုင်းရင်းသားဘာသာစကားသင်ကြားခွင့်နှင့်ပတ်သက်ပြီး ဥပဒေနှင့်မူဝါဒများတစ်ပြေးညီ ချမှတ်အသုံးပြုနိုင်ရေးအား သေချာစေရန်အတွက် စောင့်ကြည့် ကြီးကြပ်ရန်။
- တိုင်းရင်းသားလူမျိုးစုများ၏ဒေသများတွင်ရှိသောအစိုးရကျောင်းများတွင် ဒေသခံဘာသာစကားများကို ကျောင်းတွင်အသုံးပြုသည့်ဘာသာစကားဖြစ်လာအောင်မြှင့်တင်ပေးနိုင်ရန်အတွက် တိုင်းရင်းသားဆရာ၊ ဆရာမများအား ရာထူးအပြည့်အဝဖြင့် တိုးချဲ့ခန့်အပ်ရန်။
- နိုင်ငံတစ်ဝှမ်းလုံး (အထူးသဖြင့်လူမျိုး၊ ဘာသာစကားကွဲပြားသောဒေသများ) တွင်ရှိသော ကျောင်းသားများမှ ၎င်းတို့၏လူမျိုးအလျောက်တိုင်းရင်းသားဘာသာရပ်များသင်ယူခြင်းမှ အကျိုးကျေးဇူးများရရှိနိုင်ရန်အတွက် ဗျူဟာများချမှတ်ရန်။
- တိုင်းရင်းသားပညာရေးစနစ်များနှင့် ပူးပေါင်းလုပ်ဆောင်ပြီး ၎င်းတို့၏တိုင်းရင်းသားပညာရေးစနစ်နှင့် ထောက်ခံချက်များကို အသိအမှတ်ပြုရန်

အောက်ပါအကြံပြုချက်များသည် ကရင်အမျိုးသားအစည်းအရုံး (KNU) ထံသို့ပေးသော အကြံပြုချက်များဖြစ်သည်။

*ခွဲခြားဆက်ဆံမှုမရှိစေရေးနှင့် အားလုံးပါဝင်မှုရှိရေး*

- မြန်မာပြည်အရှေ့တောင်ပိုင်းရှိ မွတ်စလင်အသိုက်အဝန်းများရင်ဆိုင်နေရသော စနစ်တကျခွဲခြားဆက်ဆံခံရမှုနှင့် ပစ်ပယ်ခံရမှုများကိုဖြေရှင်းနိုင်ရန်မူဝါဒများ အကောင်အထည်ဖော် ရေးဆွဲပြဋ္ဌာန်းထားရန်။
- ကရင်မဟုတ်သောလူမျိုးစုများကိုလည်း ဆုံးဖြတ်ချက်ချရေးအဆင့်များနှင့် တိုင်းရင်းသားအားလုံး၏ ကြင်အင်လက္ခဏာများအား ပြည့်ဝစွာဖော်ပြရာတွင် ညီတူညီမျှပါဝင်လုပ်ဆောင်နိုင်ရေးအား မြှင့်တင်ပေးရန်။

## ဓာတ်ပုံ - အရှေ့မျက်နှာဖုံးနှင့် အနောက်မျက်နှာဖုံး

### အရှေ့မျက်နှာဖုံး

ဤပုံကို ၂၀၂၀ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင် မူတြော်ခရိုင်၊ လူသောမြို့နယ်၊ ပေကေးအုပ်စု၊ ဒေးဘူးနိရွာတွင် ရိုက်ယူခဲ့ပါသည်။ ထိုနေ့တွင် အနီးအနားရွာများရှိ လူဦးရေ ၁၀၀၀ ကျော်မှ ဒေးဘူးနိ အမှတ် (၁) အထက်တန်းကျောင်းတွင်ကျင်းပသည့် ကရင်အမျိုးသားနေ့ကို တက်ရောက်ခဲ့သောပုံ ဖြစ်သည်။

### အနောက်မျက်နှာဖုံး

ဤပုံကို ၂၀၁၆ ခုနှစ်၊ မေလ ၁၂ ရက်နေ့ တောအူးခရိုင်၊ ရေတာရှည်မြို့နယ်၊ ရေတာရှည်လေး ကျေးရွာအုပ်စု၊ သစ်ချဆိပ်ရွာတွင် ရိုက်ယူခဲ့ခြင်းဖြစ်သည်။ ဤပုံတွင်ရွာသားများ၏အိမ်ရှေ့တွင် စိုက်ထူ ထားသော ဆိုင်းဘုတ်တစ်ခုကို ဖော်ပြထားပါသည်။ ထိုဆိုင်းဘုတ်တွင် မွတ်စလင်များကိုဆန့်ကျင် သည့်စည်းကမ်းချက်များကို ဖော်ပြထားသည်။ ထိုဆိုင်းဘုတ်၏ခေါင်းစဉ်မှာ အစ္စလာမ်ကင်းစင်နယ်မြေ ဖြစ်သည်ဟု ဆိုသည်။ ထိုဆိုင်းဘုတ်တွင် မွတ်စလင်များအပေါ် ဆန့်ကျင်သည့် စည်းကမ်း (၃)ချက်ရေး ထားပြီး နယ်ခံဗုဒ္ဓဘာသာဝင်များက လိုက်နာရမည်ဟုဆိုသည်။

(၁) အစ္စလာမ်ဘာသာများ ညအိပ်ခွင့် မပြု။
(၂) အစ္စလာမ်ဘာသာများကို အိမ်ခြံမြေ ရောင်း/ဝယ်ငှားရမ်းခြင်း ခွင့်မပြု။
(၃) အစ္စလာမ်ဘာသာ ဝင်များနှင့် လက်ထပ်ထိမ်းမြားခြင်း ခွင့်မပြု။

အချို့ရွာသားများက ထိုဆိုင်းဘုတ်ပါအချက်များနှင့် သဘောထားမကိုက်ညီဟုပြောကြသော်လည်း ၎င်းတို့အပေါ်တွင် တစုံတရာဖြစ်မည်စိုးရိမ်ကြသောကြောင့် ထိုဆိုင်းဘုတ်ကို မဖြုတ်ကြပေ။ ထိုဆိုင်း ဘုတ်ကို ဒေသခံဘုန်းကြီးတစ်ပါးမှ စိုက်ထူထားသည်ဟု ပြောကြသည်။

*(ကိုးကားထားသည့်ဓာတ်ပုံများမှလွဲ၍ ကျန်ပုံအားလုံးမှာ ကရင်လူ့အခွင့်အရေးအဖွဲ့၏ ပုံများဖြစ်သည်။)*